မြန်မာ့အလင်း

၁၉၁၄ ခုနှစ်ကတည်ထောင်သည်။
Established 1914

၁၃၆၉ ခုနှစ်၊ ပြာသိုလဆန်း ၈ ရက်၊ ၂၀၀၈ခုနှစ်၊ ဇန်နဝါရီ ၁၅ ရက်၊ အင်္ဂါနေ့၊ အတွဲ (၄၇)၊ အမှတ် (၁၀၇)

ခစ်မှန်သော မျိုးချစ်စိတ်ဓာတ်

* ပြည်ထောင်စု၏ မည်သည့်နေရာဒေသတွင် နေထိုင်သည် ဖြစ်စေ ခိုင်မြဲသည့် ပြည်ထောင်စုစိတ်ဓာတ်ထားရှိ မွေးမြူသွားကြရန် အလွန်အရေးကြီးသည်။
* ပြည်ထောင်စုစိတ်ဓာတ်သည်သာလျှင် တိုင်းရင်းသားအားလုံး ထာဝစဉ် ထိန်းသိမ်း စောင့်ရှောက်သွားရမည့် စစ်မှန်သော မျိုးချစ်စိတ်ဓာတ်ဖြစ်သည်။

ဒုတိယဗိုလ်ချုပ်ကြီးမြင့်ဆွေ ရန်ကုန်မြောက်ပိုင်းခရိုင်ရှိ မြစ်ရေတင်စီမံကိန်းများ ကြည့်ရှုစစ်ဆေး နွေစပါးသတ်မှတ်ဧကထက် ကျော်လွန်စွာစိုက်ပျိုးနိုင်ရန် ရေအပြည့်အဝပေးရေး မှာကြား

ရန်ကုန် ဇန်နဝါရီ ၁၄

ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးမြင့်ဆွေသည် ယနေ့မွန်းလွဲပိုင်းတွင် ရန်ကုန်မြောက်ပိုင်းခရိုင်အတွင်းရှိ ရန်ကုန်မြို့တော် ရေပေးဝေရေးစီမံကိန်း(ငမိုးရိပ်)၊ လှျပ်စစ်မြစ်ရေတင်စီမံကိန်းများ၊ ငမိုးရိပ်ရေထိန်းတံခါးစီမံကိန်းနှင့် ရွာသာကြီးဘူတာအဆင့်မြှင့်တင်ရေးစီမံကိန်းများကို လှည့်လည်ကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များကို ပေါင်းစပ်ညှိနှိုင်းဖြည့်ဆည်းဆောင်ရွက်ပေးသည်။

ရှင်းလင်းတင်ပြ

ရှေးဦးစွာ ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးမြင့်ဆွေသည် ရန်ကုန်တိုင်းအေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ရန်ကုန်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်လှဋ္ဌေးဝင်း၊ ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီအတွင်းရေးမှူး ဦးအောင်သန်းဝင်းနှင့် ဌာနဆိုင်ရာ အကြီးအကဲများ လိုက်ပါလျက် မွန်းလွဲ ၁နာရီတွင် ရန်ကုန်မြောက်ပိုင်းခရိုင် မှော်ဘီမြို့နယ် ညောင်နှစ်ပင်ကျေးရွာရှိ ရန်ကုန်မြို့တော် ရေပေးဝေရေးစီမံကိန်း(ငမိုးရိပ်) ရေသန့်စင်စက်ရုံသို့ ရောက်ရှိရာ ရှင်းလင်းဆောင်၌ ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီ တွဲဖက်အတွင်းရေးမှူးဦးကျော်စိုးက စီမံကိန်းဆိုင်ရာ အချက်အလက်များ၊ လက်ရှိရေပေးဝေမှု၊ မြို့နယ်များရှိ ရပ်ကွက်အလိုက် ရပ်မိရပ်ဖများ၊ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းနှင့် ရပ်ကွက်နေ ပြည်သူများပူးပေါင်း၍ ရေဖြန့်ဝေမှုအစီအစဉ်များ၊

စာမျက်နှာ ၈ ကော်လံ ၅ ✻

ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးမြင့်ဆွေ ရန်ကုန်မြို့တော် ရေပေးဝေရေး စီမံကိန်း(ငမိုးရိပ်)တွင် ကြည့်ရှုစစ်ဆေးစဉ်။ (သတင်းစဉ်)

မြန်မာ့အလင်း

အင်တာနက် ကျန်းမာရေး

ပြောင်းဖူးစေ့ စားသုံးလျှင် အူမကြီးကင်ဆာဖြစ်ပွားမှု လျော့ကျနိုင်

ပြောင်းဖူးသည် ချိုပြီးဆိမ့်သောအရသာရှိသည်။ အနည်းငယ်ဖန်သည့်အရသာလည်း ရှိသည်။ ပြောင်းဖူးကို တစ်နှစ်ပတ်လုံးထွက်ရှိအောင် သုတေသနပညာရှင်များက ကြိုးစားလျက်ရှိသည်။

ပါဝင်

ပြောင်းဖူးစေ့တွင် ဗီတာမင်ဘီ-၁၊ ဗီတာမင်စီ၊ မင်းဂနိစ်၊ ဗီတာမင်ဘီ-၅၊ အမျှင်ဓာတ်နှင့် ကယ်လိုရီဓာတ်များ ပါဝင်သည်။ အများဆုံးပါဝင်သည့်ဓာတ်မှာ ဗီတာမင်ဘီ-၁ ဖြစ်ပြီး ၅၀ ရာခိုင်နှုန်းပါဝင်သည်။

ကာကွယ်ပေး

ပြောင်းဖူးစေ့ကို သတ်မှတ်အချိုးအစားအတိုင်း စားသုံးပါက သွေးကလာပ်စည်းများ ပျက်စီးမှုကို ကာကွယ်ပေးနိုင်သည့်အပြင် နှလုံးရောဂါဖြစ်ပွားမှုမှလည်း ကာကွယ်ပေးနိုင်သည်။

ထို့အပြင် ပြောင်းဖူးစေ့ကို ပုံမှန်စားသုံးသူများသည် အူမကြီးကင်ဆာဖြစ်ပွားမှု လျော့ကျစေနိုင်သည့်အပြင် ခန္ဓာကိုယ်တွင်း အဆိပ်ဓာတ်များကိုလည်း သန့်စင်ပေးနိုင်သည်။

ဖြစ်ပွားမှုနည်း

ပြောင်းဖူးစေ့ကို ပုံမှန်စားသုံးသူ ၂၇၀၀ ကို သုတေသနပြုလေ့လာခဲ့ရာ ၎င်းတို့သည် အူမကြီးကင်ဆာဖြစ်ပွားမှုနည်းကြောင်း တွေ့ရှိရသည်ဟု ဗြိတိသျှသုတေသနပညာရှင်များက ပြောကြားသည်။

သတင်းနှင့်ဆောင်းပါးအညွှန်း

❐ အိန္ဒိယဝန်ကြီးချုပ် မန်မိုဟန်ဆင်း တရုတ်နိုင်ငံသို့ သွားရောက်လည်ပတ် — စာ -၄

❐ တောင်ကိုရီးယားဂြိုဟ်တု သက်တမ်းကုန်ဆုံးပြီး အဆက်အသွယ်ပြတ်တောက် — စာ - ၅

❐ ဒုစရိုက်နယ်တွင်း သက်ဆင်းမိခဲ့သူ — နိုင်ငံတကာမှုခင်း စာ - ၆

❐ ရွှေကမ္ဘာလုံးရုပ်ရှင်အကောင်းဆုံးဆုများ ထုတ်ပြန် — စာ - ၇

❐ ငါးရှဉ့်ပို့ကုန်များ ပြည်ပသို့တင်ပို့ခြင်းဖြင့် နိုင်ငံခြားဝင်ငွေ တိုးမြှင့်ရှာဖွေ — မြင့်မောင်စိုး၏ သတင်းဆောင်းပါး စာ - ၁၁

နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေပေါ်ပေါက်ရေးသည်မြန်မာနိုင်ငံသားအားလုံး၏တာဝန်ဖြစ်သည်။

15-1 (01) 1 1/15/08, 2:22 AM

မြန်မာ့အလင်း
၁၉၁၄ ခုနှစ်ကတည်ထောင်သည်။ Established 1914

အယ်ဒီတာ့ အာဘော်

(၂၀၀၈ ခုနှစ်၊ ဇန်နဝါရီ ၁၅ ရက်)

မျက်စိဝေဒနာရှင်များ အမြင်အာရုံရရှိရေး ပြည်သူများ ပူးပေါင်းပါဝင်မှု ထိရောက်အောင်မြင်

သက်ရှိလူသားများအတွက် စက္ခုအမြင်အာရုံသည် လွန်စွာအရေးပါလျက်ရှိသည်။ မျက်စိနှစ်ကွင်း အလင်းမရနိုင်သူများသည် ဘဝတွင် ခက်ခဲစွာ ရပ်တည်ကြရသည်။

ယခုအခါ ကမ္ဘာပေါ်တွင် မျက်စိကွယ်နေသူ ၄၅သန်းကျော်ရှိနေသည်။

မျက်မမြင်များအနက် ကုသ၍ရရှိနိုင်သူများအား အမြင်အာရုံပြန်လည်ရရှိစေရေး အလေးထား ဆောင်ရွက်ပေးလျက်ရှိသည်။ ယခင်က မြန်မာနိုင်ငံအလယ်ပိုင်း၌ အဖြစ်များခဲ့သော မျက်ခမ်းစပ်ရောဂါသည် မျက်စိကွယ်စေသော အကြောင်းရင်းတစ်ရပ်အဖြစ် တွေ့ရသည်။ နိုင်ငံတစ်ဝန်း မျက်ခမ်းစပ်နှင့် မျက်မမြင်ကာကွယ်ရေးဌာနများကို ဖွင့်လှစ်ပြီး ရောဂါတိုက်ဖျက်ရေးလုပ်ငန်းများ ဆောင်ရွက်လျက်ရှိရာ မျက်ခမ်းစပ်ရောဂါသည် ပပျောက်လုနီးပါး အခြေအနေအထိ ရောက်ရှိနေပြီ ဖြစ်သည်။

ယနေ့အချိန်အခါတွင် အမြင်အာရုံကိုကွယ်စေသော အဓိကရောဂါများဖြစ်သည့် အတွင်းတိမ်၊ ရေတိမ်၊ အပြင်တိမ်ဖြစ်ပွားသူများကို ခွဲစိတ်ကုသပေးလျက်ရှိသည်။ မျက်စိအထူးကုဆရာဝန်ကြီးများအဖွဲ့သည် မြင်းခြံမြို့၊ ချောက်မြို့၊ မိတ္ထီလာမြို့၊ မုံရွာမြို့နှင့် စဉ့်ကိုင်မြို့တို့အပြင် ရခိုင်ပြည်နယ် သံတွဲမြို့နယ်နှင့် တောင်ကုတ်မြို့နယ်များရှိ မျက်စိဝေဒနာရှင်များအား အခမဲ့ကြည့်ရှု ခွဲစိတ်ကုသမှုပေးခဲ့သည်။

သို့ဖြစ်ရာ မျက်စိဝေဒနာရှင်များအား အမြင်အာရုံရရှိရေး ဖော်ဆောင်ပေးရာတွင် ကျန်းမာရေးဝန်ကြီးဌာနနှင့် အတူ လူမှုရေးအဖွဲ့အစည်းများ၊ စေတနာရှင်ပြည်သူများ ပူးပေါင်းပါဝင် ပံ့ပိုးကူညီခြင်းဖြင့် မျက်စိနှစ်ကွင်း အလင်းရရှိရေးလုပ်ငန်းများ ပိုမိုထိရောက် အောင်မြင်မှုရရှိလာမည် ဖြစ်ပေသည်။ ။

ပြည်သူ့သဘောထား

- ✳ ပြည်ပအားကိုး ပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
- ✳ နိုင်ငံတော် တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော် တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
- ✳ နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက် နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။
- ✳ ပြည်တွင်းပြည်ပ အဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

မိုးကုတ်ဝိပဿနာအဖွဲ့ချုပ်

လေးထပ်ဘောဇနဆောင်အတွက် ဆက်လက်လှူဒါန်း

ရန်ကုန် ဇန်နဝါရီ ၁၄

ရန်ကုန်တိုင်း ဗဟန်းမြို့နယ် အမှတ် ၈၂ နတ်မောက်လမ်း မိုးကုတ်ဝိပဿနာအဖွဲ့ချုပ်ကြီးအတွင်း စုပေါင်းဆောင်ရွက် တည်ဆောက်လျက်ရှိသော လေးထပ် ဘောဇနဆောင်အတွက် ဦးမောင်ပို–ဒေါ်သွယ်သွယ်စိုး မိသားစု ဗဟန်းက ငွေကျပ်သုံးသိန်း၊ ဦးညိုဖုံဦး–ဒေါ်သိန်းညွန့် ၃၇လမ်း ကျောက်တံတားက ငွေကျပ်တစ်သိန်း၊ ဦးသက်ဝေ–ဒေါ်ခင်မိုးငြိမ်းမိသားစု တာမွေက ငွေကျပ်တစ်သိန်း၊ ဦးခိုင်ကျော်ဦး–ဒေါ်လှမိုးသူ ဗဟန်းက ငွေကျပ်တစ်သိန်း၊ ဒေါ်သန်းကျင် တာမွေက ငွေကျပ်တစ်သိန်း၊ ဦးသန်းထိုက်–ဒေါ်ပပလင်း သုဝဏ္ဏက ငွေကျပ်တစ်သိန်း၊ ဒုတိယရဲမှူးကြီး မော်လွင်ထွန်း(ငြိမ်း)–ဒေါ်ခင်မိမိ လှိုင်မြို့နယ်က ငွေကျပ်တစ်သိန်း၊ ကိုခင်ဇော်အောင်–မအေးအေးပြုံး လမ်းမတော်က ငွေကျပ်တစ်သိန်း၊ ဦးဌေးတင်နှင့်(ညီမ)ဒေါ်ခင်ဌေးမြင့် ဗဟန်းက ငွေကျပ် တစ်သိန်း၊ ကိုစိုးဝင်း–မမြင့်ဆွေ တာမွေက ငွေကျပ်တစ်သိန်းတို့ကို ပေးအပ်လှူဒါန်းကြသည်။

ဆက်သွယ်စုံစမ်းနိုင်

စုပေါင်း ဆောင်ရွက်နိုင်ရန် လှူဒါန်းလိုပါက ဖုန်း–၅၄၁၈၆၀သို့ ဆက်သွယ်စုံစမ်းနိုင်ကြောင်း သိရသည်။ (က–ပ)

မိုးမိတ်မြို့နယ်အသင်း

နှစ်ပတ်လည် စည်းဝေးမည်

ရန်ကုန် ဇန်နဝါရီ ၁၄

မိုးမိတ်မြို့နယ်အသင်း၏ တတိယအကြိမ်မြောက် နှစ်ပတ်လည်သင်းလုံးကျွတ် အစည်းအဝေးနှင့် ပညာရည်ချွန်ဆုပေးပွဲအခမ်းအနားကို ဇန်နဝါရီ ၂၀ရက် (တနင်္ဂနွေနေ့) နံနက်၉နာရီတွင် အမှတ် ၉၀ မင်းလမ်း ဆရာစံတောင်ရပ်ကွက် ဗဟန်းမြို့နယ်ရှိ သာသနာရာမိကကျောင်းတိုက်၌ ကျင်းပမည်ဖြစ်သည်။

ဆက်သွယ်လှူဒါန်းနိုင်

မြို့နယ်သူ မြို့နယ်သားအားလုံး မပျက်မကွက် တက်ရောက်ကြရန်နှင့် အလှူငွေများကို အမှုဆောင်များနှင့် ဦးဇင်ကိုလေးတို့သို့ ဆက်သွယ်လှူဒါန်းနိုင်ကြောင်း သိရသည်။

(က–ပ)

မြဝတီရုပ်မြင်သံကြား

၁၅–၁–၂၀၀၈
(အင်္ဂါနေ့)

နံနက်ပိုင်း

၇း၀၀ ၁။ မြဝတီအဖွင့်
၇း၀၅ ၂။ အဖွင့်သီချင်း
၇း၁၀ ၃။ မျိုးချစ်တပ်မတော်
၇း၂၀ ၄။ မြန်မာပြည်တစ်ဝန်း ရောင်စုံမှတ်တမ်း
၇း၃၀ ၅။ မြန်မာသံစဉ်ချိုနှားဝင်
၇း၄၅ ၆။ **မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊အက၊အရေး၊အတီး ပြိုင်ပွဲအစီအစဉ်**
၇း၅၀ ၇။ သာယာသီကြွေး ခေတ်ဆန်းတေး
၇း၅၅ ၈။ အမျိုးသားရေးတေးကဗျာ
၈း၀၀ ၉။ မြဝတီရုပ်မြင်သံကြားသတင်း
၈း၁၀ ၁၀။ အမျိုးသားရေးတေးကဗျာ

ညပိုင်း

၄း၀၀ ၁။ မြဝတီအဖွင့်
၄း၀၅ ၂။ အဖွင့်သီချင်း
၄း၁၀ ၃။ ချိုမြလက်သံငြိမ့်ညောင်းဟန်
၄း၁၅ ၄။ အလွမ်းတေးပန်းချီချစ်သူဆီ
၄း၃၅ ၅။ **မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊အက၊အရေး၊အတီး ပြိုင်ပွဲအစီအစဉ်**
၄း၅၅ ၆။ မျိုးချစ်တပ်မတော်
၅း၀၀ ၇။ မြန်မာသံစဉ်ချိုနှားဝင်
၅း၁၅ ၈။ မြဝတီရုပ်မြင်သံကြား မဂ္ဂဇင်းကဏ္ဍ
၅း၄၀ ၉။ သာယာသီကြွေး ခေတ်ဆန်းတေး
၆း၀၀ ၁၀။ မြဝတီရုပ်မြင်သံကြားသတင်း
၆း၁၀ ၁၁။ နိုင်ငံတကာသတင်း
၆း၂၀ ၁၂။ အမျိုးသားရေးတေးကဗျာ
၆း၃၅ ၁၃။ လျှပ်တစ်ပြက်
၇း၀၀ ၁၄။ ရသစုံလင်ရုပ်မြင်ဇာတ်လမ်း **ပုံရိပ်ပမာ** (အပိုင်း–၆၂)
၈း၀၀ ၁၅။ မြဝတီရုပ်မြင်သံကြားသတင်း
၁၆။ မိုးလေဝသသတင်း
၁၇။ အမျိုးသားရေးတေးကဗျာ
၁၈။ မွေးမြူသုတ
၁၉။ ယနေ့ညအတွက် မြဝတီ၏တေးလက်ဆောင်
၂၀။ ရသစုံလင်ရုပ်မြင်ဇာတ်လမ်း **ပြည်ချစ်သူရဲကောင်း** (အပိုင်း–၂၄)

တာချီလိတ်နယ်စပ်ကုန်သွယ်ရေးစခန်း ကုန်သွယ်မှုမြှင့်တင်ရေး စည်းဝေး

ရန်ကုန် ဇန်နဝါရီ ၁၄

စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန နယ်စပ်ကုန်သွယ်ရေး ဦးစီးဌာန တာချီလိတ်မြို့ နယ်စပ်ကုန်သွယ်ရေးစခန်း၏ ကုန်သွယ်မှုမြှင့်တင်ရေးအစည်းအဝေး (၁/၂၀၀၈)ကို ဇန်နဝါရီ၇ရက် နံနက် ၁၀နာရီက တာချီလိတ်ခရိုင် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံး အစည်းအဝေးခန်းမ၌ ကျင်းပရာ ဌာနဆိုင်ရာတာဝန်ရှိပုဂ္ဂိုလ်များ၊ ကုန်သည်ကြီးများနှင့် ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

ရှင်းလင်းတင်ပြ

ရှေးဦးစွာ နယ်စပ်ကုန်သွယ်ရေးဦးစီးဌာန တာချီလိတ်စခန်းတာဝန်ခံ ညွှန်ကြားရေးမှူး ဦးမောင်မောင်ထွန်းက ကုန်သွယ်မှုမူဝါဒများကို ရှင်းလင်းဆွေးနွေးသည်။ ထို့နောက် အကောက်ခွန်ဦးစီးဌာန၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဦးစီးဌာန၊ မြန်မာ့စီးပွားရေးဘဏ်၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့၊ မြန်မာ့စိုက်ပျိုးရေးလုပ်ငန်းတို့မှ တာဝန်ရှိသူများက လုပ်ငန်းဆောင်ရွက်မှုအခြေအနေများကို ရှင်းလင်းတင်ပြကြသည်။

ဆွေးနွေးညှိနှိုင်း

ဆက်လက်၍ တာချီလိတ် နယ်စပ်ကုန်သည်ကြီးများအသင်းဥက္ကဋ္ဌ ဦးကြည်မြင့်နှင့် ကုန်သည်ကြီးများက နယ်စပ်ကုန်သွယ်ရေး လုပ်ငန်းများ ဆောင်ရွက်ရာတွင် တွေ့ကြုံရသည့် အခြေအနေများကို ရှင်းလင်းတင်ပြရာ တင်ပြချက်များအပေါ် စခန်းတာဝန်ခံ ညွှန်ကြားရေးမှူး ဦးမောင်မောင်ထွန်းက ပြန်လည်ဆွေးနွေး ညှိနှိုင်းသည်။ **(ဝ၁၆)**

ပေးအပ်လှူဒါန်း

အမှတ် ၃၂ ကိုင်းတန်းလမ်း လမ်းမတော်မြို့နယ်နေ ဦးကျင်မောင်–ဒေါ်စိန်စိန် မိသားစုက ဗဟန်းမြို့နယ် ဇီဝိတဒါန သံဃာ့ဆေးရုံကြီးသို့ သံဃာတော်နှင့် သီလရှင်များအတွက် တစ်နေ့တာဆွမ်း အလှူငွေကျပ် သုံးသိန်း ပေးအပ်လှူဒါန်းရာ ဆေးရုံအုပ်ချုပ်ရေးအဖွဲ့ အဖွဲ့ဝင်ဦးတင်မောင်ဝင်း လက်ခံယူစဉ်။ (က–ပ)

ဇန်နဝါရီ၃ရက်က ဗိုလ်တထောင်မြို့နယ် အမှတ်(၅) အခြေခံပညာ အထက်တန်းကျောင်း ၂၀၀၇–၂၀၀၈ ပညာသင်နှစ် ပညာရေး စုံညီပွဲတော် အခမ်းအနားတွင် ကျောင်းအုပ် ဆရာမကြီး ဒေါက်တာနန်းထိုက်အောင်က ဆုရကျောင်းသူတစ်ဦးအား ဆုချီးမြှင့်စဉ်။

(က–ပ)

အထက(၂) ကျောင်းသားကျောင်းသူဟောင်းများ၏ (၁၉)ကြိမ်မြောက် အာစရိယပူဇော်ပွဲ

ရန်ကုန် ဇန်နဝါရီ ၁၄

နှစ်စဉ်ကျင်းပမြဲဖြစ်သော အထက(၂) ဒဂုံ ကျောင်းသား ကျောင်းသူဟောင်းများ၏ (၁၉)ကြိမ်မြောက် အာစရိယပူဇော်ပွဲကို ဇန်နဝါရီ၂၇ ရက် (တနင်္ဂနွေနေ့)တွင် ကျင်းပမည်ဖြစ်သည်။ ကျောင်းသား ကျောင်းသူဟောင်းများအားလုံး တက်ရောက်ကြရန်နှင့် အလှူငွေများကို အောင်မိုးသိန်း(၁၉၉၇)ဖုန်း-၀၉-၈၉၂၇၀၂၁၊ ၃၈၀၆၄၂၊ ၂၂၇၁၈၃၊ မဆွေမျိုးမြင့် (၁၉၈၀) ဖုန်း-၅၇၇၄၀၉၊ ဒေါက်တာအောင်ကျော်လင်း၊ မစပါယ်(၁၉၈၃-၁၉၈၅) ဖုန်း-၂၂၄၇၄၄၊ မစန်းစန်းဝင်း(၁၉၈၅) ဖုန်း-၃၈၃၇၃၇၊ ဒေါက်တာလှလှချို(၁၉၈၆) ဖုန်း-၀၉-၅၁၅၉၁၇၀၊ တင်ရည်ရည်ဦး(၁၉၈၈) ဖုန်း-၅၂၄၃၀၀၊ ဗညားကောနန်(၁၉၉၀) ဖုန်း-၀၉-၈၀၃၀၇၇၈၊ အောင်လင်းမြင့် (၁၉၉၀) ဖုန်း-၀၉- ၅၁၈၉၁၃၂၊ သူရ (မြို့မခင် ယပ်တောင်) (၁၉၉၅) ဖုန်း-၅၃၆၁၄၃ နှင့် ကျော်မင်းဟန် (၁၉၉၉) ဖုန်း-၀၉-၅၁၃၅၆၉၃ တို့သို့ ဆက်သွယ်လှူဒါန်းနိုင်ကြောင်း သိရသည်။ **(က-ပ)**

မကောင်းသောအမှု မပြုပါနှင့်

ကိစ္စအမှုတစ်ခုခုကို ပြုလုပ်မိပြီးသော် စိုးရိမ်ပူပန်နောင်တရ၏။

ထိုအမှု၏ ဆိုးကျိုးကိုလည်း မျက်ရည်စက်လက် ငိုကြွေးခံစားရ၏။

ထိုအမှုကို မကောင်းမှုဟု မှတ်ယူရာ၏။

(ဓမ္မပဒ ၆၇)

တတိယအကြိမ် အာဆီယံနှင့် အာဆီယံ+၃ ယဉ်ကျေးမှုနှင့် အနုပညာဆိုင်ရာ ဝန်ကြီးများအစည်းအဝေးနှင့်စပ်လျဉ်းသည့် သတင်းစာရှင်းလင်းပွဲကျင်းပ

ရန်ကုန် ဇန်နဝါရီ ၁၄

မြန်မာနိုင်ငံက အိမ်ရှင်နိုင်ငံအဖြစ် လက်ခံကျင်းပသည့် တတိယအကြိမ် အာဆီယံနှင့် အာဆီယံ+၃ ယဉ်ကျေးမှုနှင့် အနုပညာဆိုင်ရာဝန်ကြီးများ အစည်းအဝေးနှင့် စပ်လျဉ်းသည့် သတင်းစာရှင်းလင်းပွဲကို ယနေ့နံနက် ၉ နာရီက ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်ရှိ အထူးဧည့်ခန်းမဆောင်၌ ကျင်းပသည်။

အဆိုပါ သတင်းစာရှင်းလင်းပွဲသို့ ယဉ်ကျေးမှုဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်ခင်အောင်မြင့်၊ အာဆီယံနှင့် အာဆီယံ+၃ နိုင်ငံများမှ ယဉ်ကျေးမှုနှင့် အနုပညာဆိုင်ရာ ဝန်ကြီးများ၊ ဒုတိယ ဝန်ကြီးများ၊ အဆင့်မြင့်အရာရှိကြီးများ၊ အာဆီယံအတွင်းရေးမှူးချုပ်၊ ယဉ်ကျေးမှု ဝန်ကြီးဌာနမှ တာဝန်ရှိသူများ၊ ပြန်ကြားရေးဝန်ကြီးဌာန သတင်းနှင့် ပြန်ကြားရေးဆိုင်ရာ ပုဂ္ဂိုလ်များနှင့် မြန်မာနိုင်ငံ နိုင်ငံခြားသတင်းထောက် အသင်းမှ အသင်းဝင်သတင်းထောက်များ တက်ရောက်ကြသည်။

အစီအစဉ်အရ ယဉ်ကျေးမှုဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်ခင်အောင်မြင့်က တတိယအကြိမ် အာဆီယံနှင့် အာဆီယံ+၃ ယဉ်ကျေးမှုနှင့် အနုပညာဆိုင်ရာ ဝန်ကြီးများအစည်းအဝေးနှင့် စပ်လျဉ်း၍ ရှင်းလင်းပြောကြားရာတွင် ယနေ့ကျင်းပသည့် သတင်းစာရှင်းလင်းပွဲသည် ပြည်ထောင်စုမြန်မာနိုင်ငံတော် နေပြည်တော်၌ ၂၀၀၈ ခုနှစ် ဇန်နဝါရီ ၁၀ ရက်မှ ၁၄ ရက်အထိ ကျင်းပခဲ့သည့် တတိယအကြိမ်မြောက် အာဆီယံနိုင်ငံများမှ ယဉ်ကျေးမှုအနုပညာဝန်ကြီးများ၏ အစည်းအဝေးနှင့် တတိယ အကြိမ်မြောက် အာဆီယံ+၃ နိုင်ငံများမှ ယဉ်ကျေးမှုဝန်ကြီးများ၏ အစည်းအဝေးနှင့် စပ်လျဉ်းသည့် သတင်းစာရှင်းလင်းပွဲဖြစ်ကြောင်း။

အစည်းအဝေးများအနေဖြင့် ၂၀၀၈ ခုနှစ် ဇန်နဝါရီ၁၀ ရက်တွင် ပဥ္စမ အကြိမ်မြောက် အာဆီယံနိုင်ငံများမှ ယဉ်ကျေးမှုနှင့် အနုပညာဆိုင်ရာ အဆင့်မြင့်အရာရှိကြီးများ (SOMCA) အစည်းအဝေးကို ကျင်းပခဲ့ပြီး ဇန်နဝါရီ ၁၁ ရက်တွင် အာဆီယံ+၃ နိုင်ငံများ၏ SOMCA အစည်းအဝေးကို ကျင်းပခဲ့ကြောင်း၊ ဇန်နဝါရီ၁၂ ရက်တွင် တတိယ အကြိမ်မြောက် အာဆီယံနိုင်ငံများ၏ ယဉ်ကျေးမှုနှင့် အနုပညာဆိုင်ရာဝန်ကြီးများ၏ AMCA အစည်းအဝေးကို ကျင်းပခဲ့ကြောင်း၊ ဇန်နဝါရီ၁၃ ရက်တွင် အာဆီယံ+၃ နိုင်ငံများ၏ AMCA အစည်းအဝေးကို ဆက်လက် ကျင်းပခဲ့ကြောင်း။

သုံးသပ်ဆွေးနွေး

အဆင့်မြင့်အရာရှိကြီးများ အစည်းအဝေး SOMCA တွင် ကျင်းပပြီးစီးခဲ့သည့် အာဆီယံ အစည်းအဝေးများက ဆုံးဖြတ်ချက်များကို ပြန်လည်သုံးသပ်ခြင်း အစီအစဉ်အရ ၂၀၀၇ ခုနှစ် အောက်တိုဘာ ၂၂ ရက်တွင် အင်ဒိုနီးရှား သမ္မတနိုင်ငံ ဂျကာတာမြို့၌ရှိသည့် အာဆီယံ အတွင်းရေးမှူးချုပ်ရုံး၌ ကျင်းပခဲ့သည့် တတိယအကြိမ်မြောက် အာဆီယံလူမှု အသိုက်အဝန်း ပူးပေါင်းဆောင်ရွက်ရေးညီလာခံမှ ဆုံးဖြတ်ချက်များ၊ ၂၀၀၇ ခုနှစ် ဇွန် ၈ ရက်မှ ၁၀ ရက်အထိ မလေးရှားနိုင်ငံ ကွမ်တန်မြို့၌ ကျင်းပခဲ့သည့် (၄၂)ကြိမ်မြောက် အာဆီယံယဉ်ကျေးမှုနှင့် ပြန်ကြားရေး ကော်မတီ အစည်းအဝေးမှ ဆုံးဖြတ်ချက်များ၊ ၂၀၀၇ ခုနှစ် နိုဝင်ဘာ ၂၀ ရက်မှ ၂၁ ရက်အထိ ဘရူနိုင်းဒါရုဆလမ်နိုင်ငံ ဘန်ဒါဆရီဘီဂါဝမ်မြို့၌ ကျင်းပခဲ့သည့် (၉)ကြိမ်မြောက် အာဆီယံ ယဉ်ကျေးမှု ဆပ်ကော်မတီအစည်းအဝေးမှ ဆုံးဖြတ်ချက်များကို သုံးသပ်ဆွေးနွေးခဲ့ကြကြောင်း။

ပြန်လည်ဆွေးနွေး

ဆက်လက်၍ ကျင်းပပြီးစီးခဲ့သည့် SOMCA လုပ်ငန်းကော်မတီများ၏ ပထမအကြိမ် အစည်းအဝေးများမှ အစီရင်ခံတင်ပြချက်များနှင့် စပ်လျဉ်းပြီး ပြန်လည်သုံးသပ်ဆွေးနွေးကြရာတွင် ၂၀၀၇ ခုနှစ် မတ် ၇ ရက်မှ ၈ ရက်အထိ မလေးရှားနိုင်ငံ ပီနန်မြို့၌ ကျင်းပပြီးစီးခဲ့သည့် ယဉ်ကျေးမှုဆိုင်ရာ လူ့စွမ်းအားအရင်းအမြစ်များ ဖွံ့ဖြိုးတိုးတက်ရေး လုပ်ငန်းကော်မတီ ပထမအကြိမ် အစည်းအဝေး၊ ၂၀၀၇ ခုနှစ် မေ ၃၁ ရက်တွင် မြန်မာနိုင်ငံ မန္တလေးမြို့၌ ကျင်းပခဲ့သည့် အာဆီယံယဉ်ကျေးမှုအမွေအနှစ်များ ကွန်ရက်ဆိုင်ရာလုပ်ငန်းကော်မတီ ပထမအကြိမ်အစည်းအဝေး၊ ၂၀၀၇ ခုနှစ် ဩဂုတ် ၇ ရက်တွင် ဖိလစ်ပိုင်သမ္မတနိုင်ငံ မနီလာမြို့၌ ကျင်းပခဲ့သည့် အာဆီယံအသေးစားနှင့် အလတ်စား လက်မှုအနုပညာဆိုင်ရာ လုပ်ငန်းကော်မတီ ပထမအကြိမ် အစည်းအဝေးစသည့် လုပ်ငန်းကော်မတီသုံးရပ်၏ အစီရင်ခံ တင်ပြချက်များ၊ ဆုံးဖြတ်ချက်များကို ပြန်လည်သုံးသပ် ဆွေးနွေးခဲ့ကြကြောင်း။

ထို့နောက် အာဆီယံနှင့် ရုရှားဖက်ဒရေးရှင်းနိုင်ငံတို့အကြား ယဉ်ကျေးမှုဆိုင်ရာ ပူးပေါင်းဆောင်ရွက်ရေး သဘောတူစာချုပ် ချုပ်ဆိုရေးကိစ္စရပ်များကို ဆွေးနွေးကြပြီး ဆဋ္ဌမအကြိမ်မြောက် SOMCA အစည်းအဝေးကို ဖိလစ်ပိုင်သမ္မတနိုင်ငံ စီဘူးမြို့၌ ၂၀၁၀ ပြည့်နှစ် ဇန်နဝါရီလတွင် ကျင်းပရန် ဆုံးဖြတ်ခဲ့ကြကြောင်း။

ဆုံးဖြတ်ခဲ့

မြန်မာနိုင်ငံ၌ ဇန်နဝါရီ ၁၁ ရက်တွင် ယခုကျင်းပခဲ့သည့် အာဆီယံ+၃ SOMCA အစည်းအဝေး၌ ၂၀၀၇ ခုနှစ် မေ ၃၁ ရက်တွင် မြန်မာနိုင်ငံ မန္တလေးမြို့၌ကျင်းပခဲ့သည့် အာဆီယံ+၃ ယဉ်ကျေးမှုအမွေအနှစ် ထိန်းသိမ်းရေး ကွန်ရက် အစည်းအဝေးမှ အစီရင်ခံ တင်ပြချက်များကို ဝိုင်းဝန်းသုံးသပ် ဆွေးနွေးခဲ့ကြကြောင်း၊ ဆက်လက်၍ အာဆီယံနှင့် တရုတ်၊ ဂျပန်၊ ကိုရီးယားသမ္မတနိုင်ငံ အပေါင်း သုံးနိုင်ငံများ ပူးပေါင်းဆောင်ရွက်မည့် အစီအစဉ်များကို ညှိနှိုင်းကြပြီး စတုတ္ထအကြိမ်မြောက် အာဆီယံ+၃ SOMCA အစည်းအဝေးကို ၂၀၁၀ ပြည့်နှစ် ဇန်နဝါရီတွင် ဖိလစ်ပိုင်သမ္မတနိုင်ငံ စီဘူးမြို့၌ကျင်းပရန် ဆုံးဖြတ်ခဲ့ကြကြောင်း။

ဇန်နဝါရီ၁၂ ရက်တွင် ကျင်းပသည့် အာဆီယံယဉ်ကျေးမှုနှင့် အနုပညာဝန်ကြီးများ အစည်းအဝေးမှ အာဆီယံ AMCA ဝန်ကြီးများနှင့် အာဆီယံ အတွင်းရေးမှူးချုပ်တို့၏ အစည်းအဝေးနှင့်စပ်လျဉ်းသည့်သတင်းထုတ်ပြန်ရန် ကြေညာချက်များ(Press Statement) ကို ထုတ်ပြန်ခြင်း၊ ပဥ္စမ အကြိမ်မြောက် အာဆီယံ SOMCA အစည်းအဝေးတင်ပြချက်များ၊ ထိုင်းနိုင်ငံ၌ ကျင်းပခဲ့သည့် စတုတ္ထအကြိမ်မြောက် အာဆီယံ SOMCA အစည်းအဝေးမှ တင်ပြချက်များကို ဆွေးနွေးခြင်း၊ အာဆီယံ+၃ နိုင်ငံများအတွင်းမှ ယဉ်ကျေးမှု ထိန်းသိမ်းရေးလုပ်ငန်းများ ဆောင်ရွက်ရေးကိစ္စရပ်များ ရင်းနှီးပွင့်လင်းစွာ ဆွေးနွေးခြင်းများကို ဆောင်ရွက်ခဲ့ကြပြီး စတုတ္ထအကြိမ်မြောက် အာဆီယံ+၃ AMCA အစည်းအဝေးကို ကျင်းပမည့်အချိန်နှင့်

တတိယအကြိမ် အာဆီယံနှင့် အာဆီယံ+၃ ယဉ်ကျေးမှုနှင့် အနုပညာဆိုင်ရာ ဝန်ကြီးများအစည်းအဝေးနှင့်စပ်လျဉ်းသည့် သတင်းစာရှင်းလင်းပွဲ ကျင်းပစဉ်။ (သတင်းစဉ်)

နေရာတို့ကို သတ်မှတ်ဆုံးဖြတ်ခဲ့ကြကြောင်း။

သဘောတူဆုံးဖြတ်

အလားတူ ဇန်နဝါရီ ၁၃ ရက်တွင် ကျင်းပခဲ့သည့် အာဆီယံ+၃ နိုင်ငံများ၏ AMCA+3 အစည်းအဝေးတွင် သဘာပတိနှင့်တကွ အာဆီယံ+ ၃ နိုင်ငံများက ယခုကျင်းပမည့် အစည်းအဝေးနှင့်စပ်လျဉ်းသည့် ကြေညာချက်များ (Press Statement) ကို တင်ပြခဲ့ကြပြီး SOMCA+3 အစည်းအဝေးမှ အစီရင်ခံတင်ပြချက်များကို ဝိုင်းဝန်းဆွေးနွေးကြပြီး သဘောတူဆုံးဖြတ်ခဲ့ကြကြောင်း၊ ဆက်လက်ပြီး စတုတ္ထအကြိမ်မြောက် AMCA+3 အစည်းအဝေးကို ၂၀၁၀ ပြည့်နှစ် ဇန်နဝါရီလ တတိယပတ်နှင့် စတုတ္ထပတ်အတွင်းတွင် ဖိလစ်ပိုင်သမ္မတနိုင်ငံ စီဘူးမြို့၌ လက်ခံကျင်းပရန် သဘောတူ ဆုံးဖြတ်ခဲ့ကြကြောင်းနှင့် ယခု ကျင်းပသည့် SOMCA+3 နှင့် AMCA+3 အစည်းအဝေးများနှင့်စပ်လျဉ်းပြီး ထပ်မံသိလိုသည်များရှိပါက မေးမြန်းနိုင်ပါကြောင်းဖြင့် ရှင်းလင်းပြောကြားသည်။

ပြန်လည်ရှင်းလင်း

ထို့နောက် သတင်းစာရှင်းလင်းပွဲသို့ တက်ရောက်လာကြသော သတင်းထောက်များက သိလိုသည်များကို မေးမြန်းကြရာ ယဉ်ကျေးမှုဝန်ကြီးဌာနမှ တာဝန်ရှိသူနှင့် အာဆီယံ အတွင်းရေးမှူးချုပ်တို့က ပြန်လည်ရှင်းလင်းဖြေကြားကြပြီး သတင်းစာရှင်းလင်းပွဲကို ရုပ်သိမ်းလိုက်သည်။

သတင်းစာ ရှင်းလင်းပွဲအပြီးတွင် အာဆီယံနှင့် အာဆီယံ+၃ နိုင်ငံများမှ ဝန်ကြီးများ၊ ဒုတိယဝန်ကြီးများ၊ အဆင့်မြင့်အရာရှိကြီးများနှင့် အာဆီယံအတွင်းရေးမှူးချုပ်တို့သည် ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်မှ လေကြောင်းခရီးဖြင့် သက်ဆိုင်ရာနိုင်ငံအသီးသီးသို့ ပြန်လည်ထွက်ခွာသွားကြရာ ဝန်ကြီး ဗိုလ်ချုပ်ခင်အောင်မြင့်နှင့် တာဝန်ရှိသူများက ပို့ဆောင်နှုတ်ဆက်ကြသည်။ **(သတင်းစဉ်)**

မိုးကုတ်ဝိပဿနာတရား သင်တန်းဖွင့်မည်

ရန်ကုန် ဇန်နဝါရီ ၁၄

ရွှေတိဂုံဘုရား မြောက်ဘက်မုခ်ရှိ ပခုက္ကူဓမ္မာရုံကြီးတွင် (၂၂)ကြိမ်မြောက် မိုးကုတ်ဝိပဿနာတရားသင်တန်း၌ ဓမ္မကထိကဆရာကြီး ဦးစိန်ဝက ခန္ဓာဉာဏ်ရောက် ပဋိစ္စသမုပ္ပာဒ်နှင့် သစ္စာလေးပါးတရားတော်များကို ကျေးဇူးရှင် အဂ္ဂမဟာပဏ္ဍိတ မိုးကုတ်ဆရာတော်ကြီး၏ ဥပနိဿယအတိုင်း ဇန်နဝါရီ၁၉ ရက်မှ ၂၂ ရက်အထိ နေ့စဉ်မွန်းတည့်၁၂ နာရီမှ ညနေ ၄ နာရီအတွင်း ဟောပြောပို့ချမည်ဖြစ်ရာ မည်သူမဆို တက်ရောက်နာယူနိုင်သည်။ ထို့ပြင် အပတ်စဉ် တနင်္ဂနွေနေ့တိုင်း ဖွင့်လှစ်ထားသည့် လက်တွေ့ဝိပဿနာအထိုင်စခန်းကို နံနက် ၉ နာရီမှ ညနေ ၄ နာရီအတွင်း မည်သူမဆို လာရောက်အားထုတ်နိုင်ကြောင်း သိရသည်။ **(က-ပ)**

အမေရိကန်သမ္မတ အကြိုရွေးကောက်ပွဲ မဲဆွယ် လူမျိုးရေးဆိုင်ရာများဝေဖန်ပြောဆိုအငြင်းပွား

ဟီလာရီနှင့် အိုဘားမားတို့ အပြန်အလှန်ခွပ်ခဲ့

လာ့စ်ဗီးဂတ်စ် ဇန်နဝါရီ ၁၄

အမေရိကန်သမ္မတရွေးကောက်ပွဲအတွက် ဒီမိုကရက်တစ်ကိုယ်စားလှယ်နေရာတွင် ပြိုင်ဘက်များဖြစ်ကြသည့် ဟီလာရီကလင်တန်နှင့် အိုဘားမားတို့နှစ်ဦးသည် လူမျိုးရေးဆိုင်ရာအငြင်းပွားမှု၌ ဘတစ်ပြန် ကျားတစ်ပြန် ပြောဆိုငြင်းခုံနေကြသည်။

အကြိုမဲဆွယ်နေကြသည့် အမေရိကန်သမ္မတလောင်း အိုဘားမား (ဝဲ) **နှင့် အမေရိကန်သမ္မတလောင်း ဟီလာရီကလင်တန်**(ယာ)**တို့အား တွေ့ရစဉ်။** (အင်တာနက်ဓာတ်ပုံ)

လိုရာဆွဲ

မဲဆွယ်စဉ် လူ့အခွင့်အရေးနှင့်ပတ်သက်သည့် သူမ၏ ဝေဖန်ပြောဆိုချက်ကို အိုဘားမားတို့အုပ်စုက မဟုတ်မမှန် လိုရာဆွဲပြောနေသည်ဟု ဟီလာရီကလင်တန်က ပြောဆိုသည်။

လူမျိုးခွဲခြားမှုမရှိ၊ တန်းတူညီမျှရေး မာတင်လူသာကင်း၏ မျှော်မှန်းချက်မှာ ၁၉၆၄ခုနှစ် ပြည်သူများ ရပိုင်ခွင့်ဥပဒေကို သမ္မတလင်ဒန် ဂျွန်ဆင် လက်မှတ်ရေးထိုး အတည်ပြုလိုက်သည့်အခါမှသာ တကယ်စတင် ဖြစ်ပေါ်လာကြောင်း ဟီလာရီကလင်တန်က ပြောကြားခဲ့သည်။ ထိုစဉ် အီလီနွိုက်ပြည်နယ် အထက်လွှတ်တော်အမတ် အိုဘားမားသည် အီရတ်စစ်ပွဲဆန့်ကျင်ရေးအကြောင်း ယုံတမ်းစကားပြောနေသည်ဟု ဟီလာရီကလင်တန်က ပြောဆိုသည်။

ဝေဖန်

ကလင်တန်ဇနီးမောင်နှံတို့၏ ပြောစကားများကို လူမည်းခေါင်းဆောင်များက ဝေဖန်သည်။ ထို့ပြင် မာတင်လူသာကင်းဂျူနီယာနှင့် ပတ်သက်သည့် ဟီလာရီကလင်တန်၏ ပြောဆိုချက်များမှာ အမြော်အမြင်ကင်းမဲ့ကြောင်းဖြင့် အိုဘားမားက တနင်္ဂနွေနေ့၌ တုံ့ပြန်လိုက်သည်။

တုံ့ပြန်

ဟီလာရီကလင်တန်ကလည်း အိုဘားမား၏ မဲဆွယ်မှုမှာ ကိုယ်လိုရာဆွဲပြီး မဟုတ်မမှန်ပြောဆိုခြင်းဖြင့် နိုင်ငံရေးအမှတ်များ ရအောင်လုပ်နေကြောင်း တုံ့ပြန်လိုက်သည်။ လူမျိုးခွဲခြားမှုမရှိရေးမှာ လူမည်း မဲဆန္ဒရှင် ပြည်သူများအတွင်း အရေးပါသည့် သမိုင်းနှင့်ချီသော အကြောင်းအရာတစ်ခုဖြစ်သည်။ တစ်ဖက်နှင့်တစ်ဖက် ဤသို့ငြင်းခုံပြောဆိုမှုမှာ ဇန်နဝါရီ၂၆ ရက် တောင်ကာရိုလိုင်းနား အကြိုရွေးကောက်ပွဲပြီးသည့်တိုင် ပြီးဆုံးနိုင်မည်မဟုတ်ကြောင်း အင်တာနက်သတင်း၌ ဖော်ပြသည်။ **(အင်တာနက်)**

မြန်မာ့အလင်း

နိုင်ငံတကာ သတင်းများ

ပါကစ္စတန်တပ်များနှင့် စစ်သွေးကြွများတိုက်ပွဲဖြစ်ပွား ချုံခိုတိုက်ခိုက်ခံရ၍ တပ်ဖွဲ့ဝင်ခုနစ်ဦးသေဆုံး

အစ္စလမ္မာဘတ် ဇန်နဝါရီ ၁၄

ပါကစ္စတန်နိုင်ငံ အာဖဂန်နစ္စတန်နယ်စပ်၌ အစိုးရတပ်များနှင့် တာလီဘန်လိုလားသော စစ်သွေးကြွများနှင့် တိုက်ပွဲ ဖြစ်ပွားကြရာ အနည်းဆုံး ပါကစ္စတန်တပ်ဖွဲ့ဝင် ခုနစ်ဦးသေဆုံးသွားကြောင်း ပါကစ္စတန်စစ်ဘက်က ပြောကြားသည်။

ပြောကြား

ပါကစ္စတန် အနောက်မြောက်ပိုင်း၌ လွန်ခဲ့သောနှစ်မှစပြီး တာလီဘန်လိုလားသောစစ်သွေးကြွများက အရှိန်မြှင့် တိုက်ခိုက်လာကြောင်း စစ်ဘက်ပြောရေးဆိုခွင့်ရှိသူ ဗိုလ်ချုပ်ကြီးဝါဟီး အာဟတ်က အေအက်ဖ်ပီ သတင်းအေဂျင်စီသို့ ပြောကြားသည်။

ပြန်လည်တိုက်ခိုက်

စစ်သွေးကြွများသည် လုံခြုံရေးယာဉ်တန်းကို ချုံခိုတိုက်ခိုက်ကြောင်း၊ လုံခြုံရေးတပ်များက ဒေသခံများ၏ အကူအညီဖြင့် ပြန်လည်တိုက်ခိုက်ခဲ့ရာ စစ်သွေးကြွ ၂၃ဦး သေဆုံးသွားကြောင်း ဗိုလ်ချုပ်ကြီးက ဆက်လက်ပြောကြားသည်။

(အင်တာနက်)

အိန္ဒိယဝန်ကြီးချုပ် မန်မိုဟန်ဆင်း တရုတ်သို့ သွားရောက်လည်ပတ်

နယူးဒေလီ ဇန်နဝါရီ ၁၄

အိန္ဒိယဝန်ကြီးချုပ် မန်မိုဟန်ဆင်းသည် နှစ်နိုင်ငံဆက်ဆံရေး တိုးမြှင့်ဆောင်ရွက်ရန်ရည်ရွယ်၍ တရုတ်နိုင်ငံသို့ သုံးရက်ကြာ ချစ်ကြည်ရေးခရီး သွားရောက်လည်ပတ်ခဲ့ကြောင်း ဇန်နဝါရီ ၁၃ရက်က အင်တာနက်သတင်းတွင် ဖော်ပြသည်။

ဆွေးနွေး

မစ္စတာဆင်းသည် တရုတ်သမ္မတ ဟူကျင်တောင်နှင့် တွေ့ဆုံမည်ဖြစ်ပြီး ဝန်ကြီးချုပ် ဝမ်ကြားပေါင်၊ ကွန်မြူနစ်ပါတီ ဒုတိယအကြီးဆုံးပုဂ္ဂိုလ် ဝူဘန်ဂိုတို့နှင့်လည်း တွေ့ဆုံသည်။ ယင်းတို့သည် နယ်မြေအငြင်းပွားမှုပြဿနာများနှင့် နှစ်နိုင်ငံ ကုန်သွယ်မှုတိုးမြှင့်ရေးကိစ္စများ ဆွေးနွေးခဲ့ကြသည်။

လေ့ကျင့်

ဒီဇင်ဘာလက အဆိုပါ အင်အားကြီးနှစ်နိုင်ငံတို့သည် ပူးတွဲစစ်ရေးလေ့ကျင့်မှုများ ပြုလုပ်ခဲ့ကြသည်။ ယင်းစစ်ရေးလေ့ကျင့်မှုကို တရုတ်နိုင်ငံ ယူနန်ပြည်နယ် အနောက်တောင်ပိုင်း၌ ပြုလုပ်ခဲ့ကြသည်။

မစ္စတာဆင်း၏ တရုတ်နိုင်ငံခရီးစဉ်သည် ငါးနှစ်အတွင်း အိန္ဒိယဝန်ကြီးချုပ်တစ်ဦးအနေဖြင့် ပထမဆုံးအကြိမ်ဖြစ်သည်။

(အင်တာနက်)

တရုတ် ရေနံစိမ်းတင်သွင်းမှု စံချိန်တင်မြင့်တက်

ပေကျင်း ဇန်နဝါရီ ၁၄

တရုတ်နိုင်ငံ၏ ရေနံစိမ်းတင်သွင်းမှုသည် ၂၀၀၇ ခုနှစ်က ၁၂ ဒသမ ၄ ရာခိုင်နှုန်းမြင့်တက်ခဲ့ရာ တန်ချိန် ၆၃ ဒသမ ၁၇ သန်းရှိကြောင်း အကောက်ခွန် စာရင်းဇယားများတွင် ဖော်ပြသည်။

ဖော်ပြ

၂၀၀၆ ခုနှစ်က တရုတ်ရေနံစိမ်းတင်သွင်းမှုသည် တန်ချိန်သန်းပေါင်း ၁၃၈ ဒသမ ၈ သန်းအထိ ရှိခဲ့ကြောင်း၊ သို့ရာတွင် ယမန်နှစ်က တရုတ်နိုင်ငံ၏ ရေနံစိမ်းတင်ပို့မှုမှာ ၃၈ ဒသမ ၇ ရာခိုင်နှုန်း ကျဆင်းသွားကြောင်း အဆိုပါစာရင်းဇယားများ၌ ဖော်ပြသည်။

မြင့်မားနေဆဲ

သို့သော်တရုတ်နိုင်ငံ၏ ရေနံစိမ်းထုတ်လုပ်မှုမှာ ၂၀၀၇ ခုနှစ်က ရေနံစိမ်းတန်ချိန် ၁၈၇သန်း ထွက်ရှိခဲ့ရာ နှစ်ချင်းအလိုက် တိုးတက်မှုမှာ ၁ ဒသမ ၇ ရာခိုင်နှုန်း ရှိခဲ့သည်။ ပြည်တွင်း ရေနံစိမ်းထုတ်လုပ်မှု တိုးတက်ခဲ့သော်လည်း ပြည်ပမှ တင်သွင်းမှု မြင့်မားနေဆဲပင်ဖြစ်သည်။ **အမ်အင်န်အေ၊ဆင်ဟွာ**

ဥရောပသမဂ္ဂ ဥက္ကဋ္ဌရာထူး တိုနီဘလဲနှင့် မထိုက်တန် ပြင်သစ်ဆိုရှယ်လစ်ပါတီခေါင်းဆောင် ပြောကြား

ပါရီ ဇန်နဝါရီ ၁၄

ဗြိတိသျှဝန်ကြီးချုပ်ဟောင်း တိုနီဘလဲသည် ဥရောပသမဂ္ဂ၏ ပထမဆုံး ဥက္ကဋ္ဌဖြစ်လာနိုင်သည်ဆိုသောအချက်ကို ပြင်သစ်ဆိုရှယ်လစ်ပါတီ အတိုက်အခံခေါင်းဆောင်က တနင်္ဂနွေနေ့၌ ပယ်ချလိုက်သည်။

ပြင်သစ်အာဏာရပါတီ ယူအမ်ပါတီက တိုနီဘလဲသည် ယခုနှစ်ကုန်ပိုင်းတွင် နိုင်ငံပေါင်း၂၇နိုင်ငံ၏ ပထမဆုံးသော ဥရောပသမဂ္ဂဥက္ကဋ္ဌ ဖြစ်လာနိုင်သည်ဟု ဇန်နဝါရီ ၁၂ရက်၌ ပြောကြားသည်။

မသင့်လျော်

တိုနီဘလဲသည် အီရတ်ကို အမေရိကန် ဦးဆောင် ကျူးကျော်တိုက်ခိုက်ရာတွင် ထောက်ခံ အားပေးခဲ့သည့်အတွက် အဆိုပါရာထူးနှင့် မသင့်လျော်ကြောင်း ဆိုရှယ်လစ်ပါတီ အကြီးအကဲ ဖရန်ကော့စ် ဟော်လန်ဒီက ပြောကြားသည်။

တွေ့ဆုံမေးမြန်း

မိမိတို့အနေဖြင့် ယင်းရာထူးအတွက် ဥရောပနိုင်ငံရေးအသိုင်းအဝိုင်းမှ ပုဂ္ဂိုလ်တစ်ဦးဖြစ်သင့်ကြောင်း၊ တိုနီဘလဲသည် ဥရောပသမဂ္ဂ ပထမဆုံး ဥက္ကဋ္ဌရာထူးနှင့် မတန်ကြောင်း ဟော်လန်ဒီက ပြင်သစ်ရေဒီယိုနှင့် တွေ့ဆုံမေးမြန်းခန်း၌ ပြောကြားသည်။

အမ်အင်န်အေ၊ရိုက်တာ

သဘာဝဓာတ်ငွေ့များ ဖြတ်တောက်ခြင်းအပေါ် တာ့ခ်မင်နစ္စတန်အား အီရန်သတိပေး

တီဟီရန် ဇန်နဝါရီ ၁၄

လွန်ခဲ့သောသီတင်းနှစ်ပတ်က တာ့ခ်မင်နစ္စတန်နိုင်ငံသည် သဘာဝဓာတ်ငွေ့များ အိမ်နီးချင်းနိုင်ငံများသို့ ပေးပို့နေခြင်းကို ရပ်ဆိုင်းထားခဲ့ရာ အချိန်မီပြန်မပေးပို့နိုင်လျှင် သဘာဝဓာတ်ငွေ့များဝယ်ယူခြင်းကို ရပ်ဆိုင်းလိမ့်မည်ဖြစ်ကြောင်း အီရန်က တာ့ခ်မင်နစ္စတန်အား သတိပေးလိုက်သည်ကို ရေနံဝန်ကြီး နိဇာရီက ပြောကြားသည်။

တာ့ခ်မင်နစ္စတန်နိုင်ငံအနေဖြင့် အီရန်သို့ သဘာဝဓာတ်ငွေ့များ ရောင်းချရာတွင် ဈေးနှုန်းနှစ်ဆတိုး၍ လိုချင်နေကြောင်း နိဇာရီက အီရန်နိုင်ငံ၏ အရှေ့ဖျားသတင်းအေဂျင်စီသို့ ပြောကြားသည်။

ရပ်ဆိုင်းထား

တာ့ခ်မင်နစ္စတန်နိုင်ငံက အီရန်သို့ ပြီးခဲ့သည့်လကုန်ပိုင်းက တစ်နေ့လျှင် သဘာဝဓာတ်ငွေ့ကုဗမီတာသန်းပေါင်း ၂၃သန်း ပို့လွှတ်နေရာမှ ရပ်ဆိုင်းထားခဲ့သည်။

ထိုသို့ တာ့ခ်မင်နစ္စတန်က သဘာဝဓာတ်ငွေ့များ မပို့လွှတ်နိုင်ခြင်းမှာ နည်းပညာအခက်အခဲကြောင့်ဟုဆိုထားသည်။ သို့သော်လည်း အီရန်ကမူ ဈေးနှုန်းပိုရလို၍ ပို့လွှတ်နေသည့် သဘာဝဓာတ်ငွေ့များကို ဖြတ်တောက်ခဲ့ခြင်းဖြစ်သည်ဟု ရှုမြင်ထားသည်။ **အမ်အင်န်အေ၊ရိုက်တာ**

အာဖဂန်၌ ချုံခိုတိုက်ခိုက်ခံရ ရဲတပ်ဖွဲ့ဝင်ကိုးဦးသေဆုံး

ကဘူးလ် ဇန်နဝါရီ ၁၄

အာဖဂန်နစ္စတန်နိုင်ငံ ကန်ဒါဟာပြည်နယ် မေဝမ့်မြို့တွင် ဇန်နဝါရီ ၁၃ရက်က လက်နက်ကိုင်တိုက်ခိုက်ရေးသမားများ၏ ပစ်ခတ်တိုက်ခိုက်မှုကြောင့် အာဖဂန်နစ္စတန်ရဲတပ်ဖွဲ့ဝင် ရှစ်ဦး သေဆုံးခဲ့ကြောင်း အာဖဂန်နစ္စတန်အရာရှိများက ပြောကြားသည်။

ထို့အတူ ဟဲလ်မန့်ပြည်နယ်တွင် ဗုံးခွဲတိုက်ခိုက်မှုကြောင့် ရဲတပ်ဖွဲ့ဝင်တစ်ဦးသေဆုံးခဲ့ရာ စုစုပေါင်း အာဖဂန်နစ္စတန်ရဲတပ်ဖွဲ့ဝင် ကိုးဦးသေဆုံးခဲ့သည်။

သေဆုံး

ဟဲလ်မန့်ပြည်နယ်၌ရှိသော စစ်အခြေစိုက်စခန်းတစ်ခုအနီးတွင် လက်နက်ကိုင်တိုက်ခိုက်ရေးသမားများ ပစ်ခတ်တိုက်ခိုက်မှုကြောင့် ဒတ်ချ်တပ်ဖွဲ့ဝင် နှစ်ဦး သေဆုံးသွားသည်။

တိုက်ခိုက်

ယခုကဲ့သို့ တိုက်ခိုက်မှုများမှာ တာလီဘန်တိုက်ခိုက်ရေးသမားများက ပစ်ခတ် တိုက်ခိုက်ခြင်းဖြစ်သည်ဟု အာဖဂန်နစ္စတန်အစိုးရ အရာရှိများက ပြောကြားသည်။ အာဖဂန်နစ္စတန်တွင် ယခုကဲ့သို့ တိုက်ခိုက်မှုကြောင့် ရဲတပ်ဖွဲ့ အများအပြား သေဆုံးခဲ့ရပြီးဖြစ်သည်။

(အင်တာနက်)

တာလီဘန် တိုက်ခိုက်ရေးသမားများအား တွေ့ရစဉ်။ (အင်တာနက်ဓာတ်ပုံ)

နိုင်ငံတကာသတင်းစုစည်းဘာသာပြန်သူများ

တိုး၊ မောင်မောင်မြင့်ဆွေ၊ မြင့်မောင်စိုးနှင့် ချစ်စိုးနိုင်

ဂျော်ဂျီယာ၌ ရွေးကောက်ပွဲ မဲလိမ်မှုများဖြစ်ပေါ် ပြည်သူများ မကျေနပ်၍ ကြွေးကြော်ဆန္ဒပြခဲ့ကြ

တီဘီလီစီ(ဂျော်ဂျီယာ) ဇန်နဝါရီ ၁၄

ဂျော်ဂျီယာနိုင်ငံ၌ လွန်ခဲ့သော သီတင်းပတ်ကုန်ပိုင်းက သမ္မတရွေးကောက်ပွဲ ကျင်းပရာ၌ မဲလိမ်မှုဖြစ်ပေါ်ခဲ့ခြင်းကြောင့် ထောင်ပေါင်းများစွာသော အတိုက်အခံများက မြို့တော်တီဘီလီစီရှိ လမ်းများပေါ်တွင် ကြွေးကြော်ဆန္ဒပြခဲ့ကြကြောင်း ဇန်နဝါရီ ၁၃ရက်က အင်တာနက်သတင်း၌ ဖော်ပြသည်။

ထောင်ပေါင်းများစွာသော ဆန္ဒပြသူများက တရားမျှတသော ရွေးကောက်ပွဲ ပြုလုပ်ပေးရန် ဆန္ဒပြတောင်းဆိုခဲ့ကြသည်။

အနိုင်ရရှိခဲ့

အနောက်လိုလားသော ခေါင်းဆောင်မီခေးလ်ဆားကက်ရှ်ဗီလီသည် အဆိုပါ ရွေးကောက်ပွဲ၌ မဲ ၅၃ရာခိုင်နှုန်းဖြင့် အနိုင်ရရှိခဲ့သည်။ ၎င်း၏ ပြိုင်ဘက် လီဗန်ဂါချီချီလတ်ဇီက မဲ ၂၅ရာခိုင်နှုန်းသာ ရရှိခဲ့သည်။

မဲလိမ်မှုပြုလုပ်

မစ္စတာဆားကက်ရှ်ဗီလီသည် လွန်ခဲ့သောနှစ်လက အစိုးရဆန့်ကျင်ရေး ဆန္ဒပြမှုများ ဖြစ်ပွားခဲ့ပြီးနောက် နိုင်ငံရေး အကျပ်အတည်း ဖြေရှင်းနိုင်ရေးကို အကြောင်းပြု၍ မဲလိမ်မှုများ ပြုလုပ်ခဲ့သည်ဟု ဆိုသည်။

ချီတက်

များပြားလှသော လူအုပ်ကြီးသည် မြို့တော်ရင်ပြင်ဆီသို့ ချီတက်လာပြီး မစ္စတာဆားကက်ရှ်ဗီလီအား ဆန့်ကျင်သောကြွေးကြော်သံများဖြင့် ဟစ်ကြွေးခဲ့ကြသည်။

ပြောကြား

ယင်းရွေးကောက်ပွဲသည် မစ္စတာ ဆားကက်ရှ်ဗီလီအား မျက်နှာသာပေး မဲလိမ်သည့်ရွေးကောက်ပွဲသာ ဖြစ်ကြောင်း ဆန္ဒပြသူများက ပြောကြားသည်။

(အင်တာနက်)

ဂျော်ဂျီယာနိုင်ငံ တီဘီလီစီမြို့၌ သမ္မတရွေးကောက်ပွဲတွင် မဲလိမ်မှုဖြစ်ပေါ်ခဲ့ခြင်းကြောင့် ထောင်ပေါင်းများစွာသော ပြည်သူများ ကြွေးကြော်ဆန္ဒပြနေသည်ကို ဇန်နဝါရီ ၁၃ရက်က တွေ့ရစဉ်။ (အင်တာနက်ဓာတ်ပုံ)

အင်တာပို ရဲတပ်ဖွဲ့အကြီးအကဲ ရာထူးမှနုတ်ထွက်

အင်တာပို ဇန်နဝါရီ ၁၄

နိုင်ငံတကာရဲတပ်ဖွဲ့ အေဂျင်စီ အကြီးအကဲ မစ္စတာဂျက်ကီဆယ်လီဘီသည် ရာထူးမှ နုတ်ထွက်သွားကြောင်း အင်တာပို ရဲတပ်ဖွဲ့က ပြောကြားသည်ကို ဇန်နဝါရီ ၁၃ ရက်က သတင်း ဖော်ပြသည်။

နုတ်ထွက်

မစ္စတာ ဆယ်လီဘီသည် တောင်အာဖရိကနိုင်ငံရဲတပ်ဖွဲ့အကြီးအကဲ အဖြစ်မှ ရာထူးချခံရပြီးနောက် နိုင်ငံတကာရဲတပ်ဖွဲ့အကြီးအကဲအဖြစ်မှလည်း ဇန်နဝါရီ ၁၂ရက်တွင် နုတ်ထွက်သွားခဲ့သည်။

ပြောကြား

အဆိုပါ ရဲအရာရှိသည် အကျင့်ပျက်လာဘ်စားမှုဖြင့် တရားစွဲဆိုခံရကြောင်း တောင်အာဖရိက အစိုးရ ရှေ့နေများက ဇန်နဝါရီ ၁၁ရက်တွင် ပြောကြားသည်။

စွပ်စွဲ

မိမိသည် ပြစ်မှုတစ်ခုမှ ဒေါ်လာ ၁၇၀၀၀၀ လာဘ်စားခဲ့သည်ဟု စွပ်စွဲခံရကြောင်း၊ သို့ရာတွင် ယင်းစွပ်စွဲချက်မှာ မှန်ကန်မှုမရှိကြောင်း မစ္စတာ ဆယ်လီဘီက ငြင်းဆိုခဲ့သည်။

(အင်တာနက်)

တောင်ကိုရီးယားဂြိုဟ်တု သက်တမ်းကုန်ဆုံးပြီး အဆက်အသွယ်ပြတ်တောက်

ဆိုးလ် ဇန်နဝါရီ ၁၄

၁၉၉၉ခုနှစ်က လွှတ်တင်ခဲ့သော တောင်ကိုရီးယားနိုင်ငံ၏ ပထမဆုံးသော စွယ်စုံသုံးဂြိုဟ်တုမှာ ဒီဇင်ဘာလကုန်ပိုင်းက အဆက်အသွယ် ပြတ်တောက်ခဲ့၍ သက်တမ်းကုန်ဆုံးသွားပြီ ဖြစ်ကြောင်း ၎င်းအာကာသ အေဂျင်စီက သောကြာနေ့၌ ပြောကြားသည်။

စွမ်းအားပိုကောင်း

အာရီယန်ဟု အမည်ပေးထားသည့် အဆိုပါဂြိုဟ်တုသည် မူလက သုံးနှစ်တာ အာကာသ၌ လွှတ်တင်ထားရန် စီစဉ်ခဲ့သည်။ သို့သော်လည်း ၎င်း၏အသုံးပြုနိုင်မှုပေါ် မူတည်ပြီး ဆက်လက်၍ နှစ်အတန်ကြာ အသုံးပြုကာ ကမ္ဘာမြေပြင်၏ ဓာတ်ပုံများကို ရိုက်ယူနိုင်ခဲ့ကြောင်း တောင်ကိုရီးယား အာကာသသုတေသနဌာနက ပြောကြားသည်။ ၂၀၀၆ခုနှစ် ဇူလိုင်လက တောင်ကိုရီးယားနိုင်ငံ၏ အာရီယန်-၂ ဂြိုဟ်တုကို ရုရှားရှိ ဒုံးပစ်စင်မှ လွှတ်တင်ပေးခဲ့သည်။ ယင်းဂြိုဟ်တုမှာ ပထမလွှတ်တင်ခဲ့သော ဂြိုဟ်တုထက် ဓာတ်ပုံရိုက်ကူးနိုင်မှုစွမ်းအား အဆ ၄၀ ပိုကောင်းသည်ဟု ဆိုသည်။

အမ်အင်န်အေ၊ရိုက်တာ

အီရန်ရွေးကောက်ပွဲ မတ်လတွင် ကျင်းပမည် ကိုယ်စားလှယ်လောင်း ၇၂၀၀မှတ်ပုံတင်

တီဟီရန် ဇန်နဝါရီ ၁၄

အီရန်နိုင်ငံ၌ မတ်လတွင် ပါလီမန်ရွေးကောက်ပွဲကျင်းပရန် ကိုယ်စားလှယ်ပေါင်း ၇၂၀၀အား မှတ်ပုံတင်ထားပြီး ဖြစ်ကြောင်း၊ အီရန်သမ္မတ မာမွတ်အာမက် ဒီနီဂျက်ဇ်အနေဖြင့် ပြန်လည်အရွေးခံနိုင်ရန်မျှော်လင့်ထားကြောင်း ရိုက်တာ သတင်း၌ ဖော်ပြသည်။

ထိုးနှက်ခံခဲ့

မတ်လ ၁၄ရက်၌ကျင်းပမည့် ရွေးကောက်ပွဲတွင် ၂၀၀၄ ခုနှစ်က ပါလီမန်ရွေးကောက်ပွဲ၌ ကွန်ဆာဗေးတစ်တို့၏ ထိုးနှက်ခံခဲ့ရသော နိုင်ငံရေးပြိုင်ဘက်များ ပါဝင်ယှဉ်ပြိုင်ကြမည် ဖြစ်သည်။

ပါဝင်ရန် မျှော်လင့်

အဆိုပါ ရွေးကောက်ပွဲ၌ ဂါးဒီးယန်းကောင်စီက ထိန်းချုပ်ထားသော ကွန်ဆာဗေးတစ်တို့က ရွေးကောက်ပွဲများအားလုံးတွင် ရွေးကောက်ပွဲကိုယ်စားလှယ်ဟောင်းများပါဝင်ရန် မျှော်လင့်ရသည်။

မတင်ပြနိုင်

ကွန်ဆာဗေးတစ်တို့သည် ယခုအချိန်အထိ ပဏာမကိုယ်စားလှယ်လောင်း စာရင်းကို မတင်ပြနိုင်ဘဲရှိသည်။

သုံးသပ်ထား

အီရန်နိုင်ငံသား အများစုက စီးပွားရေး ပြုပြင်ပြောင်းလဲရန် ကတိခံထားခဲ့သော အာမက်ဒီနီဂျက်ဇ်အား ဝေဖန်ပြောဆိုနေခြင်းကြောင့် ယခင်ရွေးကောက်ပွဲများထက် ပိုမိုကောင်းမွန်သည့် နိုင်ငံရေး ပြုပြင်ပြောင်းလဲမှု ဖြစ်လာနိုင်သည်ဟု သတင်းများက သုံးသပ်ထားသည်။

မှတ်ပုံတင်ထား

အမတ် ကိုယ်စားလှယ်လောင်း ၇၂၀၀ မှတ်ပုံတင်ထားရာတွင် အမျိုးသမီး ၅၉၀ပါဝင်ကြောင်း၊ ယင်းကိုယ်စားလှယ်လောင်းများသည် ပါလီမန်၌ အမတ်နေရာ ၂၉၀ အတွက် ယှဉ်ပြိုင်ကြရမည်ဖြစ်ကြောင်း အီရန် ပြည်ထဲရေးဝန်ကြီး မိုစတာဖာက ဇန်နဝါရီ ၁၂ရက်၌ ပြောကြားသည်။

ပြောကြား

အီရန်နိုင်ငံ၌ လူဦးရေ သန်း၇၀ ကျော်ရှိရာတွင် ဆန္ဒမဲပေးနိုင်သူ ၄၃ဒသမ ၂သန်းကျော်သာရှိကြောင်း ပြည်ထဲရေးဝန်ကြီးက သတင်းစာရှင်းလင်းပွဲ၌ ပြောကြားသည်။

အမ်အင်န်အေ၊ရိုက်တာ

ချက်ပြည်သူ့သမ္မတနိုင်ငံတွင် ဇန်နဝါရီ ၁၂ရက်က ဂြိုဟ်တုတစ်စင်း စမ်းသပ်ပစ်လွှတ်လိုက်သည်ကို တွေ့ရစဉ်။ (အင်တာနက်ဓာတ်ပုံ)

ဆိုမာလီယာမြောက်ပိုင်း၌ တိုက်ပွဲဖြစ်ပွား

ဘိုဆာဆို ဇန်နဝါရီ ၁၄

ဆိုမာလီယာနိုင်ငံမြောက်ပိုင်းတွင် ဇန်နဝါရီ ၁၃ ရက်က ဆိုမာလီယာ တပ်ဖွဲ့ဝင်များနှင့် လက်နက်ကိုင်တိုက်ခိုက်ရေးသမားများ တိုက်ပွဲဖြစ်ပွားမှုကြောင့် ဒေသခံပြည်သူ ၁၀ဦး သေဆုံးသွားကြောင်း ဆိုမာလီယာ အရာရှိများက ပြောကြားသည်။

ဆိုမာလီယာနှင့် အီသီယိုးပီးယားနယ်စပ်အနီး ပွန်လန့်ဒေသတွင် တိုက်ပွဲဖြစ်ပွားခဲ့ခြင်းဖြစ်သည်။ ဆိုမာလီယာနိုင်ငံ၌ တိုက်ခိုက်မှုများ အမြဲတမ်းဖြစ်ပွားနေသောနေရာမှာ အဆိုပါနေရာဖြစ်ပြီး လွန်ခဲ့သည့်နှစ်များကလည်း သေဆုံးမှုများ ဖြစ်ပေါ်ခဲ့သည်။

ဆိုမာလီယာအစိုးရအနေဖြင့် မြောက်ပိုင်းဒေသ လုံခြုံရေးစောင့်ရှောက်မှုအပြင် တပ်ဖွဲ့ဝင်များ တိုးမြှင့်ချထားမှုများ ပြုလုပ်လျက်ရှိသည်။ ၁၉၉၁ခုနှစ်မှစတင်ကာ ဆိုမာလီယာနိုင်ငံတွင် လုံခြုံရေးတိုးတက်အောင် အထူးဂရုပြုဆောင်ရွက်ခဲ့သည်။

(အင်တာနက်)

ဘင်္ဂလားဒေ့ရှ်နိုင်ငံ ဒါကာမြို့ ရာယာဘာဇာအရပ်၌ ဇန်နဝါရီ ၁၂ရက်က မီးလောင်မှုဖြစ်ပွားပြီးနောက် အိုးမဲ့အိမ်မဲ့ဖြစ်သွားသည့် မိသားစုများကို တွေ့ရစဉ်။ (အင်တာနက်ဓာတ်ပုံ)

အရှေ့အလယ်ပိုင်းပြည်သူများ ထင်ယောင်ထင်မှားဖြစ်စေမှု အမေရိကန်တို့ ဝန်ချတောင်းပန်ရမည် အီရန်ပြောကြား

တီဟီရန် ဇန်နဝါရီ ၁၄

အမေရိကန်နိုင်ငံသည် အရှေ့အလယ်ပိုင်းတွင် စွန့်စားရေးမူဝါဒများကို ချမှတ်နေကြောင်း အီရန်က ဇန်နဝါရီ ၁၃ ရက်က စွပ်စွဲလိုက်ပြီး ပင်လယ်ကွေ့၌ ပြီးခဲ့သည့်ရက်သတ္တပတ်က ရေကြောင်းစစ်ကင်းလှည့်မှုနှင့်ပတ်သက်၍ အရှေ့အလယ်ပိုင်း ပြည်သူများကို ထင်ယောင်ထင်မှားဖြစ်အောင် လုပ်ခဲ့မှုအတွက် အမေရိကန်အစိုးရအနေဖြင့် ဝန်ချတောင်းပန်ရမည်ဖြစ်ကြောင်း ပြောကြားလိုက်သည်။

စကားစစ်ထိုး

ဇန်နဝါရီ ၆ ရက်က ဖြစ်စဉ်ပေါ်ပေါက်ပြီးနောက် အမေရိကန်နှင့် အီရန်တို့သည် ပိုမိုပြင်းထန်စွာ စကားစစ်ထိုးနေကြခြင်းဖြစ်သည်။

ရေနံသယ်ပို့ရာတွင် အဓိကလမ်းကြောင်းဖြစ်သည့် ဟော်မတ်ဇ်ရေလက်ကြား၌ အမေရိကန်သင်္ဘောများကို အီရန်အမြန်ယာဉ်များက ခြိမ်းခြောက်ကြောင်း အမေရိကန်က ကြေညာသည်။ အီရန်က ယင်းမှာ ပုံမှန်ကင်းလှည့်ခြင်းသာဖြစ်ကြောင်း ချေပသည်။

ခြိမ်းခြောက်နေ

ဤသို့ အမေရိကန်နှင့် အီရန်တို့ ဆက်ဆံရေးတင်းမာမှုမှာ အမေရိကန်သမ္မတဘုရှ် အရှေ့အလယ်ပိုင်း ခရီးစဉ်နှင့် တိုက်ဆိုင်နေသည်။ သမ္မတဘုရှ်က အီရန်ကို ထိန်းချုပ်ရေးအတွက် အာရပ်နိုင်ငံများ၏ထောက်ခံမှုရရန် ထိုခရီးစဉ်အတွင်း ကြိုးပမ်းသည့်အပြင် အီရန်သည် ကမ္ဘာ့ငြိမ်းချမ်းရေးကို ခြိမ်းခြောက်နေကြောင်း အကြိမ်ကြိမ်ထုတ်ဖော်ပြောကြားသည်။

အညံ့မခံ

အမေရိကန် အကျပ်ကိုင်မှုကြောင့် အီရန်က ဒူးထောက် အညံ့ခံမည်မဟုတ်ကြောင်း အီရန်ခေါင်းဆောင် အယာတိုလာအလီခါမေနီက ဇန်နဝါရီ ၁၂ ရက်နေ့တွင် ပြောဆိုသည်။ **အမ်အင်န်အေ၊ရိုက်တာ**

ပင်လယ်ကွေ့ဒေသ ဟော်မတ်ဇ်ရေလက်ကြားတွင် အမေရိကန်စစ်သင်္ဘောများအနီးသို့ အီရန် အမြန်ယာဉ်များ ဖြတ်သန်းမောင်းနှင်ခဲ့သည်ကို ဤသို့တွေ့ရသည်။ (အင်တာနက်ဓာတ်ပုံ)

ထိုင်းတပ်ဖွဲ့ဝင်များ နာရာသီဝပ်ပြည်နယ်တွင် လုံခြုံရေးလုပ်ငန်းများဆောင်ရွက်နေသည်ကို တွေ့ရစဉ်။
(အင်တာနက်ဓာတ်ပုံ)

ထိုင်းတောင်ပိုင်း၌ ချုံခိုတိုက်ခိုက်ခံရ တပ်ဖွဲ့ဝင်ရှစ်ဦး သေဆုံး

ဗန်ကောက် ဇန်နဝါရီ ၁၄

ထိုင်းနိုင်ငံ တောင်ပိုင်းတွင် ချုံခိုတိုက်ခိုက်မှုကြောင့် ထိုင်းတပ်ဖွဲ့ဝင်ရှစ်ဦး သေဆုံးသွားကြောင်း၊ ထိုသို့ တိုက်ခိုက်မှုမှာ အကြမ်းဖက်လက်နက်ကိုင် တိုက်ခိုက်ရေးသမားများ၏ လက်ချက်ဖြစ်ကြောင်း ထိုင်းစစ်ဘက်က ဇန်နဝါရီ ၁၄ ရက်၌ ပြောကြားသည်။

နေ့စဉ်ဖြစ်ပွား

ထိုင်းနိုင်ငံတောင်ပိုင်း နာရာသီဝပ်ပြည်နယ်တွင် ထိုင်းတပ်ဖွဲ့ဝင်များ လုံခြုံရေးလုပ်ငန်းများဆောင်ရွက်နေစဉ် လက်နက်ကိုင်တိုက်ခိုက်ရေးသမား ချုံခိုတိုက်ခိုက်ခဲ့ခြင်းဖြစ်သည်။ ထိုင်းနိုင်ငံတောင်ပိုင်း ပြည်နယ်များ၌ အကြမ်းဖက်တိုက်ခိုက်မှုများ နေ့စဉ်နီးပါးဖြစ်ပွားလျက်ရှိရာ ယခုဖြစ်ရပ်သည် ထိုင်းတပ်ဖွဲ့ဝင်များ သေဆုံးမှုများပြားသည့် ဖြစ်ရပ်တစ်ခုပင်ဖြစ်သည်။

တိုက်ခိုက်မှု

ထိုင်းနိုင်ငံတောင်ပိုင်း ပြည်နယ်များဖြစ်သည့် ပတ္တနီ၊ ယာလာ၊ နာရာသီဝပ်နှင့် ဆောင်ခလာပြည်နယ်တို့တွင် အကြမ်းဖက်တိုက်ခိုက်မှုများကြောင့် ၂၀၀၄ ခုနှစ်မှစတင်ကာ လူ ၂၇၀၀ ခန့် သေဆုံးခဲ့ရပြီးဖြစ်သည်။

(အင်တာနက်)

နိုင်ငံတကာမှုခင်းသတင်း

ဒုစရိုက်နယ်တွင်း သက်ဆင်းမိခဲ့သူ

ချစ်စိုးနိုင်
ကိုးကားရေးဖွဲ့သည်

ရာဗီရှန်ကာရန်သည် အိန္ဒိယနိုင်ငံတွင် နေထိုင်ကြီးပြင်းလာခဲ့သူဖြစ်သည်။ သူသည် ငယ်စဉ်ကတည်းက ပြည့်စုံသောအသိုင်းအဝိုင်းတွင် ကြီးပြင်းလာခဲ့သူဖြစ်သည်။ ထို့အပြင် အဒေါ်ဖြစ်သူ၏ခင်ပွန်းမှာ အရာရှိကြီးတစ်ဦးဖြစ်သဖြင့် မတောင့်မတ မကြောင့်မကြ နေထိုင်ရလေသည်။

တိုးဝင်မိ

ရာဗီရှန်ကာရန်သည် ဦးလေးဖြစ်သူထံတွင် နေထိုင်ရင်း ဒုစရိုက်နယ်ထဲသို့ လျှို့ဝှက်စွာ ဝင်ရောက်သွားတော့သည်။ ဒုစရိုက်နယ်တွင် ပျော်မွေ့ကာ ငွေကြေးမြောက်မြားစွာ အလွယ်တကူ ရရှိသဖြင့်လည်း အမှောင်နယ်ထဲသို့ နက်သည်ထက်နက်အောင် အဆုံးစွန်အထိ တိုးဝင်မိတော့သည်။

ထွက်ပြေး

အိန္ဒိယ ဒုစရိုက်နှိမ်နင်းရေးအဖွဲ့က ၎င်းအား လက်နက်မှောင်ခိုရောင်းဝယ်မှုများ ပြုလုပ်နေသည်ကို ခြေရာခံမိသောအခါ အမှောင်ကမ္ဘာတွင် ဂျင်ပေါ်ကထုံးဖြစ်နေသူ ရှန်ကာရန်မှာ တိမ်းရှောင်ထွက်ပြေးဖို့ ပြင်ဆင်ခဲ့တော့သည်။ အိန္ဒိယတွင် ပြေးစရာမြေမရှိဖြစ်သွားသော ရှန်ကာရန်သည် ၂၀၀၅ ခုနှစ် နိုဝင်ဘာ ၁၁ ရက်တွင် အိန္ဒိယနိုင်ငံမှ ပြည်ပသို့ တိမ်းရှောင်ထွက်ပြေးခဲ့တော့သည်။

လွတ်မြောက်သွား

၂၀၀၆ ခုနှစ်အတွင်း၌ ဒုစရိုက်နှိမ်နင်းရေးအဖွဲ့က ရှန်ကာရန်ကို အာရုံစူးစိုက်ကာ ရှာဖွေသော်လည်း ယနေ့အထိ ဖမ်းဆီးရမိခြင်း မရှိသေးချေ။ ၂၀၀၆ ခုနှစ်၌ပင် ဗြိတိန်နိုင်ငံက ရှန်ကာရန်ကို ဖမ်းဝရမ်းထုတ်ခဲ့ပြန်ရာ အရှောင်အတိမ်းကောင်းသော ရှန်ကာရန် လွတ်မြောက်သွားပြန်သည်။

ဂရုတစိုက်ရှာဖွေ

ရှန်ကာရန်သည် နိုင်ငံကူးလက်မှတ် သိမ်းဆည်းခြင်းကိုခံရသော်လည်း နိုင်ငံကူးလက်မှတ်အတုဖြင့် လှုပ်ရှားသွားလာနေသည်ဟု ယူဆရသည်။ ရှန်ကာရန်ကို ဆွီဒင်၊ ဘယ်လ်ဂျီယံနှင့် ပြင်သစ်တို့တွင် တွေ့ရှိသူများက တွေ့ရှိခဲ့ကြသည်ဟု သတင်းရရှိပြန်သဖြင့် ဂရုတစိုက်ရှာဖွေကြရာ ယနေ့တိုင် ဖမ်းဆီးရမိခြင်း မရှိသေးပေ။

ထိုကဲ့သို့ သတင်းရရှိပြီး ဖမ်းမမိခဲ့ခြင်းကပင် အထက်ဖော်ပြပါနိုင်ငံများရှိ အပြည်ပြည်ဆိုင်ရာ ရဲအဖွဲ့သို့ အကြောင်းကြားကာ ရှန်ကာရန်ကို ဖမ်းဝရမ်းထုတ်ရန် အိန္ဒိယ ဒုစရိုက်နှိမ်နင်းရေးအဖွဲ့များကို စေ့ဆော်ပေးခဲ့သည်။

ဥပဒေကို လက်တစ်လုံးခြားလှည့်စားကာ ရာဇဝတ်ဘေးကို ရှောင်ပြေးသူ ရှန်ကာရန်အနေဖြင့် တစ်စုံတစ်ခုသော အချိန်အတိုင်းအတာအထိ လွတ်မြောက်နေခဲ့သော်လည်း ဒုစရိုက်နယ်တွင်း သက်ဆင်းခဲ့သူ ရှန်ကာရန်အဖို့ တစ်နေ့နေ့ တစ်ချိန်ချိန်တွင် ဥပဒေ၏ အဆုံးအမကို နာခံရမည်မှာ မလွဲဧကန်ပင်ဖြစ်ပေသည်။ ။



ဒုစရိုက်နယ်အတွင်းသက်ဆင်းခဲ့ပြီး ရာဇဝတ်ဘေးမှ ထွက်ပြေးလွတ်မြောက်နေသူ အသက် ၄၄ နှစ်ရှိ ရာဗီရှန်ကာရန်။

(အင်တာနက်ဓာတ်ပုံ)

မြန်မာ့အလင်း နိုင်ငံတကာသတင်းများ

ဂွမ်တာနာမိုအကျဉ်းစခန်းပိတ်ပစ်ရန် ကန်ရေတပ်ဗိုလ်ချုပ်ကြီး မူလင် တိုက်တွန်း

ဂွမ်တာနာမို ဇန်နဝါရီ ၁၄

ဂွမ်တာနာမိုအကျဉ်းစခန်းကို အမြန်ဆုံးပိတ်ပစ်ရန် မိမိလိုလားကြောင်း အမေရိကန် ပူးတွဲစစ်ဦးစီးချုပ်များအဖွဲ့ဥက္ကဋ္ဌ တာဝန်ယူထားသည့် ရေတပ်ဗိုလ်ချုပ်ကြီးမိုက်မူလင်က ဇန်နဝါရီ ၁၃ ရက်၌ ပြောကြားလိုက်သည်။

၂၀၀၂ ခုနှစ် ဇန်နဝါရီလက စတင်ဖွင့်လှစ်သည့် ဂွမ်တာနာမိုအကျဉ်းစခန်းဖွင့်လှစ်မှု ခြောက်ကြိမ်မြောက်နှစ်ပတ်လည်အပြီး နှစ်ရက်အကြာတွင် ထိုအကျဉ်းစခန်းသို့ ရောက်ရှိခဲ့သော ရေတပ်ဗိုလ်ချုပ်ကြီး မိုက်မူလင်က ထိုသို့ပြောကြားလိုက်ခြင်းဖြစ်သည်။

သိက္ခာကျ

ဂွမ်တာနာမိုအကျဉ်းစခန်းကြောင့် နိုင်ငံတကာအလယ်တွင် အမေရိကန်နိုင်ငံ၏ ဂုဏ်သိက္ခာမေးမှိန်ရသည်ဟု သူယုံကြည်ကြောင်း ၎င်းက ထည့်သွင်းပြောဆိုသည်။

တိုက်တွန်း

နိုင်ငံတကာမှ အကြမ်းဖက်သမားဟု သင်္ကာမကင်းရှိသူများအား ထိန်းသိမ်းထားသည့် အဆိုပါစခန်းကို ပိတ်ပစ်ရန် အမေရိကန်၏ မဟာမိတ်များအပါအဝင် အစိုးရအများအပြားကလည်း တိုက်တွန်းထားသည်။

ချိုးဖောက်

အဆိုပါအကျဉ်းစခန်း၌ အကြမ်းဖက်သမားဟု မသင်္ကာသူများကို အစစ်အဆေးမရှိ ဤမျှကြာကြာထိန်းသိမ်းထားခြင်းမှာ အခြေခံ နိုင်ငံတကာဥပဒေစံများကို ချိုးဖောက်ခြင်းဖြစ်သည်ဟု လူ့အခွင့်အရေးအုပ်စုများနှင့် နိုင်ငံခြားအစိုးရများက ဝေဖန်ပြောဆိုကြသည်။ **အမ်အင်န်အေ၊ရိုက်တာ**

ပြည်ပသတင်း နောက်ဆုံးဖြစ်ရပ်များ

၁၄-၁-၂၀၀၈

အစ္စရေးက ပါလက်စတိုင်းနှင့် ငြိမ်းချမ်းရေးရရန်ကြိုးစားမည်

ပါလက်စတိုင်းနှင့် ငြိမ်းချမ်းရေးဆွေးနွေးမှုကိစ္စကို မိမိတို့နောက်မဆုတ်တမ်း ဆက်လက်ပြုလုပ်သွားမည်ဖြစ်ကြောင်း အစ္စရေးဝန်ကြီးချုပ် ရှီမွန်ပီးရက်စ်က ပြောကြားလိုက်သည်။

မိမိတို့အနေဖြင့် အပြောင်းအလဲတစ်ခုကို မဖြစ်မနေပြုလုပ်ရမည့်အချိန် ရောက်ရှိနေပြီဖြစ်ရာ နှစ်ဦးနှစ်ဖက်အကျိုးရှိမည့် လုပ်ငန်းဖြစ်သည့်အတွက် အောင်မြင်မှုရရန် ကြိုးစားသွားမည်ဟု ၎င်းက ဆက်လက်ပြောကြားသည်။

ကူဝိတ်၌ အကြမ်းဖက်တိုက်ခိုက်မှုဖြစ်ပွား

ကူဝိတ်နိုင်ငံ ကူဝိတ်မြို့တွင် စစ်သွေးကြွများ တိုက်ခိုက်ခဲ့မှုကြောင့် စာအုပ်ဆိုင် ၂၀ခန့် ပျက်စီးခဲ့ရကြောင်း ကူဝိတ်အရာရှိများက ပြောကြားသည်။

ကူဝိတ်အစိုးရက အကြမ်းဖက်တိုက်ခိုက်မှုများ ထပ်မံမဖြစ်ပွားရန် လုံခြုံရေးတိုးမြှင့်ချထားလိုက်ကြောင်း ကူဝိတ်ပြည်ထဲရေးဝန်ကြီးဌာနမှ သတင်းထုတ်ပြန်သည်။

မလေးရှားနှင့်ဖိလစ်ပိုင် ဆက်ဆံရေးတိုးမြှင့်မည်

မလေးရှားနှင့် ဖိလစ်ပိုင်နှစ်နိုင်ငံတို့ ဆက်ဆံရေးတိုးမြှင့်ဆောင်ရွက်ရန် ကြိုးစားသွားမည်ဖြစ်ကြောင်း မလေးရှားနိုင်ငံခြားရေးဝန်ကြီးဌာနမှ အရာရှိများက ပြောကြားသည်။

နှစ်နိုင်ငံတို့အနေဖြင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးလုပ်ငန်းနှင့် ပတ်သက်သည့်ကိစ္စရပ်များကို ရင်းနှီးစွာ ဆွေးနွေးမှုများ ပြုလုပ်သွားမည်ဖြစ်ကြောင်း ၎င်းတို့က ဆက်လက်ပြောကြားသည်။

အီဂျစ်နှင့်ဂျပန်ကုန်သွယ်ရေး တိုးမြှင့်ဆောင်ရွက်မည်

အီဂျစ်နှင့် ဂျပန်နိုင်ငံတို့သည် ကုန်သွယ်ရေးနှင့်စက်မှုလုပ်ငန်းများတွင် အပြန်အလှန်ရင်းနှီးမြှုပ်နှံမှုနှင့် ပူးပေါင်းဆောင်ရွက်မှုများ ပြုလုပ်သွားမည်ဖြစ်ကြောင်း အီဂျစ်ကုန်သွယ်ရေးနှင့် စက်မှုလုပ်ငန်းဝန်ကြီးက ပြောကြားသည်။

ဂျပန်နိုင်ငံက အီဂျစ်နိုင်ငံတွင် စက်မှုလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရန်အတွက် ရင်းနှီးမြှုပ်နှံမှုများ တိုးမြှင့်ပြုလုပ်သွားမည်ဖြစ်ပြီး နိုင်ငံတကာစည်းမျဉ်းစည်းကမ်းများနှင့်အညီ လုပ်ဆောင်သွားမည်ဖြစ်ကြောင်း ၎င်းက ဆက်လက်ပြောကြားသည်။

အာဂျင်တီးနား သမ္မတ ဟနန်ဒက်ဇ် ရုပ်မြင်သံကြားလိုင်း ဖွင့်လှစ်

အာဂျင်တီးနားသမ္မတ ခရစ္စတီနာဖာနန်ဒက်ဇ်က သူမ ပိုင်ဆိုင်သော ရုပ်မြင်သံကြားသတင်းလိုင်းတစ်ခုကို စတင်ဖွင့်လှစ်လိုက်သည်။

အဆိုပါ ရုပ်မြင်သံကြားလိုင်းသည် ကမ္ဘာပေါ်တွင် အကြီးဆုံးရုပ်မြင်သံကြားလိုင်းတစ်ခုဖြစ်လာမည်ဖြစ်ပြီး ကဏ္ဍမျိုးစုံပါဝင်သော အစီအစဉ်များ စွာပါရှိကြောင်း သိရသည်။

ကမ္ဘာ့ ဈေးကွက်၌ ရေနံဈေးနှုန်း တန့်နေ

ကမ္ဘာ့ဈေးကွက်၌ ရေနံဈေးနှုန်းတည်ငြိမ်လျက်ရှိရာ ရေနံ တစ်စည်လျှင် အမေရိကန်ဒေါ်လာ ၉၇ ဒေါ်လာရှိနေကြောင်း ရေနံရောင်းနိုင်ငံများအဖွဲ့ (အိုပက်)က သတင်းထုတ်ပြန်လိုက်သည်။

လက်ရှိအနေအထားအရ ကမ္ဘာ့ဈေးကွက်၌ ရေနံဈေးနှုန်း ကျဆင်းမည့် အနေအထားရှိကြောင်း အိုပက်၏ သတင်းထုတ်ပြန်ချက်၌ ဖော်ပြထားသည်။

ခရိုအေးရှားအစိုးရအဖွဲ့သစ် ကျမ်းကျိန်ဆို

ခရိုအေးရှားအစိုးရသစ်အနေဖြင့် အစိုးရတာဝန်ဝတ္တရားများ စတင်ထမ်းဆောင်ရန် စတင်ကျမ်းကျိန်သည်။

ခရိုအေးရှားမြို့တော် ဇာဂရက်မြို့ ပါလီမန်အဆောက်အအုံတွင် ကျင်းပသည့် အစိုးရသစ်ကျမ်းကျိန်ပွဲကို ခရိုအေးရှားဝန်ကြီးချုပ်အိုင်ဗိုဆာနာဒါက ဦးဆောင်ကျမ်းကျိန်ခဲ့ခြင်းဖြစ်သည်။

မက္ကဆီကိုရဲတပ်ဖွဲ့ မူးယစ်မှောင်ခိုမှုများနှိမ်နင်း

မက္ကဆီကိုနိုင်ငံအတွင်း မူးယစ်ဆေးဝါးမှောင်ခိုမှုများကို စစ်ဆင်ရေးတစ်ရပ်ဖြင့် နှိမ်နင်းခဲ့ရာ မူးယစ်ဆေးဝါးလုပ်ငန်း၌ ပါဝင်ပတ်သက်သူ ၃၀အားမက္ကဆီကိုရဲတပ်ဖွဲ့ဝင်များက ဖမ်းဆီးလိုက်သည်။

မက္ကဆီကိုနိုင်ငံမြောက်ပိုင်း ကိုရာဟူလီရာပြည်နယ်တွင် မူးယစ်ဆေးဝါးမှောင်ခိုမှု၌ ပါဝင်ပတ်သက်သူ ၂၂ဦးကို မက္ကဆီကိုရဲတပ်ဖွဲ့က ဖမ်းဆီးနိုင်ခဲ့သည်။

ထူးခြားဖြစ်စဉ်ကမ္ဘာတစ်ခွင်

- အိန္ဒိယနိုင်ငံ ကိုလ်ကတ္တားမြို့တွင် ဇန်နဝါရီ ၁၃ရက်က အထပ် ၁၃ထပ်မြင့်သော ဈေးရောင်းအဆောက်အအုံတစ်ခု မီးလောင်မှုဖြစ်ပွားရာ အဆောက်အအုံ အစိတ်အပိုင်းအများအပြား ဆုံးရှုံးပျက်စီးခဲ့သည်။ (အောက်ပုံ)

- အာဖဂန်နစ္စတန်နိုင်ငံ ကဘူးလ်မြို့ အနောက်ဘက်ဒေသများတွင် ဇန်နဝါရီ ၁၄ရက် နံနက်ပိုင်းက ဆီးနှင်းများ ထူထပ်သိပ်သည်းစွာ ကျဆင်းရာ အအေးလွန်ကဲမှုကြောင့် ၄၃ဦး သေဆုံးခဲ့သည်။
- **ဗီယက်နမ်နိုင်ငံ အလယ်ပိုင်း နူအင်ပြည်နယ် ကျူလူမြို့အနီး ကျောက်တွင်းတစ်တွင်း၌ ဇန်နဝါရီ၁၃ရက်က ကျောက်တုံးများ ပြိုကျမှုကြောင့် ကျောက်တွင်းလုပ်သားခုနစ်ဦး သေဆုံးခဲ့သည်။**
- အမေရိကန်နိုင်ငံ အိုဟိုင်းယိုးကျွန်းအနောက်မြောက်ဘက်တွင် ဇန်နဝါရီ ၁၃ရက်က လေယာဉ်ငယ်တစ်စင်းပျက်ကျခဲ့ရာ လေးဦးသေဆုံးခဲ့သည်။
- **တရုတ်နိုင်ငံ မကာအိုနှင့် ဟောင်ကောင်အကြား ပင်လယ်ပြင်တွင် ဇန်နဝါရီ ၁၃ရက်က ခရီးသည်တင်ကူးတို့သင်္ဘောနှစ်စင်းတိုက်မိခဲ့ရာ ခရီးသည် ၁၃၃ဦး ဒဏ်ရာရရှိခဲ့သည်။**
- နိုင်ဂျီးရီးယားနိုင်ငံ ဟာကော့ဆိပ်ကမ်းတွင် ဇန်နဝါရီ၁၃ရက်က ရေနံတင်သင်္ဘောတစ်စင်း မီးလောင်ပေါက်ကွဲမှုဖြစ်ပွားပြီး ရေနံများ ယိုဖိတ်ခဲ့သည်။
- **ရုရှားနိုင်ငံ စိန့်ပီတာစဘတ်မြို့တွင် ဇန်နဝါရီ ၁၃ရက်က စက်ရုံတစ်ရုံမီးလောင်မှုဖြစ်ပွားရာ စက်ရုံအစိတ်အပိုင်း အများအပြား ပျက်စီးခဲ့သည်။**
- ဩစတြေးလျနိုင်ငံ ဆစ်ဒနီမြို့တွင် ဇန်နဝါရီ ၁၃ရက်က နေအိမ်ငါးထပ်အမြင့်မှ လေးနှစ်အရွယ် ကလေးငယ်တစ်ဦးပြုတ်ကျခဲ့ရာ အနည်းငယ်သာ ပွန်းပဲ့ဒဏ်ရာရရှိခဲ့သည်။

ရွှေကမ္ဘာလုံးရုပ်ရှင်အကောင်းဆုံးဆုများ ထုတ်ပြန်ကြေညာ

လော့စ်အိန်ဂျလိစ် ဇန်နဝါရီ ၁၄

ရွှေကမ္ဘာလုံး ရုပ်ရှင်အကောင်းဆုံး ဆုရသူများနှင့် ဇာတ်ကားများစာရင်းကို ဇန်နဝါရီ ၁၄ရက်က အမေရိကန်ပြည်ထောင်စု လော့စ်အိန်ဂျလိစ်ရှိ ရွှေကမ္ဘာလုံး ရုပ်ရှင်ဆုချီးမြှင့်ရေးအဖွဲ့က ထုတ်ပြန်ကြေညာလိုက်သည်။

အကောင်းဆုံးရုပ်ရှင်ကား (ဇာတ်လမ်း)

အကောင်းဆုံး ရုပ်ရှင်ကားကို ဗြိတိသျှဇာတ်လမ်း ရုပ်ရှင်ကားဖြစ်သည့် Atonement က ဆွတ်ခူးရရှိခဲ့သည်။ ယင်းဇာတ်လမ်းရုပ်ရှင်ကားတွင် ကီရာနိုက်တလီနှင့် ဂျိမ်းစ်မက်အဗွိုင်းတို့က ပါဝင်သရုပ်ဆောင်ထားသည်။

အကောင်းဆုံးရုပ်ရှင်ကား (ဟာသဇာတ်မြူး)

အကောင်းဆုံး ဟာသဇာတ်မြူး ရုပ်ရှင်ကားကို Sweeney Todd က ဆွတ်ခူးရရှိသွားသည်။ ယင်းဇာတ်ကားတွင် အကောင်းဆုံးဟာသသရုပ်ဆောင် မင်းသားဆု ဆွတ်ခူးရရှိသော ဂျွန်နီဒက်ပ် ပါဝင်သရုပ်ဆောင်ထားသည်။

အကောင်းဆုံးဒါရိုက်တာဆု

အကောင်းဆုံး ဒါရိုက်တာဆု ကို ဂျူလီယန်ချာ နာဘယ်က The Diving Bell and the Butterfly ဇာတ်ကားဖြင့် ရရှိခဲ့သည်။

အကောင်းဆုံးအမျိုးသား သရုပ်ဆောင်ဆု

အကောင်းဆုံး အမျိုးသားသရုပ်ဆောင်ဆု(ဇာတ်လမ်း)ကို ဒန်နီရယ်ဒေးလူးဝစ်က The Will Be Blood ဇာတ်ကား၌ ရရှိခဲ့သည်။

အကောင်းဆုံးအမျိုးသမီး သရုပ်ဆောင်ဆု

အကောင်းဆုံး အမျိုးသမီးသရုပ်ဆောင်ဆု(ဇာတ်လမ်း)ကို ဗြိတိသျှရုပ်ရှင်သရုပ်ဆောင်မင်းသမီး ဂျူလီခရစ္စတီးက Away from Her ဇာတ်ကားဖြင့် ဆွတ်ခူးနိုင်ခဲ့သည်။ ခရစ္စတီးသည် ယင်းဇာတ်ကားတွင် အယ်လ်ဇိုင်းမားရောဂါ ခံစားနေရသူတစ်ဦးအဖြစ် ပြောင်မြောက်စွာ သရုပ်ဆောင်ထားသည်။

အကောင်းဆုံး အမျိုးသားဇာတ်ပို့ဆု

အကောင်းဆုံး အမျိုးသားဇာတ်ပို့ဆုကို ဂျာဗီယာဘာဒမ်က No Country for Old Men ဇာတ်ကားဖြင့် ဆွတ်ခူးနိုင်ခဲ့သည်။

အကောင်းဆုံး အမျိုးသမီးဇာတ်ပို့ဆု

အကောင်းဆုံး အမျိုးသမီးဇာတ်ပို့ဆုကို ဩစတြေးလျရုပ်ရှင်မင်းသမီး ကိတ်ဘရန်ချက်က I'm Not There ဇာတ်ကားဖြင့် ဆွတ်ခူးရရှိသွားသည်။

အကောင်းဆုံး နိုင်ငံခြားဘာသာစကားရုပ်ရှင်ဆု

အကောင်းဆုံး နိုင်ငံခြားဘာသာစကား ရုပ်ရှင်ဆုကို The Diving Bell and the Butterfly (ပြင်သစ်နှင့်အမေရိကန်)ဇာတ်ကားက ရရှိခဲ့သည်။

အကောင်းဆုံးဇာတ်ညွှန်းဆု

အကောင်းဆုံးဇာတ်ညွှန်းဆုကို အီသန်ကိုးလ်နှင့် ဂျိုးလ်ကိုးလ်တို့က No Country for Old Men ဇာတ်ကားဖြင့် ရရှိခဲ့သည်။

(အင်တာနက်)

ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးအသင်း ဗဟိုအတွင်းရေးမှူး ပြန်ကြားရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ဆန်း ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးအသင်း နှစ်ပတ်လည် သင်းလုံးကျွတ်အစည်းအဝေး (၂၀၀၇) ဂုဏ်ပြုဇာတ်လမ်းဖြစ်သော 'ကြယ်စင်သက်သေ' ဗီဒီယိုဇာတ်လမ်းတွင် ပါဝင်ကူညီခဲ့ကြသူများအား ဂုဏ်ပြုညစာစားပွဲဖြင့် တည်ခင်းဧည့်ခံသည့် အခမ်းအနားတွင် အမှာစကားပြောကြားစဉ်။ (သတင်းစဉ်)

● ကျောဖုံးမှ

ရန်ကုန်မြို့တော် စည်ပင်သာယာရေး ကော်မတီ ဒုတိယဉက္ကဋ္ဌ ဒုတိယမြို့တော်ဝန် ဗိုလ်မှူးကြီးမောင်ပါ၊ ပြန်ကြားရေးဝန်ကြီးဌာနမှ ဌာနဆိုင်ရာ အကြီးအကဲများနှင့် တာဝန်ရှိသူများ၊ ပြည်ထောင်စုမြန်မာနိုင်ငံ ကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များ အသင်းချုပ် ဉက္ကဋ္ဌ၊ မြန်မာနိုင်ငံ ရုပ်ရှင်အစည်းအရုံးနှင့် ဗီဒီယိုဆင်ဆာအဖွဲ့တို့မှတာဝန်ရှိသူများ၊ကြယ်စင်သက်သေ ဗီဒီယိုဇာတ်လမ်းတွင် ပါဝင်ကူညီခဲ့ကြသည့် ရုပ်ရှင်၊ဗီဒီယိုနှင့် ဂီတအနုပညာရှင်၊ အတတ်ပညာရှင်များနှင့်ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

ဂုဏ်ပြုညစာစားပွဲအခမ်းအနားတွင် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း ဗဟိုအတွင်းရေးမှူး ပြန်ကြားရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ဆန်းက ဂုဏ်ပြုအမှာစကား ပြောကြားရာ၌ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း၏ ၂၀၀၇ခုနှစ် နှစ်ပတ်လည် ဂုဏ်ပြုဇာတ်လမ်းဖြစ်သည့် ကြယ်စင်သက်သေ ဂုဏ်ပြုဇာတ်လမ်းကို ပြသခဲ့ရာ ပြည်သူအားလုံးက နှစ်ခြိုက် အသိအမှတ်ပြုအားပေးခဲ့ကြသည်ကိုတွေ့ရကြောင်း၊ ရုပ်ရှင်၊ ဂီတ၊ စာပေလောကတို့မှ အနုပညာရှင်၊ အတတ်ပညာရှင်များ၏ စေတနာနှင့် တက်ညီလက်ညီ၊ စည်းစည်းလုံးလုံး၊ ညီညီညွတ်ညွတ်ဖြင့် ပူးပေါင်းလက်တွဲဆောင်ရွက်ခဲ့မှုတို့ကြောင့် ယခုကဲ့သို့ အောင်မြင်ခဲ့ခြင်းဖြစ်ကြောင်း။

ပံ့ပိုးကူညီ

ဤဇာတ်ကားဖြစ်မြောက်အောင်မြင်ရေးအတွက် ပါဝင်ခဲ့ကြသော အနုပညာရှင်များသည် ကျရာအခန်းကဏ္ဍ အသီးသီးမှ တက်ညီလက်ညီ ပါဝင်ကူညီခဲ့ကြသည့်အတွက် အထူးပင်ကျေးဇူးတင်ရှိပါကြောင်း၊ ဤဇာတ်ကားကြီးအား ကောင်းသည်ထက် ကောင်းအောင် ဝိုင်းဝန်းပံ့ပိုး ကူညီခဲ့ကြမှုကိုလည်း ကျေနပ်အားရမိပါကြောင်း။

မီဒီယာ၏စွမ်းပကားသည်မျိုးဆက်သစ် လူငယ်များကို လမ်းမှန်ရောက်အောင် စွမ်းဆောင်နိုင်သကဲ့သို့ လမ်းများကို ဆိုးရွားစွာရောက်အောင်လည်း စွမ်းဆောင်နိုင်ပါကြောင်း၊ အလားတူ နိုင်ငံတစ်နိုင်ငံ၊ တိုင်းပြည်တစ်ပြည်ကိုလည်း ကိုလိုနီလက်သစ် သြဇာခံနိုင်ငံဘဝသို့ရောက်အောင် စွမ်းဆောင်ပေးနိုင်ကြောင်း။

အမျိုးသားရေးတာဝန်

ထို့ကြောင့် နိုင်ငံသားအားလုံးသည် ဤမြေမှာနေ ဤရေကိုသောက်ပြီး ကြီးပြင်းလာကြသူများပီပီ မိမိနိုင်ငံ၏ လွတ်လပ်ရေးနှင့် အချုပ်အခြာအာဏာကို အမျိုးသားရေးတာဝန်တစ်ရပ်အဖြစ် ခံယူစောင့်ထိန်းကြရန်လိုကြောင်း။

နိဂုံးချုပ်အနေဖြင့် ရုပ်ရှင်၊ ဂီတ၊ စာပေအနုပညာရှင်၊ အတတ်ပညာရှင်များအနေဖြင့် အမျိုးသားရေးတာဝန်များကို ယခုကဲ့သို့ပင် နောက်နောင်လည်း စည်းစည်းလုံးလုံး၊ ညီညီညွတ်ညွတ်ဖြင့် ဆက်လက်ပါဝင် ထမ်းဆောင်နိုင်သွားကြရန် တိုက်တွန်းလိုကြောင်းဖြင့် ပြောကြားသည်။

ထို့နောက် ကြယ်စင်သက်သေ ဂုဏ်ပြုဇာတ်လမ်းတွင် ပါဝင်ကူညီခဲ့ကြသော အနုပညာရှင်၊ အတတ်ပညာရှင်များအား ဂုဏ်မှတ်တမ်းလွှာနှင့် ဂုဏ်ပြုဆုငွေများကို ပေးအပ်ချီးမြှင့်ရာ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးအသင်း ဗဟိုအတွင်းရေးမှူး ဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ဆန်းက ဒါရိုက်တာ မလိခ စိုးထိုက်အောင်၊ ဇာတ်ညွှန်း အကယ်ဒမီ ငြိမ်းမင်း၊ ဝတ္ထု မစန္ဒာ (ဒေါ်ချိုချိုတင်)၊သရုပ်ဆောင်များဖြစ်ကြသည့်အကယ်ဒမီရန်အောင်၊အကယ်ဒမီ လွင်မိုး၊ အကယ်ဒမီ ထွန်းထွန်းဝင်း၊ အကယ်ဒမီ မေသဥ္ဇာဦးနှင့်အကယ်ဒမီ အိန္ဒြာကျော်ဇင်တို့အား လည်းကောင်း၊ ပြည်ထောင်စု ကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေး အသင်း ဗဟိုအတွင်းရေးမှူး ဝန်ကြီး ဗိုလ်မှူးချုပ်သိန်းဇော်က သရုပ်ဆောင်များဖြစ်ကြသည့် နေတိုး၊ ထွန်းထွန်း၊ စိုးမိုးကြည်၊ ဘုန်းသျှန်၊ ဟိန်းဝေယံ၊ သဇင်နှင့်ဆန်းထွန်းတို့အားလည်းကောင်း၊ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း ဗဟိုအလုပ်အမှုဆောင် ဒုတိယမြို့တော်ဝန် ဗိုလ်မှူးကြီးမောင်ပါက သရုပ်ဆောင်များဖြစ်ကြသော ကေတုမတီမျိုးအောင်၊ စိုးရတနာနှင့် ဒေါ်အိအိစိုး၊ တေးရေးသူ စိုးလင်း၊ တေးသံရှင်

ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးအသင်း ဗဟိုအတွင်းရေးမှူး ဆက်သွယ်ရေး၊ စာတိုက်နှင့်ကြေးနန်းဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်သိန်းဇော် 'ကြယ်စင်သက်သေ' ဂုဏ်ပြုဇာတ်လမ်းတွင် ပါဝင်ကူညီခဲ့သည့် သရုပ်ဆောင် စိုးမိုးကြည်အား ဂုဏ်ပြုမှတ်တမ်းလွှာနှင့် ဂုဏ်ပြုဆုငွေများ ပေးအပ်ချီးမြှင့်စဉ်။ (သတင်းစဉ်)

များဖြစ်ကြသည့် L လွန်းဝါ၊ ဟဲလေး၊ ဒီယံနှင့် ငွေးမြန်မာရုပ်ရှင်နှင့် ဗီဒီယိုထုတ်လုပ်ရေးမှ ဦးငွေးဝင်းတို့အား လည်းကောင်း ဂုဏ်ပြုမှတ်တမ်းလွှာနှင့် ဂုဏ်ပြုဆုငွေများကို ပေးအပ်ချီးမြှင့်ကြသည်။

ဂုဏ်ပြုချီးမြှင့်

ဆက်လက်၍ ပြည်ထောင်စုမြန်မာနိုင်ငံ ကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းချုပ် ဉက္ကဋ္ဌ ဦးဝင်းမြင့်က ကြယ်စင်သက်သေ ဂုဏ်ပြုဇာတ်လမ်းတွင် ပါဝင်ကူညီခဲ့ကြသည့် အနုပညာရှင်နှင့် အတတ်ပညာရှင်များအား ငွေကျပ်သိန်း ၃၀ကို ဂုဏ်ပြုချီးမြှင့်ရာ မြန်မာနိုင်ငံ ရုပ်ရှင်အစည်းအရုံးဉက္ကဋ္ဌ ဦးမြင့်သိန်းဖေက လက်ခံသည်။

ယင်းနောက် မြန်မာ့ရုပ်ရှင်လုပ်ငန်း ဦးဆောင်ညွှန်ကြားရေးမှူး ဦးအောင်မျိုးမြင့်က ရုပ်ရှင်၊ ဗီဒီယို အနုပညာရှင်၊ အတတ်ပညာရှင်များ၏ ဂုဏ်ပြုမှတ်တမ်းလွှာများကို တွဲဖက်ဒါရိုက်တာ မင်းမင်းအားလည်းကောင်း၊ ဧည့်ခံ ဖျော်ဖြေသော ကရဝိက်နန်းတော် မြန်မာဆိုင်းဝိုင်းအတွက် ဂုဏ်ပြုဆုငွေများကို အဖွဲ့ခေါင်းဆောင်အား လည်းကောင်း ပေးအပ်ချီးမြှင့်သည်။

ထို့နောက် ကြယ်စင်သက်သေ ဂုဏ်ပြုဇာတ်လမ်းတွင်ပါဝင်ကူညီခဲ့ကြသည့် ရုပ်ရှင်၊ ဗီဒီယိုနှင့် ဂီတအနုပညာရှင်၊ အတတ်ပညာရှင်များကိုယ်စား ကြယ်စင်သက်သေဂုဏ်ပြုဇာတ်လမ်း ရိုက်ကူးသူ ဒါရိုက်တာ အကယ်ဒမီ မလိခစိုးထိုက်အောင်က ကျေးဇူးတင်စကားပြောကြားပြီး ဂုဏ်ပြုညစာ စားပွဲဖြင့် တည်ခင်းဧည့်ခံကာ အခမ်းအနားကို ရုပ်သိမ်းလိုက်သည်။

ရင်းရင်းနှီးနှီးနှုတ်ဆက်

အခမ်းအနားအပြီးတွင် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးအသင်း ဗဟိုအတွင်းရေးမှူးများ ဖြစ်ကြသော ဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ဆန်းနှင့် ဝန်ကြီး ဗိုလ်မှူးချုပ်သိန်းဇော်၊ ဌာနဆိုင်ရာအကြီးအကဲများသည် တက်ရောက်လာကြသည့် ရုပ်ရှင်၊ ဗီဒီယိုနှင့် ဂီတအနုပညာရှင်၊ အတတ်ပညာရှင်များအား ရင်းရင်းနှီးနှီး နှုတ်ဆက်ကြသည်။ **(သတင်းစဉ်)**

✻ ရှေ့ဖုံးမှ

စီမံကိန်းဒုတိယအဆင့်ဆောင်ရွက်နေမှုနှင့် စီမံကိန်းတတိယအဆင့် ဆက်လက်ဆောင်ရွက်သွားမည့်အခြေအနေ၊ အင်းလျားကန်တူးဖော်ဆောင်ရွက်နေမှုတို့ကို ရှင်းလင်းတင်ပြသည်။

ယင်းနောက် ဒုတိယဗိုလ်ချုပ်ကြီးမြင့်ဆွေက ရန်ကုန်မြို့နေပြည်သူများအတွက် ကြည်လင်သန့်ရှင်းသည့် သောက်သုံးရေလုံလောက်စွာရရှိရေး ဆောင်ရွက်နေခြင်းဖြစ်၍ လုပ်ငန်းအပေါ် စေတနာထားပြီး စီမံကိန်းတစ်ခုလုံးပြီးစီးရေးအတွက် အင်တိုက်အားတိုက် ဆောင်ရွက်ရေး၊ အင်းလျားကန် တူးဖော်ဆောင်ရွက်ရာတွင် ရေအတိုး အလျော့အပေါ်မူတည်၍ ချိန်ကိုက် ဆောင်ရွက်ရေးတို့ကို မှာကြားပြီး ရေသန့်စင်စက်ရုံမှ ရန်ကုန်မြို့အတွင်း ရေပေးဝေမှုကို ကြည့်ရှုစစ်ဆေးသည်။

ထပ်မံပေးဝေ

အဆိုပါ ရန်ကုန်မြို့တော် ရေပေးဝေရေးစီမံကိန်း ပထမအဆင့်အဖြစ် တည်ဆောက်ပြီးစီးသည့် ရေသန့်စက်ရုံမှ သောက်သုံးရေနေ့စဉ်ရေဂါလန် ၄၅သန်း ထပ်မံဖြည့်တင်းပေးဝေလျက်ရှိပြီး ဒုတိယအဆင့်၊ တတိယအဆင့် စီမံကိန်းတစ်ခုလုံး ပြီးစီးပါက နေ့စဉ် ရေဂါလန် ၁၃၅သန်း ထပ်မံပေးဝေနိုင်မည်ဖြစ်သည်။

ထိုမှတစ်ဆင့် ဒုတိယဗိုလ်ချုပ်ကြီးမြင့်ဆွေသည် တိုင်းမှူးနှင့်အဖွဲ့ဝင်များ လိုက်ပါလျက် ရန်ကုန်မြောက်ပိုင်းခရိုင် လှည်းကူးမြို့နယ်အတွင်း၌ ရေအရင်းအမြစ်အသုံးချရေးဦးစီးဌာန၏ ဧက၇၀၀အကျိုးပြု ဘားလား(၂) လျှပ်စစ်ရေတင်စီမံကိန်း၊ ဧက၃၇၀၀အကျိုးပြု ဆင်ဖုံလျှပ်စစ်ရေတင်စီမံကိန်း၊ ဧက၅၀၀အကျိုးပြု မလစ်လျှပ်စစ်မြစ်ရေတင်စီမံကိန်း၊ ဧက၁၀၀၀အကျိုးပြု စစ်ပင်လျှပ်စစ်ရေတင်စီမံကိန်း၊ ဧက ၆၀၀ အကျိုးပြုရေကျော်လျှပ်စစ် မြစ်ရေတင်စီမံကိန်းများသို့ လှည့်လည်ကြည့်ရှုစစ်ဆေးသည်။

ထိန်းသိမ်းစောင့်ရှောက်

ယင်းနောက် ဒုတိယဗိုလ်ချုပ်ကြီးမြင့်ဆွေသည် နွေစပါးစိုက်ပျိုးနိုင်ရေးအတွက် ရေဖြန့်ဝေပေးနေမှုများကို ကြည့်ရှုစစ်ဆေးပြီး သတ်မှတ်အကျိုးပြုဧကထက် လျှာထားကျော်လွန်စွာ စိုက်ပျိုးနိုင်ရန် ရေအပြည့်အဝ ပေးဝေရေး၊ ရေရှည်ထိန်းသိမ်းစောင့်ရှောက် ဆောင်ရွက်ရေးတို့နှင့် စပ်လျဉ်း၍ လိုအပ်သည်များကို မှာကြားသည်။

ရန်ကုန်မြောက်ပိုင်းခရိုင် မင်္ဂလာဒုံမြို့နယ်နှင့် လှည်းကူးမြို့နယ်တို့တွင် ၂၀၀၇-၂၀၀၈ ခုနှစ် နွေစပါးရာသီ၌ လျာထားဧက ၁၃၄၅၀ အနက် ၂၇၅၀ဧက စိုက်ပျိုးပြီးစီးကြောင်း သိရသည်။

အလားတူ ရန်ကုန်မြောက်ပိုင်းခရိုင်၌ ၂၀၀၇-၂၀၀၈ခုနှစ် နွေစပါးရာသီတွင် စုစုပေါင်းဧက ၁၆၂၅၉၅ လျာထားသည့်အနက် ဧက ၆၀၀၀၀ စိုက်ပျိုးပြီးကြောင်း သိရသည်။

ထိုမှတစ်ဆင့် ဒုတိယဗိုလ်ချုပ်ကြီးမြင့်ဆွေသည် ရန်ကုန်အရှေ့ပိုင်းခရိုင် ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ် စစ်ပင်တောင်ကျေးရွာအနီးရှိ ငမိုးရိပ်ရေထိန်းတံခါးစီမံကိန်းသို့ရောက်ရှိရာ ရှင်းလင်းဆောင်၌ ဆည်မြောင်းဦးစီးဌာန (ရန်ကုန်တိုင်း) ညွှန်ကြားရေးမှူးဦးကျော်သိန်းက စီမံကိန်းဆိုင်ရာ အချက်အလက်များကို ရှင်းလင်းတင်ပြသည်။

ရှင်းလင်းတင်ပြချက်များနှင့် စပ်လျဉ်း၍ ဒုတိယဗိုလ်ချုပ်ကြီးမြင့်ဆွေက လိုအပ်သည်များကိုမှာကြားပြီး ငမိုးရိပ်ရေထိန်းတံခါးအား ကြည့်ရှုစစ်ဆေးသည်။

ထို့နောက် ဒုတိယဗိုလ်ချုပ်ကြီးမြင့်ဆွေသည် တိုင်းမှူးနှင့် အဖွဲ့ဝင်များ လိုက်ပါလျက် ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ်ရှိ ရွာသာကြီးဘူတာသို့ရောက်ရှိရာ ရှင်းလင်းဆောင်၌ မြန်မာ့မီးရထား လက်ထောက်အထွေထွေမန်နေဂျာ (မြို့ပြ) ဦးငွေအောင်က ရွာသာကြီးဘူတာ အဆင့်မြှင့်တင်ရေးစီမံကိန်းဆိုင်ရာ အချက်အလက်များကို ရှင်းလင်းတင်ပြသည်။

ဆွေးနွေးမှာကြား

တင်ပြချက်များနှင့်စပ်လျဉ်း၍ ဒုတိယဗိုလ်ချုပ်ကြီးမြင့်ဆွေက လိုအပ်သည်များကို ပေါင်းစပ်ညှိနှိုင်းဆွေးနွေးမှာကြားပြီး စီမံကိန်းမြေနေရာကို ကြည့်ရှုစစ်ဆေးသည်။

အဆိုပါ ရွာသာကြီးဘူတာအဆင့်မြှင့်တင်ရေးစီမံကိန်းအဖြစ် ဘူတာကို အလျား ၄၈၈ ပေ၊ အနံပေ ၁၁၀ ရှိ နှစ်ထပ်သံကူကွန်ကရစ် အဆောက်အအုံနှင့် သုံးထပ်ထိန်းချုပ်မျှော်စင်တစ်ခု ပါဝင်မည်ဖြစ်သည်။ **(သတင်းစဉ်)**

ပြည် ဂျီတီအိုင်ကျောင်းဆင်းအင်ဂျင်နီယာများ အာစရိယပူဇော်ပွဲ ကျင်းပမည်

ရန်ကုန် ဇန်နဝါရီ ၁၄

ပြည် G.T.I ကျောင်းဆင်းအင်ဂျင်နီယာများ၏ သတ္တမအကြိမ် အာစရိယပူဇော်ပွဲကို ဖေဖော်ဝါရီ ၃ ရက် (တနင်္ဂနွေနေ့) ညနေ ၆ နာရီတွင် ဝေဇယန္တာလမ်းနှင့် လေးထောင့်ကန်လမ်းထောင့် Eagle Garden Restaurant (ယခင် စကိတ်ကွင်း)၌ ကျင်းပမည်ဖြစ်ရာ အလှူငွေနှင့် ပစ္စည်းများထည့်ဝင်လှူဒါန်းလိုသူများသည် ဦးခင်မောင်ဝင်း ဖုန်း-၀၉-၅၀၀၄၅၂၅၊ ဦးတင်အေး ဖုန်း-၀၉-၅၀၀၃၇၈၂၊ ဦးအောင်ထူး (ကာတွန်းကိုရွှေထူး-ပြည်) ဖုန်း-၀၉-၅၀၁၆၈၇၆၊ ဦးလှငွေး ဖုန်း-၀၉-၅၁-၃၂၇၁၄၊ ဦးဝေလွင် ဖုန်း-၀၉-၅၁-၃၂၇၇၄၊ ဦးအောင်မိုး ဖုန်း-၀၉-၅၁၅၃၉၈၅ တို့သို့ ဆက်သွယ်လှူဒါန်းနိုင်ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

ဒို့ကျေးရွာဂျာနယ် အတွဲ(၅)၊ အမှတ်(၂) ထွက်ပြီ

ရန်ကုန် ဇန်နဝါရီ ၁၄

ခွာညိုပန်းတို့ပွင့်လန်းကြသည့် ဟေမန္တ ဆောင်းကာလ၊ မကာရရာသီပြာသိုလ၌ ကျေးလက်ပြည်သူတောင်သူဦးကြီးတို့အား စိုက်ပျိုးရေး၊မွေးမြူရေး၊ ကျန်းမာရေးနှင့်သုတ၊ရသ၊ ဗဟုသုတအဖြာဖြာဖော်ပြပေးနေသော ဒို့ကျေးရွာဂျာနယ် အတွဲ(၅)၊ အမှတ်(၂)ကို ၂၀၀၈ခုနှစ် ဇန်နဝါရီ၁၅ရက် **(ယနေ့)** ထုတ်ဝေလိုက်ပြီဖြစ်သည်။ **(အောက်ပုံ)**

ဝေဝေဆာဆာဖော်ပြ

ဒို့ကျေးရွာဂျာနယ်တွင် စားသုံးဆီ ဖူလုံရေး နေကြာသီးညှပ်စိုက်ပျိုးပေး၊ ဘက်စုံအသုံးဝင် ခြစ်စည်းရိုးကြက်ဆူပင်၊ လေးပိုးအန္တရာယ်နှင့် ရောင်းတမ်းဝင် သရက်စိုက်ပျိုးခြင်း၊ မြေပဲအထွက်တိုး တို့စိုက်ပျိုး စသည့် စိုက်ပျိုးရေးဆောင်းပါးများ၊ ကျွဲ၊ နွား ခွာနာလျှာနာရောဂါ သတိပြုပါ၊ နို့စားနွားမွေးမြူရေးတွင် သတိပြုစရာ နွားသားလျှောရောဂါ၊ ကျွဲ၊ နွားအအေးမိဖျားနာရောဂါပျောက်ဆေး စသည့် မွေးမြူရေးဆောင်းပါးများ၊ ဒူးစွမ်းရည်ဆုံးရှုံးလို့တဲ့၊ ဗုဒ္ဓသရဏံပင်ဆေးဖက်ဝင်၊ ပိန္နဲသီးနှင့်အာဟာရ စသည့် ကျန်းမာရေးဆိုင်ရာ ဆောင်းပါးများ၊ အသောက၏ဓမ္မဝါဒ၊ မြန်မာ့ရေချမ်းစင်၊ ရှမ်းနှစ်သစ်ကူးပွဲတော်နှင့် ကောက်သစ်လှူပွဲ၊ အဖေပြောသောပုံပြင်တစ်ပုဒ် သို့မဟုတ် ချွေတာစုဆောင်း သူဌေးလောင်း၊ ကျောက်ကလပ်မှ မျှင်ငါးပိနှင့် ငံပြာရည်လုပ်ငန်း စသည့် အသိပညာပေးဆောင်းပါးများ၊ လုပ်ရတော့ညာလက် ရွှေဝတ်ရတော့ဘယ်လက် စသည့်ဝတ္ထုတိုများအပြင် ပုံပြင်၊ဟာသ၊ကာတွန်း၊ကဗျာ၊ မြန်မာဗီဒီယိုဇာတ်လမ်းများ၊ သတင်းအတိုအထွာများဖြင့် သုတ၊ ရသစုံလင်စွာ ဝေဝေဆာဆာ ဖော်ပြထားသည်။

ဒို့ကျေးရွာဂျာနယ်အား အမြို့မြို့အနယ်နယ်ရှိ ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနရုံးများနှင့် ရန်ကုန်မြို့ရှိ စာပေဗိမာန်စာအုပ်အရောင်းဆိုင်၊ ဝါမိုးအောင်စာအုပ်ဆိုင်တို့တွင် တစ်စောင်လျှင် ကျပ် ၁၅၀နှုန်းဖြင့် ဝယ်ယူရရှိနိုင်ပါသည်။

ဒို့ကျေးရွာဂျာနယ်အတွက် စာမူနှင့် ကြော်ငြာများကို အမှတ်၂၂၈ သိမ်ဖြူလမ်း ဗိုလ်တထောင်မြို့နယ် ရန်ကုန်မြို့ ဖုန်း-၃၇၁၃၄၀၊ ၃၇၁၃၄၂ သို့ ဆက်သွယ်ပေးပို့နိုင်သည်။ **(သတင်းစဉ်)**

မြန်မာနိုင်ငံမိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်း ရောဂါရှာဖွေရေးဆေးခန်း အဆင့်မြှင့်ဆောင်ရွက်မှုဖွင့်ပွဲကျင်းပ

ရန်ကုန် ဇန်နဝါရီ ၁၄

မြန်မာနိုင်ငံ မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်း၏ ရောဂါရှာဖွေရေးဆေးခန်း အဆင့်မြှင့်ဆောင်ရွက်မှု ဖွင့်ပွဲအခမ်းအနားကို ယနေ့နံနက် ၉နာရီက ရန်ကုန်မြို့ တောင်ဥက္ကလာပမြို့နယ် သံသုမာလမ်းနှင့်ပါရမီလမ်းထောင့်ရှိ မြန်မာနိုင်ငံ မိခင်နှင့်ကလေးစောင့်ရှောက်ရေး အသင်းခန်းမ၌ ကျင်းပသည်။

တက်ရောက်

အဆိုပါ ဖွင့်ပွဲအခမ်းအနားသို့ မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ် ဥက္ကဋ္ဌ ဒေါ်ခင်ခင်ဝင်း၊ မြန်မာနိုင်ငံ မိခင်နှင့်ကလေး စောင့်ရှောက်ရေး အသင်း ဥက္ကဋ္ဌ ဒေါ်ခင်စောနှင်းနှင့် အမှုဆောင်အဖွဲ့ဝင်များ၊ ရန်ကုန်တိုင်း မိခင်နှင့်ကလေး စောင့်ရှောက်ရေး ကြီးကြပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဒေါ်မာမာဝေ နှင့် အဖွဲ့ဝင်များ၊ ခရိုင်မိခင်နှင့်ကလေး စောင့်ရှောက်ရေး ကြီးကြပ်ရေးအဖွဲ့ ဥက္ကဋ္ဌများနှင့်အဖွဲ့ဝင်များ၊ မြို့နယ် မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်း ဥက္ကဋ္ဌများနှင့် အဖွဲ့ဝင်များ၊ ရောဂါရှာဖွေရေးဆိုင်ရာပါရဂူများ၊ သားဖွားခန်း တာဝန်ခံများ၊ လူမှုရေးအသင်း အဖွဲ့ဝင်များနှင့် ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

ရှေးဦးစွာ မြန်မာနိုင်ငံမိခင်နှင့် ကလေးစောင့်ရှောက်ရေးအသင်းဥက္ကဋ္ဌ ဒေါ်ခင်စောနှင်းက အဖွင့်အမှာစကား ပြောကြားပြီး မြန်မာနိုင်ငံမိခင်နှင့် ကလေးစောင့်ရှောက်ရေးအသင်းဒုတိယ ဥက္ကဋ္ဌ ဒေါက်တာဒေါ်တင်လင်းမြင့်က ရောဂါရှာဖွေရေးဆေးခန်း လုပ်ငန်း ဆောင်ရွက်နေမှုများကို ရှင်းလင်း ပြောကြားသည်။

လှည့်လည်ကြည့်ရှု

ထို့နောက် မြန်မာနိုင်ငံအမျိုးသမီး ရေးရာအဖွဲ့ချုပ်ဥက္ကဋ္ဌ ဒေါ်ခင်ခင်ဝင်း၊ မြန်မာနိုင်ငံမိခင်နှင့်ကလေးစောင့်ရှောက် ရေးအသင်းဥက္ကဋ္ဌ ဒေါ်ခင်စောနှင်းနှင့် တာဝန်ရှိသူများသည် မြန်မာနိုင်ငံ မိခင်နှင့်ကလေး စောင့်ရှောက်ရေး အသင်း ရောဂါရှာဖွေရေးဆေးခန်း အတွင်း လှည့်လည်ကြည့်ရှုကြသည်။

အမှာစကားပြောကြား

မြန်မာနိုင်ငံ မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်း ဥက္ကဋ္ဌ ဒေါ်ခင်စောနှင်း မြန်မာနိုင်ငံ မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်း၏ ရောဂါရှာဖွေရေးဆေးခန်း အဆင့်မြှင့်ဆောင်ရွက်မှုဖွင့်ပွဲတွင် အမှာစကား ပြောကြားစဉ်။ (သတင်းစဉ်)

စတင်ဖွင့်လှစ်

မြန်မာနိုင်ငံ မိခင်နှင့်ကလေး စောင့်ရှောက်ရေးအသင်း၏ ရောဂါရှာဖွေရေးဆေးခန်းကို ၁၉၉၉ခုနှစ်တွင် စတင်ဖွင့်လှစ်ခဲ့ပြီး ၂၀၀၆ခုနှစ်တွင် မိခင်မှကလေးသို့ HIV ပိုးကူးစက်ခြင်းမှ ကာကွယ်ခြင်း စီမံချက် ဆောင်ရွက်ရန် PMCT (Centre)ကို တိုးချဲ့ဆောင်ရွက်ခဲ့သည်။

တိုးချဲ့ဆောင်ရွက်

၂၀၀၆ခုနှစ်တွင် Japan Grass-root Grant Assistance ၏ လှူဒါန်းမှုဖြင့် ဓာတ်မှန်ခန်းနှင့် ဓာတ်ခွဲခန်း ဖွင့်လှစ်ရန် စီစဉ်ဆောင်ရွက်ခဲ့ပြီး ၂၀၀၇ ခုနှစ် ဇန်နဝါရီလမှစ၍ ပြည်သူလူထု အတွင်း ကျန်းမာရေးဝန်ဆောင်မှုလုပ်ငန်းများ ဆက်လက်တိုးချဲ့ဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။ **(သတင်းစဉ်)**

အမျိုးသားတံခွန်စိုက်တင်းနစ်ပြိုင်ပွဲကျင်းပမည်

ရန်ကုန် ဇန်နဝါရီ ၁၄

မြန်မာနိုင်ငံ တင်းနစ်အဖွဲ့ချုပ်က ကြီးမှူးကျင်းပမည့် အမျိုးသား တံခွန်စိုက်တင်းနစ်ပြိုင်ပွဲကို ဇန်နဝါရီ ၂၀ရက် မှ ၂၄ရက်အထိ ရန်ကုန်မြို့ သိမ်ဖြူတင်းနစ်ကွင်း၌ ကျင်းပမည်ဖြစ်သည်။

စာရင်းပေးသွင်းနိုင်

အဆိုပါပြိုင်ပွဲတွင် အမျိုးသားအလွတ်တန်း၊ အမျိုးသမီးအလွတ်တန်း၊ အသက် ၃၅ နှစ်နှင့်အထက်၊ အသက် ၄၅နှစ်နှင့်အထက်၊ အသက် ၅၅ နှစ်နှင့်အထက်နှင့်အသက် ၆၀နှင့်အထက် (တစ်ဦးချင်း)ပြိုင်ပွဲ၊ (နှစ်ယောက်တွဲ) ပြိုင်ပွဲများပါဝင်မည်ဖြစ်သည်။ ပြိုင်ပွဲဝင်အားကစားသမားများသည် မြန်မာနိုင်ငံ တင်းနစ်အဖွဲ့ချုပ် ဖုန်း-၃၇၂၃၆၀ သို့ ဇန်နဝါရီ ၁၉ ရက် မွန်းတည့် ၁၂ နာရီနောက်ဆုံးထား၍ ဆက်သွယ်စာရင်းပေးသွင်းနိုင်ကြောင်း သတင်း ရရှိသည်။ (သတင်းစဉ်)

မျိုးဆက်သစ်လူငယ်ဂေါက်သီးရိုက်ပြိုင်ပွဲ ဗိုလ်လုပွဲများနှင့် ဆုချီးမြှင့်ပွဲကျင်းပ

ရန်ကုန် ဇန်နဝါရီ ၁၄

မြန်မာနိုင်ငံ ဂေါက်သီးရိုက်အဖွဲ့ချုပ်က ကြီးကြပ်၍ မြန်မာဂေါက်သီးရိုက် အသင်းက ကြီးမှူးကျင်းပသော ၂၀၀၇ခုနှစ် အဋ္ဌမအကြိမ်မြောက် မျိုးဆက်သစ် လူငယ်ဂေါက်သီးရိုက်ပြိုင်ပွဲ၏ ဗိုလ်လုပွဲများနှင့် ဆုချီးမြှင့်သည့် အခမ်းအနားကို ၂၀၀၇ခုနှစ် ဒီဇင်ဘာ ၂၈ရက် မွန်းလွဲပိုင်းတွင် ရန်ကုန်မြို့ ပြည်လမ်းရှိ မြန်မာ ဂေါက်သီးရိုက်အသင်း ကိုးမိုင်၌ကျင်းပသည်။

ဆုများချီးမြှင့်

ဗိုလ်လုပွဲများအပြီး၌ ဆုချီးမြှင့်သည့် အခမ်းအနားကိုကျင်းပရာ အလှူရှင်များ ကိုယ်စား ဒေါ်လွင်လွင်အောင်က အမျိုးသမီး အသက် (၁၀-၁၈)နှစ် အတန်း ပြိုင်ပွဲတွင် စတုတ္ထရရှိသော ကေသန့်ဇင်၊ တတိယရရှိသော မေဦးခိုင်၊ ဒုတိယ ရရှိသော ယဉ်မေမျိုးနှင့် ပထမရရှိသော မေလီတို့အားလည်းကောင်း၊ ဦးစောရန်နိုင် (Taylor Made)က အမျိုးသား အသက်(၁၀-၁၂)နှစ် အတန်းပြိုင်ပွဲတွင် ပဉ္စမရရှိသော ဖေယျာဝင်း၊ စတုတ္ထရရှိသော ဘရန်ဒန်၊ တတိယရရှိသော ခွန်အောင်မြတ်၊ ဒုတိယရရှိသော ဝေယံလင်းနှင့်ပထမရရှိသော စည်သူရဲရင့်တို့ အားလည်းကောင်း၊ မြန်မာဂေါက်သီး ရိုက်အသင်း အတွင်းရေးမှူး ဦးမြင့်စိုးက အမျိုးသား အသက်(၁၃-၁၅) နှစ် အတန်းပြိုင်ပွဲတွင် ပဉ္စမရရှိသော ကောင်းမိုးထွန်း၊ စတုတ္ထရရှိသော အောင်ကျော်လင်း၊ တတိယရရှိသော မောင်ကောင်းခန့်၊ ဒုတိယရရှိသော ရဲဇော်အောင်နှင့် ပထမရရှိသော ရဲလွင်ဦးတို့အားလည်းကောင်း ဆုများကို အလှည့်ကျ ပေးအပ်ချီးမြှင့်ကြသည်။

ချီးမြှင့်

ထို့နောက် မြန်မာနိုင်ငံဂေါက်သီး ရိုက်အဖွဲ့ချုပ် အထွေထွေအတွင်းရေးမှူး ဦးအောင်ကြည်က အမျိုးသားအသက် (၁၆-၂၀)နှစ် အတန်းပြိုင်ပွဲတွင် နှစ်ရက်ပေါင်း ၁၆၃ ချက်ဖြင့် ပဉ္စမရရှိသော ဇင်မင်းသူ၊ နှစ်ရက်ပေါင်း ၁၆၁ ချက်ဖြင့် စတုတ္ထရရှိသော အောင်အောင်၊ နှစ်ရက်ပေါင်း ၁၅၉ချက်ဖြင့် တတိယရရှိသော မင်းသူရအောင်၊နှစ်ရက်ပေါင်း၁၅၅ချက်ဖြင့်ဒုတိယရရှိသော ထွန်းထွန်းနှင့် နှစ်ရက်ပေါင်း၁၄၈ချက်ဖြင့် ပထမ ရရှိသော ကောင်းထူးအောင်တို့အားဆုများကို ပေးအပ်ချီးမြှင့်သည်။

(သတင်းစဉ်)

မျိုးဆက်သစ်လူငယ်ဂေါက်သီး ရိုက်ပြိုင်ပွဲတွင် ဆုရရှိသွားသော မျိုးဆက်သစ် လူငယ်များအား တွေ့ရစဉ်။ (သတင်းစဉ်)

နှင်းဆီကုန်းဘိုးဘွားရိပ်သာ စိန်ရတု စာပေဟောပြောပွဲ

သတင်းဆောင်းပါး-မိုးမြင့်လင်းလက်၊ ဓာတ်ပုံ-တင်စိုး(မြန်မာ့အလင်း)

ရန်ကုန် ဇန်နဝါရီ ၁၄

နှင်းဆီကုန်းဘိုးဘွားရိပ်သာရဲ့ (၇၅)နှစ်မြောက် စိန်ရတုအထိမ်းအမှတ် စာပေဟောပြောပွဲကို ရန်ကုန်မြို့ ဗဟန်းမြို့နယ် ကမ္ဘာအေးစေတီလမ်းမှာရှိတဲ့ နှင်းဆီကုန်းဘိုးဘွားရိပ်သာ သီရိရတနာခန်းမမှာ ဇန်နဝါရီ၁၂ရက် မွန်းတည့် ၁၂နာရီမှာ ကျင်းပခဲ့ပါတယ်။

"စေတနာရှင်၊ ပါရမီရှင်တွေ ငါးဦးအကြောင်း ကို အသေးစိတ် ဟောပြောသွား တာပါ" ဒေါက်တာ ထီလာစစ်သူ

ဟောပြော

ဒီစာပေဟောပြောပွဲမှာ အမျိုးသား စာပေဆုရ စာရေးဆရာ၊ ကဗျာဆရာ၊ သတင်းစာဆရာကြီး ဒေါက်တာ ထီလာစစ်သူ၊ အမျိုးသားစာပေဆုရ စာရေးဆရာကြီး တက္ကသိုလ်စိန်တင်နဲ့ အမျိုးသားစာပေဆုရ စာရေးဆရာမ ကြီး ဒေါက်တာမတင်ဝင်း(ပညာရေး တက္ကသိုလ်)တို့က ဟောပြောကြပါ တယ်။

တက္ကသိုလ်စိန်တင်

နှင်းဆီကုန်း ဘိုးဘွားရိပ်သာကို စတင်တည်ထောင်ခဲ့တာ (၇၅)နှစ်ပြည့် တော့မှာဖြစ်တယ်။မြန်မာနိုင်ငံတစ်ဝန်း မှာ ဘိုးဘွားရိပ်သာကို စတင်တည် ထောင်ခဲ့တဲ့ မေတ္တာရှင်၊ စေတနာရှင် ဘွားဦးဇွန်းနဲ့ ပတ်သက်ပြီး ပထမဆုံး ဟောပြောတဲ့ စာရေးဆရာ တက္ကသိုလ် စိန်တင်က **'ဘွားဦးဇွန်း လျှောက်ခဲ့တဲ့ လမ်း'** ခေါင်းစဉ်နဲ့ ဟောပြောတဲ့အခါ ဘွားဦးဇွန်းလူအိုရုံ စတင်တည်ထောင် လိုတဲ့ဆန္ဒ ဖြစ်ပေါ်ခဲ့ပုံကအစ မြန်မာ နိုင်ငံတစ်ဝန်းမှာရှိတဲ့ မင်းကွန်း၊ သထုံ၊ ပေါင်းတည်၊ ပခုက္ကူ၊ ရန်ကုန်နဲ့ဇီးကုန်း စတဲ့ဘိုးဘွားရိပ်သာတွေကိုဆောက်လုပ် ခဲ့ပုံတွေကို စိတ်ဝင်စားစရာ ဆွေးနွေး ဟောပြောသွားပါတယ်။ ဘွားဦးဇွန်း ဟာ ပထမဦးဆုံးလူအိုရုံအဖြစ် ၁၉၁၅ ခုနှစ်မှာ စတင်တည်ထောင်ခဲ့တဲ့ လူအိုရုံ ဟာ ထန်ပလက် တဲသုံးလုံးအဆင့်က နေပြီး တည်ဆောက်ခဲ့တာကအစ ဒီနေ့ အထိ ဖွံ့ဖြိုးတိုးတက်လာတဲ့ ဘိုးဘွား ရိပ်သာတွေအထိ စိတ်ဝင်စားဖွယ် ပြော ကြားသွားပါတယ်။ ဟောပြောပွဲအပြီး မှာလဲ "မေတ္တာစေတနာ ကရုဏာရှင် ဘွားဦးဇွန်းစာအုပ်ပါ အကြောင်းအရာ တွေကော၊ ဘွားဦးဇွန်းရဲ့ စေတနာ၊ မေတ္တာတွေကို လေးစားဖို့ကောင်းပါ တယ်"လို့ မြန်မာ့အလင်းကို ပြောကြား သွားပါတယ်။

"ဘွားဦးဇွန်းနဲ့ မြန်မာ့အလင်း ဦးတင်တို့ရဲ့ စိတ်ဓာတ်တွေ နိုင်ငံမှာ ထွန်းကားစေချင်တယ်" ဒေါက်တာမတင်ဝင်း

ဒေါက်တာမတင်ဝင်း

ဒုတိယဟောပြောတဲ့ ဒေါက်တာ မတင်ဝင်း(ပညာရေးတက္ကသိုလ်)ကလဲ မြန်မာနိုင်ငံမှာ ဘိုးဘွားရိပ်သာတွေ ထူထောင်ခဲ့တဲ့ ဘွားဦးဇွန်းအကြောင်း၊ မြန်မာ့အလင်းဦးတင် အကြောင်းတွေကို လူငယ်တွေသတိရကြစေဖို့ကျယ်ကျယ် ပြန့်ပြန့် ဟောပြောသွားပါတယ်။ စာပေ ဟောပြောပွဲအပြီးမှာ ဒေါက်တာမတင် ဝင်းကို မေးမြန်းတဲ့အခါ "ဘွားဦးဇွန်း နဲ့ မြန်မာ့အလင်းဦးတင်တို့ရဲ့ သီလ၊ သမာဓိ၊ သိက္ခာ၊ ပညာတွေကို ကျယ် ကျယ်ပြန့်ပြန့်သိရှိပြီး ဒီစိတ်ဓာတ်တွေ ထွန်းကားစေချင်တယ်"လို့ ပြောပြသွား ပါတယ်။

ဒေါက်တာမတင်ဝင်း (ပညာရေး တက္ကသိုလ်)ကတော့ အမျိုးဘာသာ၊ သာသနာအတွက်ကိုယ်ကျိုးမငဲ့ကွက်ဘဲ ကြိုးစားခဲ့တဲ့ဘွားဦးဇွန်းနဲ့ မြန်မာ့အလင်း ဦးတင်တို့ရဲ့ ဆောင်ရွက်မှုတွေကို အသိ တရားရရှိစေဖို့ ပြောကြားသွားခဲ့ခြင်း ဖြစ်ပါတယ်။

ဒေါက်တာထီလာစစ်သူ

နောက်ဆုံးဟောပြောတဲ့သူကတော့ အမျိုးသားစာပေဆုရ စာရေးဆရာ၊ ကဗျာဆရာနဲ့ သတင်းစာဆရာကြီး ဒေါက်တာထီလာစစ်သူပဲဖြစ်ပါတယ်။ စာရေးဆရာကြီး ဒေါက်တာထီလာ စစ်သူက **'နှင်းဆီရနံ့ ဆွတ်ပျံ့ထုံမွှေး မွှေးလွှန်းလေ'** ဆိုတဲ့ ကဗျာရှည်တစ်ပုဒ် ကို ရွတ်ပြခဲ့ပါတယ်။ ဒီကဗျာကလဲ ဘွားဦးဇွန်းရဲ့ မေတ္တာတရား၊ စေတနာ တရားတွေကို ဖွဲ့ပြည့်နှုန်းဆိုထားပါ တယ်။ စာပေဟောပြောမှုမှာတော့ ဘွားဦးဇွန်းအပါအဝင် နိုင်ငံတကာက စေတနာရှင်၊ ပါရမီရှင်တွေ ငါးဦး အကြောင်းကိုလဲအသေးစိတ်ဟောပြော သွားပါတယ်။

ဟောပြောပွဲအပြီးမှာ စာရေးဆရာ ကြီး ဒေါက်တာထီလာစစ်သူက "မဟာ ပရဟိတပုဂ္ဂိုလ်ကျော် ဘွားဦးဇွန်း အပါ အဝင် နိုင်ငံတကာက ပုဂ္ဂိုလ်တွေရဲ့ ပရဟိတ ဆောင်ရွက်မှု အကျိုး တွေကို ဗဟုသုတအဖြစ် သိရအောင် ကြိုးစား ပြောရခြင်းဖြစ်တယ်" လို့ပြော ပါတယ်။ စာရေးဆရာကြီး ဒေါက်တာ ထီလာစစ်သူက "ပရဟိတ ကရုဏာ ရှင်တွေဖြစ်တဲ့ မာသာထရီဇာ၊ ဒေါက်တာ နော်မန်ဘတ်သွမ်၊ ဒေါက်တာအဲလ်ဂက်ရှိုက်ဇာ၊ ဖလောရင့်နိုက်တင်ဂေးလ်နဲ့ ဘွားဦးဇွန်း တို့ အကြောင်းတွေကို သိစေချင် လို့ပါ" မြန်မာ့အလင်းကို ပြောပြသွား ပါတယ်။

"ဘွားဦးဇွန်း လျှောက်ခဲ့တဲ့ လမ်း ခေါင်းစဉ်နဲ့ ဟောပြော တာပါ" တက္ကသိုလ်စိန်တင်

ဗဟုသုတ

ဒါကြောင့် နှင်းဆီကုန်း ဘိုးဘွား ရိပ်သာ(၇၅)နှစ်မြောက်စိန်ရတုအထိမ်း အမှတ် အကြို စာပေဟောပြောပွဲဟာ အကျိုးရှိစေတဲ့အပြင် ဗဟုသုတလဲ တိုးပွားစေတဲ့ စာပေဟောပြောပွဲဖြစ်ပါ ကြောင်း။ ။ **(မြန်မာ့အလင်း)**

MRTV-4 ရုပ်မြင်သံကြားအစီအစဉ်

၁၅-၁-၂၀၀၈(အင်္ဂါနေ့)

AM & PM

၇း၀၀ - ၁း၀၀	MRTV-4 အဖွင့် Logo ယနေ့အစီအစဉ်
၇း၀၅ - ၁း၀၅	**'အဖော်မဲ့ခရီးသည်'** တရားတော် (ဓမ္မဒူတ ဒေါက်တာအရှင် ပညိဿရ)
၇း၄၀ - ၁း၄၀	"သူတော်ကောင်းကြီးများ၏ လောကကို အလှဆင်ခြင်း တရား" ဒေါက်တာချစ်ငယ် (ဒသန) Ph.D
၈း၁၀ - ၂း၁၀	တေးဂီတအစီအစဉ်
၈း၁၅ - ၂း၁၅	Sunday Talk
၉း၁၀ - ၃း၁၀	ပြည်တွင်းသတင်းအကျဉ်း
၉း၂၀ - ၃း၂၀	ငွေတောင်သူတို့ ရိုးရာ ဂျပ်ခုတ်အထည်ရတနာ
၉း၃၀ - ၃း၃၀	တေးဂီတအစီအစဉ်
၉း၃၅ - ၃း၃၅	Biz Net
၉း၅၀ - ၃း၅၀	နိုင်ငံတကာသတင်းအကျဉ်း
၉း၅၅ - ၃း၅၅	ပုသိမ်မြို့ ကျက်သရေဆောင် ရွှေမုဋ္ဌောစေတီတော်
၁၀း၀၅ - ၄း၀၅	တေးဂီတအစီအစဉ်
၁၀း၁၀ - ၄း၁၀	သိမှတ်ဖွယ်ရာ တူးမြောင်း နည်းဥပဒေသများ
၁၀း၂၀ - ၄း၂၀	တေးဂီတအစီအစဉ်
၁၀း၂၅ - ၄း၂၅	မိုးလေဝသခန့်မှန်းချက်
၁၀း၃၀ - ၄း၃၀	စမ်းသပ်စိုက်ပျိုး ဝင်ငွေတိုး (ဂရိတ်ဖရုပင်စိုက်ပျိုးနည်း)
၁၀း၄၅ - ၄း၄၅	တေးဂီတအစီအစဉ်
၁၀း၅၀ - ၄း၅၀	ပြည်တွင်းသတင်းအကျဉ်း
၁၁း၀၀ - ၅း၀၀	ကြည်ညိုပူဇော် ဗုဒ္ဓပူဇနိယ ပွဲတော်(တွံတေးရွှေဆံတော်)
၁၁း၁၀ - ၅း၁၀	တေးဂီတအစီအစဉ်
၁၁း၁၅ - ၅း၁၅	မှတ်မှတ်ရရ ရှိစေဖို့ ကယားဒေသဟင်းထုပ်
၁၁း၄၅ - ၅း၄၅	နိုင်ငံတကာသတင်းအကျဉ်း
၁၁း၅၀ - ၅း၅၀	သိစေချင်သည် ICT "SM³ Software အကြောင်း သိကောင်းစရာ"
၁၂း၁၀ - ၆း၁၀	တေးဂီတအစီအစဉ်
၁၂း၁၅ - ၆း၁၅	နှစ်စဉ်ကျင်းပျော် ရေထွက်ပစ္စည်း ဈေးပွဲတော်
၁၂း၃၅ - ၆း၃၅	Music Gallery "မြင်းမိုရ်ထက်မြင့်သော မိသားစုရုပ်ရှင်ဇာတ်ဝင် တေးများ"
၁း၀၀ - ၇း၀၀	MRTV-4 အပိတ် Logo

MRTV-4 အစီအစဉ်များကို ရန်ကုန်မြို့နှင့်အနီးတစ်ဝိုက်တွင် UHF တီဗွီအင်တင်နာဖြင့် အလွယ်တကူ ဖမ်းယူကြည့်ရှုနိုင်ပါသည်။

FA Cup Round-3 ဘောလုံးပွဲစဉ်

နံနက်ပိုင်း	ပွဲစဉ်	ပြသမည့်လိုင်း
၂း၂၅	Liverpool-Luton	ESPN(Live)

အမှိုက်ရှင်းတာ ရှက်စရာမဟုတ်ပါ

လူတို့စည်းကမ်းမဲ့ စွန့်ပစ်ထားသော အမှိုက်တို့မှာ လူတို့၏စိတ်ကို အနှောင့်အယှက်ဖြစ်စေသကဲ့သို့ ကျန်းမာရေးကိုလည်း ထိခိုက်နိုင်ပါသည်။ ပြန့်ကျဲနေသော အမှိုက်များသည် မြင်တွေ့ရသူတို့အဖို့ မသတီစရာဖြစ်ပြီး ပတ်ဝန်းကျင်ကိုလည်း ညစ်ညမ်းစေပါသည်။ ဤသို့ဖြစ်ရခြင်းမှာ စည်းမဲ့ကမ်းမဲ့ အမှိုက်ပစ်ကြသူများသည် မြို့တော်စည်ပင်သာယာရေးကော်မတီမှ သတ်မှတ်ပေးထားသောနေရာတို့တွင် အမှိုက်များကို စနစ်တကျ မစွန့်ပစ်ကြဘဲ လမ်းဆုံလမ်းခွ၊ ဈေးအတွင်း၊ လူစည်ကားရာနေရာ၊ ကားမှတ်တိုင်အနီး စသည်တို့၌ ကြုံသလို စွန့်ပစ်ကြသော သူများကြောင့်ဖြစ်ပါသည်။ အချို့အမှိုက်ပုံတို့မှာ တိရစ္ဆာန်၊ လူတို့၏ မွှေနှောက်ထားမှုကြောင့် ပွစာကျဲပြီး အလွန်မသတီစရာ တွေ့မြင်ရပါသည်။ ဆိုးရွားသော အနံ့အသက်များကိုလည်း ရှူရှိုက်ရသည်။ အမှိုက်သည် လူတို့၏ ကိုယ်စိတ်နှစ်ဖြာ ကြည်လင်မှုကို မဖြစ်စေဘဲ ညစ်ညမ်းမှုကိုသာ ဖြစ်စေပါသည်။

ရပ်ရွာ၌ လူရှုပ်လူပွေများကို အမှိုက်ဟု တင်စား၍ ခေါ်ကြသည်။ လောကတွင် သဘာဝအမှိုက်၊ လူအမှိုက်၊ မကောင်းသောစိတ်ယုတ်စိတ်ပုပ်ဟူသော စိတ်အမှိုက်တို့သည် လူကောင်းတို့အတွက် အနှောင့်အယှက်ပင်ဖြစ်သည်။ လူအမှိုက်၊ စိတ်အမှိုက်တို့ကို ပြုပြင်လျှင် အကောင်းဖြစ်လာနိုင်ပါသည်။ သဘာဝ အမှိုက်တို့ကိုလည်း စနစ်တကျ စွန့်ပစ်လျှင် အကျိုးရှိမည်ဖြစ်ပါသည်။ အချို့ ရွှေပန်းထိမ်လုပ်ငန်းခွင်တို့၌ အမှိုက်များကို စနစ်တကျ သိမ်းယူပြီး ထိုအမှိုက်များကို မီးသင်းကာ ရွှေကျင်ကြသည်။ ထိုမှ ရွှေရလာသည်။ ဤသို့ အမှိုက်များကို စနစ်တကျ စွန့်ပစ်သိမ်းဆည်းမှုကြောင့် ထိုအမှိုက်များမှ အကျိုးဖြစ်ထွန်းလာရသည်ကို အကြောင်းပြု၍ **"အမှိုက်ကရွှေဖြစ်သည်"**ဟူ၍ပင် အဆိုရှိခဲ့သည်။ အချို့စည်းကမ်းမဲ့ စွန့်ပစ်ထားသော အမှိုက်များမှစပြီး မီးလောင်ကျွမ်းရာ ကျောင်းပြာသာဒ်အထိ မီးစွဲလောင်ရသည်။ ထိုမှတစ်ဆင့် အခြားအဆောက်အအုံ များစွာတို့ကိုလည်း ကူးစက်မီးလောင်ခံကြရသည်။ ထို့ကြောင့်ပင် **"အမှိုက်ကစပြာသာဒ်မီးလောင်"**ဟု အဆိုရှိလာရသည်။ ဤသည်တို့မှာ အမှိုက်ပြဿနာပင် ဖြစ်သည်။

ကမ္ဘာပေါ်တွင်လည်း အချို့သော စက်မှုနိုင်ငံရှိ စက်ရုံ၊ အလုပ်ရုံတို့မှ စွန့်ပစ်လိုက်သော အမှိုက်များ(ဓာတုပစ္စည်းများ)သည် လူတို့ကို အန္တရာယ်ဖြစ်စေ၍ ထိုအမှိုက်များကို စွန့်ပစ်ရာ၌ပင် ပြဿနာရှိလာ၏။ ဓာတုပစ္စည်းအမှိုက်များကို ပင်လယ်၊ သမုဒ္ဒရာတို့၌ စွန့်ပစ်လျှင် ရေထဲရှိ သတ္တဝါတို့အတွက် အန္တရာယ်ဖြစ်စေသည်။ ကုန်းမြေတွင် စွန့်ပစ်လျှင်လည်း လူသားတို့ကို အဆိပ်နံ့သင့်စေ၍ အန္တရာယ်ဖြစ်စေပါသည်။ သို့ဖြစ်ရာ အန္တရာယ်ကင်းစေရေးအတွက် ကျွမ်းကျင်ပညာရှင်များ၏ ညွှန်ကြားမှုတို့ကို လိုက်နာ၍ ဓာတုပစ္စည်းအမှိုက်များကို စနစ်တကျ စွန့်ပစ်ရပါသည်။

အထူးအားဖြင့် မိမိတို့၏ အိမ်၊ ခြံ၊ ကျောင်း၊ ရုံး၊ လမ်းစသည်တို့၏ အတွင်း၊ အပြင်၌ အမှိုက်များရှင်းလင်းနေရန် လိုပေသည်။ အမှိုက်များရှင်းလင်းနေလျှင် အားလုံးစိတ်ကြည်လင် ချမ်းမြေ့ကြရပေမည်။ ထို့ကြောင့် အမှိုက်များကို စည်းမဲ့ကမ်းမဲ့ မစွန့်ပစ်ကြဘဲ မြို့တော်စည်ပင်သာယာရေးကော်မတီက အမှိုက်စွန့်ပစ်ရန် သတ်မှတ်ထားသော နေရာတို့၌သာ စနစ်တကျ စွန့်ပစ်ရန် လိုအပ်ပါသည်။ သို့ရာတွင် အမှိုက်ကို စနစ်တကျ စွန့်ပစ်သူက ရှားပါသည်။ အမှုမဲ့အမှတ်မဲ့ ကြုံသလို စွန့်ပစ်သူကများကြောင်း တွေ့ရပေသည်။

အမှိုက်များကို စည်းကမ်းရှိစွာ စနစ်တကျစွန့်ပစ်ပါလျှင် အမှိုက်သိမ်းသူတို့မှာ လွယ်ကူစွာ သိမ်းနိုင်ပါသည်။ ထို့အတူ အမှိုက်ကောက်သူ၊ အမှိုက်ရှင်းသူ (တံမြက်စည်း လှည်းသူ) တို့ အဖို့လည်း စနစ်တကျ ကောက်ယူနိုင်၊ ရှင်းနိုင်ပေသည်။ အမှိုက်များကို စည်းကမ်းရှိစွာ စွန့်ပစ်၊ စနစ်တကျကောက်၊ စနစ်တကျသိမ်းလျှင် အားလုံးအတွက် အကျိုးရှိပါသည်။ အမှိုက်များကို မြို့တော်စည်ပင်သာယာရေးကော်မတီက သတ်မှတ်ပေးသည့် နေရာများ၌သာ စည်းကမ်းရှိစွာ စွန့်ပစ်ခြင်းဖြင့် အမှိုက်ရှင်းလင်းသူတို့အတွက် အချိန်ကုန်ပင်ပန်းခြင်းမရှိဘဲ လုပ်ရကိုင်ရလွယ်ကူကာ အချိန်တိုအတွင်း မြန်ဆန်သက်သာပြီး လုပ်ငန်းလည်း တွင်ကျယ်မည်ဖြစ်ပါသည်။

ယနေ့ခေတ်သည် အရာရာတွင် ပလတ်စတစ်ကို အသုံးပြုလေ့ရှိကြသည်။ သို့သော် မိမိတို့ သုံးစွဲပြီးသော ပလတ်စတစ်တို့ကို စနစ်တကျ သိမ်းခြင်း၊ စွန့်ပစ်ခြင်းတို့ကိုကား မပြုကြပေ။ ထို့ကြောင့် ပလတ်စတစ်များနှင့် ရောနှောငြိတွယ်နေသော အမှိုက်များမှာ အလွန် အရုပ်ဆိုးပေသည်။ အချို့ရေနုတ်မြောင်းများတွင် ပလတ်စတစ်အိတ်ခွံ၊ ဘူးခွံများ ပိတ်ဆို့နေမှုကြောင့် ရေစီးရေလာမကောင်းဘဲ ဖြစ်နေကြသည်။ ပလတ်စတစ်အမှိုက်များမှာ တော်ရုံတန်ရုံနှင့် မဆွေးမြည့်နိုင်ဘဲ သန့်ရှင်းမှုကို အနှောင့်အယှက် ပေးနိုင်ဆုံးသော အမှိုက်များပင်ဖြစ်သည်။ မသတီဖွယ်ရာ အမှိုက်များတွင် ကွမ်းတံတွေးလည်း ပါဝင်သည်။

အမှိုက်များကို စည်းကမ်းတကျစွန့်ပစ်ခြင်း၊ စနစ်တကျအမှိုက်သိမ်းခြင်း၊ အမှိုက်များကို ဖယ်ရှားရှင်းလင်းခြင်းသည် လူတို့နှင့်သက်ဆိုင်သော တာဝန်တစ်ခု ဖြစ်ပါသည်။ မိမိနှင့် ဆက်စပ်ပတ်သက်နေသော နေရာတိုင်းကို သန့်ရှင်းအောင်ပြုလုပ်ရန်မှာ မိမိတို့တာဝန်ပင် ဖြစ်သည်။ မိမိတို့တာဝန်ကို မိမိတို့ ပြုလုပ်ခြင်းသည် ပြုသင့်ပြုထိုက်သော၊ လုပ်သင့်လုပ်ထိုက်သော တာဝန်ကို ထမ်းဆောင်ခြင်းပင် ဖြစ်၏။ မလုပ်သင့်မလုပ်ထိုက်သည်ကို ပြုလုပ်ခြင်းကြောင့် အပြစ်ရရှိသကဲ့သို့ ပြုလုပ်သင့်ပြုလုပ်ထိုက်သည်ကို မပြုလုပ်လျှင်လည်း အပြစ်ရရှိထိုက်ပါသည်။ အမှိုက်များကိုရှင်းခြင်း (တံမြက်လှည်းခြင်း)ဟူသည် ပြုလုပ်သင့် ပြုလုပ်ထိုက်သည်ကို ပြုလုပ်ခြင်းကြောင့် အကျိုးရရှိလာသော သာဓကကို ဖော်ပြလိုပါသည်။

ဦးကျော်စိန် (မန္တလေး)

ကဿပမြတ်စွာဘုရားရှင်၏ သာသနာတော်တွင်းအခါက ဂင်္ဂါမြစ်ကမ်းတွင် ရဟန်းများစွာ သီတင်းသုံးသော ကျောင်းကြီးတစ်ကျောင်းရှိသည်။ ထိုကျောင်းတွင် ကျင့်ဝတ်ပဋိပတ်နှင့်ပြည့်စုံသော ရဟန်းများနေ၏။ ရဟန်းတို့သည် နံနက်စောစောအခါ မြတ်စွာဘုရား၏ ဂုဏ်ကျေးဇူးများကို အောက်မေ့ဆင်ခြင်လျက် ကျောင်းတလင်းတွင် တံမြက်လှည်းကြ၏။ တစ်နေ့တွင် ရဟန်းတစ်ပါးသည် တံမြက်လှည်းရင်း သာမဏေတစ်ပါးကို ခေါ်၍ စုပုံထားသောအမှိုက်များကို စွန့်ပစ်ရန် တိုက်တွန်း၏။ သာမဏေသည် ကြားသော်လည်း မကြားယောင်ဆောင်နေ၏။ နှစ်ကြိမ်၊ သုံးကြိမ်ခေါ်သော်လည်း မလာသဖြင့် ရဟန်းသည် တံမြက်စည်းဖြင့် ပုတ်ခတ်ဆုံးမ၏။ ကိုရင်လည်း ငိုယိုပြီး အမှိုက်များကို ဂင်္ဂါမြစ်ကမ်း၌ သွားကာ စွန့်ပစ်လိုက်သည်။ ကိုရင်က အမှိုက်စွန့်ပစ်ရင်း–

"ဤကောင်းမှုကြောင့် ယခုထွက်သစ်စ နေမင်းကြီးကဲ့သို့ ဉာဏ်ပညာ အရှိန်အဝါ ကြီးရပါလို၏။ ဂင်္ဂါမြစ်ထဲက ရေလှိုင်းတံပိုးလို တစ်ဖက်သားအား အမေးပုစ္ဆာပြဿနာတို့ဖြင့် တုန်လှုပ် ချောက်ချားအောင် မေးမြန်းနိုင်ရလိုပါ၏" ဟု ဆုတောင်းလေသည်။

အမှိုက်များကို စည်းကမ်းတကျစွန့်ပစ်ခြင်း၊ စနစ်တကျအမှိုက်သိမ်းခြင်း၊ အမှိုက်များကို ဖယ်ရှားရှင်းလင်းခြင်းသည် လူတို့နှင့်သက်ဆိုင်သော တာဝန်တစ်ခုဖြစ်။ မိမိနှင့်ဆက်စပ်ပတ်သက်နေသော နေရာတိုင်းကို သန့်ရှင်းအောင် ပြုလုပ်ရန်မှာ မိမိတို့တာဝန်ပင်။

ဤသို့ သာမဏေ၏ ဆုတောင်းသံကို ရဟန်းသည် ရေချိုးဆင်းရင်း ကောင်းစွာကြားရ၏။ မိမိက ရိုက်ပုတ်ဆုံးမသောကြောင့် အမှိုက်စွန့်ပစ်ရသောကုသိုလ်ကိုရသည့် သာမဏေက ဤသို့ ဆုတောင်းဘိတကားဟု စိတ်တွင်းမှ ဆင်ခြင်ကာ သာမဏေကို ရည်ညွှန်းလျက်–

"ကျောင်းတလင်းတွင် တံမြက်လှည်းရသော ကောင်းမှုကြောင့် တလိပ်လိပ်တက်ကြွလာသော လှိုင်းတံပိုးတို့သည် မြစ်ကမ်းတွင် ပျောက်လွင့်ကုန်သကဲ့သို့ သူ၏ကြီးမားသော ပညာလှိုင်းတံပိုးတို့သည် ငါ၏ ထံပါးတွင် ပျောက်လွင့်ကုန်စေသတည်း"ဟု ဆုတောင်းလိုက်လေသည်။

သာမဏေနှင့် ရဟန်းတို့သည် ဤသို့လျှင် အသီးသီး ဆုတောင်းကြပြီးနောက် ဘဝအတိုင်းနေကြကာ သံသရာတွင် ကျင်လည်နေကြ၏။ သို့ဖြင့် ဂေါတမမြတ်စွာဘုရား သာသနာနှစ် ငါးရာကျော်ခန့်၌ အမှိုက်ကျုံးခဲ့သူ သာမဏေယ်က မိလိန္ဒမင်းကြီးဖြစ်လာပြီး တံမြက်လှည်း အမှိုက်ရှင်းခဲ့သူ ရဟန်းတော်က ရှင်နာဂသိန် ဖြစ်လာခဲ့ပါသည်။ ဆုတောင်းတိုင်းပြည့်၍ မိလိန္ဒမင်းကြီး ကတ်ကတ်သတ်သတ် မေးသမျှပုစ္ဆာတို့ကို အရှင်နာဂသိန်မထေရ်က ရဲရဲတောက် ဖြေကြားနိုင်ခဲ့လေသည်။ ထိုပုစ္ဆာအဖြေများကို သင်္ဂါယနာတင်ထား၍ "မိလိန္ဒပဉှာပါဠိတော်" ဟူ၍ပင် အထင်အရှားရှိပါသည်။ ဤသို့ မိလိန္ဒမင်းကြီးနှင့် အရှင်နာဂသိန်တို့ ပညာဉာဏ်ကြီးမြင့်ရခြင်းမှာ အမှိုက်ရှင်းခြင်းကိုအကြောင်းပြု၍ ဖြစ်ပေါ်လာသော ပညာဉာဏ်တို့ပင် ဖြစ်ပါသည်။

ထို့အပြင် အမှိုက်ရှင်းခြင်း (တံမြက်လှည်းခြင်း)၊ အမှိုက်ကောက်ခြင်းတို့ဖြင့် အများစိတ်နှလုံး ကြည်လင်ကြပါစေ၊ ပတ်ဝန်းကျင် ညစ်ညမ်းမှု ကင်းရှင်းပါစေ၊ သန့်ရှင်းသောလေကို ရှူရှိုက်နိုင်ကြပါစေဟူသော စိတ်စေတနာကောင်းဖြင့် သန့်ရှင်းမှုပြုလုပ်ရန်သာ သတိပြု လုပ်ဆောင်ရန်လိုပါသည်။ သာသနာ့ကျက်သရေဆောင် ဆရာတော်ကြီးတို့သည် မိမိတို့၏ တပည့်ရဟန်း၊ သာမဏေငယ်တို့အား မိမိတို့၏ ကျောင်းဝင်းပရိဝုဏ်အတွင်း အမှိုက်ရှင်းကြရန်၊ တံမြက်လှည်းကြရန်နှင့် အမှိုက်ကျုံးပြီး၊ တံမြက်လှည်းပြီးပါကလည်း ဆုတောင်းကြရန် ဆိုဆုံးမလေ့ရှိကြပါသည်။

မြတ်စွာဘုရားရှင် လက်ထက်တော်အခါက အရှင်သာရိပုတ္တရာမထေရ်မြတ်ကြီးသည် အများသံဃာတို့ ဆွမ်းခံကြွချိန်တွင် ကျောင်းစဉ်လှည့်လည်ကြည့်ရှု၍ တံမြက်မလှည်းရသေးသောနေရာများကို တံမြက်လှည်းခြင်း အမှုကို နေ့စဉ်ပြုလုပ်လေ့ရှိပါသည်။ ထို့ကြောင့် အမှိုက်သန့်ရှင်းခြင်းအမှုသည် သူတော်ကောင်းကြီးများပင် ပြုလုပ်သော အလုပ်ဖြစ်ပါသည်။ မိမိတို့လည်း သူတော်ကောင်း အလုပ်ကို ပြုလုပ်ရမည်၊ ပြုလုပ်သင့်သည်ဟု ခံယူရမည် ဖြစ်ပါသည်။

ဝိနယပိဋကပရိဝါပါဠိတော်တွင် တံမြက်လှည်းခြင်းဟူသော အမှိုက်သန့်ရှင်းခြင်းကြောင့် ရရှိသောအကျိုးငါးပါး ပါရှိပါသည်။

ယင်းတို့မှာ–

၁။ မိမိစိတ်ကို ကြည်လင်စေခြင်း၊

၂။ သူတစ်ပါးတို့၏ စိတ်ကို ကြည်လင်စေခြင်း၊

၃။ နတ်တို့ ချစ်ခင်ဝမ်းမြောက်ခြင်း၊

၄။ ကြည်လင်ဖွယ်ကို ဖြစ်စေတတ်သောကြောင့် ကောင်းမှုကုသိုလ် ဆည်းပူးရခြင်း၊

၅။ သေလွန်သောအခါ သုဂတိနတ်ရွာသို့ရောက်ရခြင်း

တို့ဖြစ်ပါသည်။

တံမြက်လှည်းခြင်း၏ အကျိုးပြဝတ္ထုဇာတ်လမ်းကို ပရိဝါအဋ္ဌကထာမှ ကောက်နုတ်ဖော်ပြပါမည်။ သီဟိုဠ်ကျွန်း ကဋအန္ဓကာရအရပ်နေ ဖုဿဒေဝမထေရ်သည် စေတီရင်ပြင်၌ နေ့စဉ်တံမြက်လှည်းပြီး ညီညာသန့်ရှင်းနေသော စေတီရင်ပြင်ကိုကြည့်ကာ မြတ်စွာဘုရားကို အာရုံပြုလျက် နှစ်သက်ကြည်နူးခြင်းပီတိ ဖြစ်လေ့ရှိ၏။ ထိုသောအခါ မာရ်နတ်သည် မျောက်ညိုကြီးကဲ့သို့ ဖန်ဆင်းပြီး စေတီရင်ပြင်၌ နွားချေးတို့ကို ဖြန့်ကြဲသွားသည်။ ဖုဿဒေဝမထေရ်က တံမြက်လှည်းကာ သန့်ရှင်းရ၏။ နောက်တစ်နေ့တွင်လည်း နွားအိုကြီးတစ်ကောင် အယောင်ဆောင်၍ နွားချေးတို့ကို စွန့်ချသွားပြန်သည်။ တတိယနေ့တွင်လည်း အလွန်အရုပ်ဆိုးသော လူကြီးတစ်ယောက် အယောင်ဆောင်၍ ခြေထောက်တရွတ်တိုက်ဆွဲကာ စေတီရင်ပြင်တွင် အမှိုက်များဖြန့်ကြဲသွားသည်။

ဖုဿဒေဝမထေရ်သည် "ဤကဲ့သို့ အရုပ်ဆိုးသော လူတစ်ယောက် ပတ်ဝန်းကျင် တစ်ယူဇနာအတွင်း ကျေးရွာတို့၌မရှိ၊ မာရ်နတ်ဖြစ်ရမည်" ဟု တွေးမိကာ "သင်သည် မာရ်နတ်မဟုတ်ပါလော"ဟုမေးလိုက်၏။ မာရ်နတ်က ဟုတ်မှန်ကြောင်း ဝန်ခံသည်။ မထေရ်က **"သင်သည် ဘုရားရှင်ကို မီလိုက်သည်။ တန်ခိုးဣဒ္ဓိပါဒ်နှင့်လည်း ပြည့်စုံသည်။ မြတ်စွာဘုရား၏ ရုပ်ဆင်းပုံတော်ကို မိမိအားဖန်ဆင်းပြပါ"**ဟု ပြောဆို သည်။ မာရ်နတ်က **"အလုံးစုံတူအောင် မဖန်ဆင်းနိုင်ပါ။ တတ်စွမ်းသမျှ ဖန်ဆင်းပြပါမည်"**ဟု ဆိုကာ မြတ်စွာဘုရား၏ ပုံတော်ရုပ်ဆင်းကို ဖန်ဆင်းပြ၏။

ဖုဿဒေဝမထေရ်သည် ထိုဖန်ဆင်းပြသော မြတ်စွာဘုရား၏ ပုံတော်ရုပ်ဆင်းကိုကြည့်ကာ "ရာဂ၊ ဒေါသ၊ မောဟ မကင်းသော မာရ်နတ်၏ အတုရုပ်ပုံတော်သည်ပင် ဤမျှလောက် တင့်တယ်သပ္ပာယ်ပါလျှင် ရာဂ၊ ဒေါသ၊ မောဟကင်းစင်၍ ကြည်လင်သော မြတ်စွာဘုရား၏ ရုပ်အဆင်းကို ဖူးမြင်ရလျှင် အဘယ်မှာ ဆိုဖွယ်ရာရှိနိုင်ပါတော့အံ့နည်း" ဟုတွေးကာ မြတ်စွာဘုရား၏ ဂုဏ်တော်ကျေးဇူးတော်တို့ကို အာရုံမှန်းလျက် အလွန်နှစ်သက်ခြင်းပီတိများ တစ်ကိုယ်လုံး တစိမ့်စိမ့်ဖြစ်ပေါ်လာ၏။ ထိုပီတိကို အခြေခံ၍ ဝိပဿနာပွားသဖြင့် ရဟန္တာဖြစ်တော်မူလေသည်။

သို့ဖြစ်ပါ၍ **အမှိုက်ဟူသည် မည်သည့်အမှိုက်မျှ မကောင်းပေ။ လူသားတို့၏ ကိုယ်စိတ်ကျန်းမာ သန့်ရှင်းရေးကို အနှောင့်အယှက်ဖြစ်စေသော သဘာဝအမှိုက်ဟူသမျှတို့ကိုလည်း သုတ်သင်ရှင်းလင်းကြပါ။ ထို့ပြင် လောက၊ သံသရာ နှစ်ဖြာသောအကျိုးကို ပျက်ပြားစေသော စိတ်ယုတ်၊ စိတ်ပုပ်ဟူသော အကုသိုလ် အမှိုက်များကိုလည်း သုတ်သင်ရှင်းလင်းကြပါ**ဟူ၍ တင်ပြရပါသည်။ ။

ငါးရှဉ့်ပို့ကုန်များ ပြည်ပသို့တင်ပို့ခြင်းဖြင့် နိုင်ငံခြားဝင်ငွေ တိုးမြှင့်ရာဖွေ

သားငါးသတင်းမြင်ကွင်း–မြင့်မောင်စိုး | **ဓာတ်ပုံ–အောင်သန်း(မင်္ဂလာတောင်ညွန့်)** | **ဓာတ်ပုံပွဲ့စည်းမှု–ထိန်လင်း**

ရန်ကုန် ဇန်နဝါရီ ၁၄

မြန်မာနိုင်ငံသည် ရေသယံဇာတ၊ မြေသယံဇာတ ပေါကြွယ်ဝသည့် နိုင်ငံဖြစ်သည့်အလျောက် ရေထွက်ပစ္စည်းများ ထုတ်လုပ်တင်ပို့ ရောင်းချခြင်းဖြင့် စီးပွားရေးဖြစ်ထွန်း အောင်မြင်လျက်ရှိသည်။

ရေထွက်ပစ္စည်းများ အမြောက်အမြား မွေးမြူ ထုတ်လုပ်နိုင်သော ပင်လယ်ကမ်းရိုးတန်းမှာ ရှည်လျားစွာ တည်ရှိနေသည်။ ထို့အပြင် မြစ်ချောင်း၊ အင်းအိုင်များကိုလည်း ပေါများစွာ တွေ့ရသည်။

မြန်မာ့ပင်လယ်ပြင်မှ ငါး၊ ပုစွန်၊ ကဏန်း စသော ငါးများ အလျှံအပယ် ထွက်ရှိနေသည်။ ပင်လယ်မှ ပုလဲမွေးမြူထုတ်လုပ်သည့် လုပ်ငန်းများလည်း အောင်မြင် ဖြစ်ထွန်းနေသည်။

ယခုအခါ မြန်မာနိုင်ငံမှ ထွက်ရှိသော ရေထွက်ပစ္စည်းများ အများဆုံး တင်ပို့ ရောင်းချသည့်နိုင်ငံမှာ တရုတ်နိုင်ငံဖြစ်သည်။ တရုတ်နိုင်ငံသည် မြန်မာနိုင်ငံ၏ အကြီးမားဆုံးသော ငါး၊ ပုစွန်၊ ကဏန်း၊ ငါးရှဉ့်များ တင်ပို့ရောင်းချရာ ဈေးကွက်ကြီး ဖြစ်သည်။

"ငါးရှဉ့်ကို ချောင်း၊ မြောင်းတွေရဲ့ ရေအောက် ကြိမ်းပြင်တွေမှာ တွေ့ရလို့ မြေကြီးထဲက သယံဇာတလို့လဲ ပြောနိုင်ပါတယ်"

ဒေါ်မြသဇင်(အတွင်းရေးမှူး)
ငါးရှဉ့်လုပ်ငန်းရှင်များအသင်း

ပို့ကုန်အမယ်တစ်မျိုး

တရုတ်နိုင်ငံသို့ တင်ပို့ရောင်းချနေသော ရေထွက်ပစ္စည်းများတွင် ငါးရှဉ့်သည်လည်း ဈေးကွက်ဝယ်လိုအား ကောင်းနေသည့် ပို့ကုန်အမယ်တစ်မျိုး ဖြစ်သည်။

ငါးရှဉ့်များကို ပြည်ပသို့ ငါးရှဉ့်လုပ်ငန်းရှင်များအသင်း၏ ဦးဆောင်မှုဖြင့် တင်ပို့ရောင်းချလျက်ရှိရာ အင်းစိန်မြို့နယ် အနောက်ကြို့ကုန်းရှိ ငါးလုပ်ငန်းအတတ်သင် သိပ္ပံကျောင်းသို့ မြန်မာ့အလင်းသတင်းအဖွဲ့ သွားရောက်စေ့ငုခဲ့ပါသည်။

ငါးရှဉ့်တင်ပို့မှုလုပ်ငန်း တွင်ကျယ်လာသည်နှင့်အမျှ ငါးရှဉ့်ဖမ်းသူများ စီးပွားရေး တွက်ခြေကိုက်လျက်ရှိ။

ငါးရှဉ့်သေတ္တာအတွင်းမှ ညစ်ညမ်း ရေများကို ပိုက်သွယ်စုပ်ထုတ်၍ ရေသန့်များဖြင့် ပြန်လည် လဲလှယ်ပေးရသည်။

ရှေးဦးစွာ ငါးလုပ်ငန်းရှင်များအသင်း အတွင်းရေးမှူးဒေါ်မြသဇင်က **"ကျွန်မတို့ ဒီငါးလုပ်ငန်းအတတ်သင်သိပ္ပံ ကျောင်းဝင်းအတွင်းမှာ ငါးရှဉ့်တင်ပို့တဲ့ လုပ်ငန်းရှင် ၁၀ ဦးကို နေရာပေးထားပါတယ်။**

ဒီကနေ မူဆယ်၁၀၅ မိုင်နယ်စပ်ကုန်သွယ်ရေးဇုန်မှ တစ်ဆင့် တရုတ်နိုင်ငံသို့ တင်ပို့ရောင်းချနေပါတယ်။

ငါးရှဉ့်ဟာ ဧရာဝတီတိုင်း၊ ပဲခူးတိုင်း၊ မန္တလေးတိုင်း၊ မကွေးတိုင်းနဲ့ မွန်ပြည်နယ်တို့မှ အဓိကထွက်ရှိပါတယ်။ ငါးရှဉ့်မှာ သဘာဝအင်းအိုင်၊ ချောင်းမြောင်းတွေထဲက ဖမ်းယူရရှိပါတယ်။ ငါးရှဉ့်ကို ချောင်း၊ မြောင်းတွေရဲ့ ရေအောက် ကြိမ်းပြင်တွေမှာ တွေ့ရလို့ မြေကြီးထဲက သယံဇာတလို့လဲ ပြောနိုင်ပါတယ်။

ငါးရှဉ့်တင်ပို့တဲ့ လုပ်ငန်းစဉ်အနေနဲ့ကတော့ ငါးရှဉ့်ထွက်တဲ့ ပြည်နယ်နဲ့ တိုင်းတွေမှာ ကျွန်မတို့ရဲ့ အဝယ်ကိုယ်စားလှယ်တွေ ရှိပါတယ်။

သူတို့ကတစ်ဆင့် ကျွန်မတို့ ငါးရှဉ့်တင်ပို့တဲ့ အဝယ်ဒိုင်တွေကို ရောင်းပါတယ်။ ဒီကတစ်ဆင့် မူဆယ် ၁၀၅ မိုင်သို့ အရောက်ပို့ပြီး လေလံစနစ်နဲ့ တရုတ်ဘက်ကို ရောင်းပါတယ်။ တရုတ်နိုင်ငံဘက်မှာလဲ ကျွန်မတို့ပို့တဲ့ ငါးရှဉ့်တွေ ဝယ်ယူတဲ့ အဝယ်ဒိုင်တွေ ရှိပါတယ်။ အဓိက ဝယ်ယူတဲ့ ကုမ္ပဏီတွေကတော့ ကျင့်ချိန်၊ လုံရှန့်၊ ချိန်ဖ၊ ရေဟုန်ဖုန်းဆိုတဲ့ ကုမ္ပဏီတွေ ဖြစ်ပါတယ်။

ကျွန်မတို့ အဝယ်ဒိုင်တွေကို ရောက်လာတဲ့ငါးရှဉ့်တွေကို ရေနဲ့သန့်စင်အောင် ဆေးကြောပြီး ရေလုံအောင် ပလတ်စတစ်များ ခင်းထားတဲ့ သေတ္တာတွေထဲမှာ ထည့်ပါတယ်။ သေတ္တာ တစ်လုံးစီမှာ ပိဿာ ၅၀ စီ ဝင်ဆံ့ပါတယ်။ သေတ္တာအလုံး ၁၁၀ တင်နိုင်တဲ့ ကားတစ်စီးကနေ နှစ်စီး၊ သုံးစီး ရန်ကုန်က နေ့စဉ်ပုံမှန် ထွက်ပါတယ်။ ရန်ကုန်က နေ့စဉ်ညနေပိုင်းမှာထွက်ပြီး မန္တလေးကို မနက်ပိုင်းမှာ ရောက်ပါတယ်။ မန္တလေးမှာ မူဆယ်က လာတဲ့ကားနဲ့ သေတ္တာတွေပြောင်းတင်ပေးပြီး သေတ္တာထဲမှာ ရေဖြည့် ရေလဲ လုပ်ပါတယ်။ မန္တလေးမှတစ်ဆင့် မူဆယ် ၁၀၅ မိုင်ကို ထွက်ခွာခဲ့ရာမှာ နောက်တစ်နေ့တွင် ရောက်ပါတယ်" စသည်ဖြင့် ငါးရှဉ့်တင်ပို့ရောင်းချမှုကို မြန်မာ့အလင်းသို့ အကျယ်တဝင့် ရှင်းပြသည်။

မူဆယ်၁၀၅ မိုင် နယ်စပ် ကုန်သွယ်ရေးဇုန်သို့ ပေးပို့ရန် ရန်ကုန်မြို့မှ ငါးရှဉ့်များကို သေတ္တာပုံးများဖြင့်ထည့်၍ ကားပေါ်တင်ဆောင်နေစဉ်။

သားပေါက်လေ့ရှိ

ငါးရှဉ့်ကို စက်တင်ဘာလမှ ဒီဇင်ဘာလအထိ အများဆုံး ဖမ်းယူရရှိသည်။ ဖေဖော်ဝါရီလမှ မတ်လကာလအတွင်း ကျင်းအောင်းလေ့ရှိပြီး မိုးကျကာလတွင် သားပေါက်လေ့ရှိသည်။

လုံးပတ် ခုနစ်မီလီမီတာအောက် သေးငယ်သောငါးရှဉ့်များ မပါရှိစေရန် အဝကျယ် ခုနစ်မီလီမီတာ ဆန်ခါဖြင့် ဤသို့ စစ်ထုတ်ဖယ်ရှားသည်။

ပြန်လွှတ်ပေး

ငါးရှဉ့်များ တင်ပို့ရောင်းချရာတွင် လုံးပတ် ခုနစ်မီလီမီတာအထက် ငါးရှဉ့်များကို တင်ပို့ရောင်းချခွင့်ပြုကြောင်း သိရသည်။ ငါးရှဉ့်မျိုးမသုဉ်းစေရန်အတွက် အရွယ်အစား သေးငယ်သော ငါးရှဉ့်များကို ဆန်ခါဖြင့်စစ်၍ ဖယ်ရှားရပြီး သဘာဝ အင်းအိုင် ချောင်းမြောင်းများတွင် ပြန်လွှတ်ပေးရသည်။

ငါးရှဉ့်များကို ဒိုင်များက တစ်ပိဿာ ကျပ် ၃၇၀၀ ဖြင့် ဝယ်ယူနေကြောင်း သိရသည်။ ငါးရှဉ့်တင်ပို့မှုလုပ်ငန်း တွင်ကျယ်လာသည်နှင့်အမျှ ငါးရှဉ့်ဖမ်းသူများ စီးပွားရေး တွက်ခြေကိုက်လျက်ရှိသည်။

ငါးရှဉ့်လုပ်ငန်းရှင်များအသင်းသည် ငါးရှဉ့်ပို့ကုန်များ ပြည်ပသို့ တိုးမြှင့်တင်ပို့ခြင်းဖြင့် နိုင်ငံခြားငွေ တိုးမြှင့်ရှာဖွေ ပေးလျက်ရှိသည်။ ၂၀၀၇ ခုနှစ် ဧပြီလမှ ဒီဇင်ဘာလအထိ ငါးရှဉ့်တန်ချိန် ၆၇၂၅ ကျော် တင်ပို့ရောင်းချပြီး ဖြစ်သည်။

ငါးရှဉ့်များကို ပလတ်စတစ်အိတ်ခံ ထင်းရှူးသေတ္တာများတွင် ရေချိုရေသန့်များထည့်၍ ထိန်းသိမ်းထားရသည်။

ငါးရှဉ့်လုပ်ငန်းရှင်များအသင်းက ယခုနှစ် ဘဏ္ဍာနှစ်အတွင်း ငါးရှဉ့်တင်ပို့ရောင်းချခြင်းဖြင့် နိုင်ငံခြားငွေ ပိုမိုတိုးတက် ရရှိရေးအတွက် ဆက်လက်ကြိုးစားဆောင်ရွက်လျက် ရှိပါကြောင်း လေ့လာရေးသားလိုက်ရပါသည်။ ။

(မြန်မာ့အလင်း)

မြန်မာ့အလင်း လိုတိုရှင်း သတင်းများ

တေဇစက္ကီကမ္မဋ္ဌာန်း ခုနစ်ရက်တရားစခန်း

ပုသိမ်မြို့ အမှတ် ၃ နယ်မြေ ရှင်ပင်ဘုန်းပွင့်လမ်း မြို့မရိပ်သာ၌ ဇန်နဝါရီ ၁၆ ရက်(ပြာသိုလဆန်း ၉ရက်)မှစ၍ ခုနစ်ရက်တရားစခန်းကို တေဇစက္ကီဗဟိုနာယက မြို့မရိပ်သာ ဆရာတော် ဘဒ္ဒန္တ ကောဝိဒ(မဟာသဒ္ဓမ္မဇောတိကဓဇ) အရှင်မြတ်က ဓာတုမနသီကာရ ပရမတ္ထတရားတော် ဟောကြားတော်မူမည်။ (၁၅၇)

သာသနိကအဆောက်အအုံများ ဆောက်လုပ်ရန်လှူဒါန်း

ကောလင်းမြို့ ကုက္ကိုကုန်းအုပ်စု ညောင်ကုန်းကျေးရွာ ဘုန်းတော်ကြီး ကျောင်းတိုက်တွင် သာသနိကအဆောက်အအုံ ဘက်စုံပြုပြင်ရေး အလှူငွေပေးအပ်ပွဲကို ဒီဇင်ဘာ၂၇ရက်က ကျင်းပရာ ဘုရားဒကာ၊ ကျောင်းဒကာကြီး ဦးမောင်ညွှန့်အားရည်စူး၍ ဒေါ်စိမ်းမြက ပုဂံတောင်ဘုရား စေတီတော်မြတ် ရွှေသင်္ကန်းကပ်လှူရန် ငွေကျပ်နှစ်သိန်း၊ ပုဂံတောင်ကျောင်းတိုက်အတွက် မီးစက်တစ်လုံး ငွေကျပ်လေးသိန်း၊ ပုဂံတောင်ကျောင်းတိုက်အတွက် ငွေကျပ်ငါးသိန်း၊ ညောင်ကုန်းကျေးရွာ ဘုန်းတော်ကြီးကျောင်း ရေဘုံပိုင်အတွက် ငွေကျပ်နှစ်သိန်း၊ အုတ်ရေတွင်း ရေကန်အတွက် ငွေကျပ်ငါးသိန်း၊ ဓမ္မာရုံအတွက် ငွေကျပ်နှစ်သိန်း စုစုပေါင်း ငွေကျပ် သိန်း ၂၀ ဆက်ကပ်လှူဒါန်းကြသည်။ **(၀၂၆)**

ဟိုပင် မေတ္တာရိပ်အခမဲ့ဆေးကုခန်း နှစ်ပတ်လည်

ကချင်ပြည်နယ် ဟိုပင်မြို့ မေတ္တာရိပ်အခမဲ့ဆေးကုခန်း၏ ခုနစ်နှစ်မြောက် နှစ်ပတ်လည်အခမ်းအနားကို ဒီဇင်ဘာ၂၃ရက် နံနက် ၉ နာရီက အဆိုပါဆေးကုခန်း အဆောက်အအုံ၌ ကျင်းပရာ မြို့အုပ်ချုပ်ရေးမှူး ဦးခိုင်မင်းကိုက အဖွင့်အမှာစကား ပြောကြားပြီး ဥက္ကဋ္ဌ ဒေါက်တာဦးမြင့်လွင်က အလှူရှင်များအား ဂုဏ်ပြုမှတ်တမ်းလွှာများ ပြန်လည်ပေးအပ်သည်။ (မြို့နယ် ပြန်/ဆက်)

စာကြည့်တိုက်ပညာ ဆင့်ပွားသင်တန်းဖွင့်

ကျွမ်းကျင်သော စာကြည့်တိုက်မှူးများ ပေါ်ထွက်လာရေးအတွက် စာကြည့်တိုက်ပညာ ဆင့်ပွားသင်တန်း အမှတ်စဉ်(၁၂/၂၀၀၇)ဖွင့်ပွဲအခမ်းအနားကိုမြင်းမူမြို့နယ်ရုံးကားကျေးရွာ ပညာရောင်ခြည် စာကြည့်တိုက်၌ကျင်းပရာ ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးမှူး ဦးညိုအုန်းက စာကြည့်တိုက် မိတ်ဆက်၊ စာကြည့်တိုက်ဟူသည်၊ စာကြည့်တိုက်မှူးကောင်းတစ်ယောက်၏ အရည်အချင်းများနှင့် လုပ်ငန်းစဉ်များကိုလည်းကောင်း၊ စာထောက်–၃ ဦးမြင့်နိုင်စိုးက စာအုပ်များ စုဆောင်းထိန်းသိမ်းနည်း၊ ထားသိုနည်းနှင့် ငှားရမ်းခြင်း၊ ရေရှည်တည်တံ့ခိုင်မြဲရေး လုပ်ငန်းစဉ်များကိုလည်းကောင်း စာတွေ့၊ လက်တွေ့ ဟောပြောပို့ချကြသည်။ **(မြို့နယ် ပြန်/ဆက်)**

ကာရီတာတမံ ဆယ်ရန်အတွက် ငွေလှူဒါန်း

ဇန်နဝါရီ ၄ရက်က ရခိုင်ပြည်နယ် ကျောက်ဖြူမြို့နယ် စနဲအပိုင် ရေမျက်ကျေးရွာအုပ်စု တောင်ဖြူရွာတွင် ကာရီတာတမံဆယ်ရန်အတွက် ဦးဘခင်–ဒေါ်ငွေသိန်း(ရွှေပန်းထိမ်) မိသားစု ၂၉ လမ်း ရန်ကုန်မှ ငွေကျပ် ၁၀ သိန်းကို ရေမျက်ကျေးရွာအုပ်စုသို့လှူဒါန်းရာ ကျေးရွာတာဝန်ရှိသူများက လက်ခံယူကြောင်း သိရသည်။ (က–ပ)

ဇီဝဓာတ်ငွေ့လောင်စာဆီ ထုတ်လုပ်မှုပညာပေး

ခြစ်စည်းရိုးကြက်ဆူပင်နှင့် ဇီဝဓာတ်ငွေ့လောင်စာဆီထုတ်လုပ်မှု အသိပညာပေး ဟောပြောပွဲကို ဒီဇင်ဘာ ၂၆ ရက်က စစ်ကိုင်းတိုင်း စစ်ကိုင်းမြို့ မြို့တော်ခန်းမ၌ကျင်းပရာ ခရိုင်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး ဦးကျော်ကျော်ဝင်းက အဖွင့်အမှာစကားပြောကြားပြီး စာရေးဆရာ ရုပ်ရှင်ဒါရိုက်တာ ဦးဇွန်မောင်မောင်၊ ကဗျာဆရာ ကိုရွှေအောင်သင်း၊ မောင်လွမ်းနွယ်(အောင်လံ)တို့က အသိပညာပေး ဟောပြောကြသည်။ **(မြို့နယ် ပြန်/ဆက်)**

စုပေါင်းသန့်ရှင်းရေးဆောင်ရွက်

နှစ်(၆၀)ပြည့် လွတ်လပ်ရေးနေ့ကို ဂုဏ်ပြုသောအားဖြင့် ရွှေဘိုခရိုင် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ ဝန်ထမ်းများသည် ဒီဇင်ဘာ ၂၉ ရက် မွန်းလွဲ ၂ နာရီက ရွှေဘုံရတနာမင်္ဂလာနန်းတော်အတွင်း စုပေါင်းသန့်ရှင်းရေး ဆောင်ရွက်ကြသည်။ (ခရိုင် ပြန်/ဆက်)

ရေကောင်းရေသန့်ရ၍ ပြည်သူတွေဝမ်းသာနေ

နွားထိုးကြီးမြို့နယ် သရက်ကန်ကျေးရွာမှာ ယခင်က ရေမထွက်သော ရွာဖြစ်သည်။ ယခုအခါ မန္တလေးတိုင်း မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်း၏ ပံ့ပိုးကူညီမှု ငွေကျပ် ၁၅၁ သိန်းဖြင့် ပေ ၇၀၀ အနက်တူး၍ ရေကောင်းရေသန့် လေးလက်မ ပိုက်ဖြင့် တစ်နာရီရေဂါလန်၁၇၀၀နှုန်းထွက်နေသဖြင့် သရက်ကန် ကျေးရွာလူထု ဝမ်းသာနေကြသည်။ မကြာမီ ရေစက်ဖွင့်ပွဲ ကျင်းပမည်ဖြစ်ရာ ငွေမလို ရေလိုသော ရွာအတွက် ရေကောင်းရေသန့် ရနေပြီဖြစ်သည်။ **(၂၂၇)**

ကမ္ဘာ့အားကစား နောက်ဆုံးသတင်းများ

မော်ရင်ဟို လီဗာပူးရောက်မှာလား

ရေးသူ– မောင်မောင်မြင့်ဆွေ

လန်ဒန် ဇန်နဝါရီ ၁၄

လီဗာပူးအသင်း ရလဒ်တွေ ဆိုးရွားနေတာမို့ ဘင်နီတက်ဇ်နဲ့ အသင်းပိုင်ရှင်တွေအကြား ပြဿနာတွေ ဖြစ်ပေါ်နေချိန်မှာ ချယ်လ်ဆီး နည်းပြဟောင်း မော်ရင်ဟို လီဗာပူးကို လာရောက် ကိုင်တွယ်တော့မယ်ဆိုတဲ့ သတင်းတွေ ထွက်ပေါ်လာပါတယ်။

လီဗာပူးအသင်းဟာ ဒီနှစ် ပရီမီယာလိဂ်မှာ ၂၁ပွဲကစားပြီးချိန်မှာ ၁၀ ပွဲနိုင်၊ ကိုးပွဲသရေနဲ့ ရှုံးပွဲနှစ်ပွဲ ဆိုတဲ့ရလဒ်ကို ပိုင်ဆိုင်ထားတာမို့ ပရီမီယာလိဂ်မှာ ၂၂ပွဲကစားပြီး သုံးပွဲစီ ရှုံးထားတဲ့ မန်ယူနှင့် ချယ်လ်ဆီးတို့ ထက်တော့ ရလဒ်ကောင်းသလိုပါပဲ။

ချယ်လ်ဆီး နည်းပြဟောင်း မော်ရင်ဟို။

အံ့သြစရာဖြစ်နေ

ဒါပေမယ့် ဒီနှစ်ပရီမီယာလိဂ် ပြိုင်ပွဲဝင် အသင်း၂၀မှာ သရေပွဲချည်း ကိုးပွဲဖြစ်ခဲ့၍ လီဗာပူးရဲ့အမြင့်မားဆုံးစံချိန်ကတော့ အံ့သြစရာဖြစ်နေပါတယ်။ လီဗာပူးဟာ တန်းဆင်းဇုန်ထဲ ရောက်နေတဲ့ ဖူလ်ဟမ်အသင်းနှင့် အပြိုင် အခု ၂၂ ပွဲ ကစားပြီးတဲ့အခါ ကိုးပွဲ သရေကျခဲ့တာမို့ တန်းစီဇယားမှာ အဆင့်လေးနေရာက မတက်သေးပါဘူး။

လေးစားစရာကောင်း

ဒါကြောင့် ဘင်နီတက်ဇ်ရဲ့ စွမ်းဆောင်မှုကို သံသယဝင်လာတဲ့ လီဗာပူးအသင်းပိုင်ရှင်တွေက နည်းပြအပြောင်းအလဲပြုလုပ်ဖို့ လွန်ခဲ့တဲ့ သုံးလလောက်ကတည်းက စီစဉ်နေခဲ့တယ်လို့ဆိုပါတယ်။ ဘင်နီတက်ဇ်ဟာ နည်းပြကောင်းတစ်ဦးဖြစ်ပြီး ချန်ပီယံလိဂ်ဖလားကို ရအောင်ယူပေးနိုင်ခဲ့တဲ့ နည်းပြတစ်ဦးဖြစ်တာကြောင့် သူ့ရဲ့အရည်အချင်းကလည်း လေးစားစရာကောင်းနေပါတယ်။

ချယ်လ်ဆီး နည်းပြဟောင်း မော်ရင်ဟိုဟာ ချယ်လ်ဆီးက ထွက်ခွာပြီးနောက်မှ လီဗာပူးမှာ နည်းပြအဖြစ် ကိုယ်တွယ်ဖို့ စိတ်ဝင်စားတယ်လို့ ပြောကြားခဲ့ကြောင်း မော်ရင်ဟို အေးဂျင့်က ဆိုပါတယ်။ မော်ရင်ဟို အနေနဲ့ကတော့ အင်္ဂလန်ကလပ်အသင်းတွေကို နည်းပြအဖြစ်ဆောင်ရွက်ဖို့ စိတ်မဝင်စားဘူးလို့ အရင်ကတော့ ထုတ်ပြန်ချက်ပေးထားခဲ့ပေမယ့် အခုတော့ စိတ်ဝင်စားတယ်ဆိုတဲ့အကြောင်းကို ပြောကြားခဲ့တယ်လို့ မော်ရင်ဟို အေးဂျင့် ဂျို့မင်ဒက်စ်က ပြောကြားခဲ့ပါတယ်။

ပျံ့လွင့်နေ

လီဗာပူး အသင်းပိုင်ရှင်တွေဟာ မော်ရင်ဟိုကိုင်တွယ်ရင် ဈေးနှုန်းသတ်မှတ်မှု မရှိဘူးလို့ ပြောဆိုနေတာကြောင့် မော်ရင်ဟို လီဗာပူး ရောက်လာနိုင်တယ်ဆိုတဲ့ သတင်းတွေ ပျံ့လွင့်နေပါတယ်။ တကယ်တော့ မော်ရင်ဟိုဟာ အင်္ဂလန်ထက် စပိန်မြေကို နှင်းချင်သူဖြစ်ပါတယ်။

မော်ရင်ဟို ကိုယ်တိုင်ကတော့ လီဗာပူးကို ပြောင်းရွှေ့ကိုင်တွယ်ဖို့ဆိုတာ သိပ်တော့ မဖြစ်နိုင်ပါဘူးလို့ မယုတ်မလွန် ပြောကြားခဲ့ပါတယ်။ မော်ရင်ဟိုကို ခေါ်ယူချင်နေတဲ့အသင်းတွေ များပြားနေတာကြောင့် အခုအချိန်အထိ မဆုံးဖြတ်ရသေးဘူးလို့တော့ ပြောနေပါတယ်။

မော်ရင်ဟိုရဲ့ ဆန္ဒအစစ်အမှန်ကတော့ စပိန်ကလပ်အသင်းတွေမှာ တာဝန်ယူချင်ပေမယ့် လီဗာပူးကိုလည်း အကူအညီပေးချင်တယ်ဆိုတဲ့အကြောင်း ပြောကြားနေတာမို့ မော်ရင်ဟို လီဗာပူးကို အမှန်တကယ် ရောက်မရောက် စောင့်ကြည့်ရမှာဖြစ်ပါကြောင်း။ ။

နစ္စတယ်ရိုင်း၏ နောက်ကျဂိုးများ ရီးရဲတို့အမှတ်ပေးဇယား၌ ဆက်လက်ဦးဆောင်

မက်ဒရစ် ဇန်နဝါရီ ၁၄

စပိန်လာလီဂါပွဲစဉ်(၁၉) ဘောလုံးပြိုင်ပွဲများကို ဇန်နဝါရီ၁၃ ရက်က ဆက်လက်ယှဉ်ပြိုင်ကစားခဲ့ကြရာ ရီးရဲမက်ဒရစ်တို့ အမှတ်ပေးဇယား အောက်ဆုံးရောက် လီဗန်တေးအသင်းကို နှစ်ဂိုး–ဂိုးမရှိဖြင့် အနိုင်ရခဲ့၍ အမှတ်ပေးဇယားတွင် ဆက်လက် ဦးဆောင်နိုင်ခဲ့သည်။

ဖျက်ထုတ်ကာကွယ်နိုင်

လီဗန်တေးအသင်းသည် ပွဲစဉ်တစ်လျှောက် ရီးရဲတို့အား ကြံ့ကြံ့ခံ ခုခံကစားခဲ့ကြသော်လည်း ပွဲပြီးရန် ၁၅မိနစ်အလိုတွင် တိုက်စစ်မှူး နစ္စတယ်ရိုင်း၏ ထိုးဖောက်ကစားမှုကို ကာကွယ်နိုင်ခြင်းမရှိခဲ့ပေ။ ပွဲချိန်၂၂မိနစ်တွင် ရီးရဲတို့ ထောင့်ကန်ဘောရရှိရာမှ ဘာတစ္စတာနှင့် ရာအူးလ်တို့ ဂိုးသွင်းခွင့်ရရှိခဲ့သော်လည်း လီဗန်တေးနောက်တန်းလူများ အချိန်မီ ဖျက်ထုတ်ကာကွယ်နိုင်ခဲ့သည်။

ပွဲချိန်၇၆မိနစ်တွင် ရီးရဲမက်ဒရစ်တို့ ကံကောင်းထောက်မစွာဖြင့် ပယ်နယ်တီကန်ခွင့်ရရှိခဲ့သည်။ ယင်းပယ်နယ်တီကို နစ္စတယ်ရိုင်းက အမိအရ ကန်သွင်းယူနိုင်ခဲ့သည်။

ဒုတိယမြောက်ဂိုးရရှိ

ရီးရဲမက်ဒရစ်တို့ ဆက်လက်၍ တိုက်စစ်ဆင်ခြေစွမ်းပြကစားခဲ့ရာ ပွဲပြီးရန် နှစ်မိနစ်အလိုတွင် လီဗန်တေး ဂိုးဧရိယာအပြင်ဘက်မှ နစ္စတယ်ရိုင်း အနိမ့်ဘောကန်သွင်းယူခဲ့ရာမှ ရီးရဲတို့ ဒုတိယမြောက်ဂိုးရရှိသွားသည်။

လီဗန်တေးသည် လွန်ခဲ့သော ငါးပွဲက တစ်ဂိုးသာသွင်းယူပြီး တစ်မှတ်သာ ရရှိခဲ့သည်။

ဘာစီလိုနာ

ဘာစီလိုနာအသင်းသည် ယမန်နေ့က မာစီယာအသင်းကို အိမ်ကွင်း၌ လေးဂိုးပြတ်အနိုင်ရခဲ့၍ ရမှတ် ၄၀ ဖြင့် အမှတ်ပေးဇယား ဒုတိယနေရာတွင် ဆက်လက်ရပ်တည်နိုင်ခဲ့သည်။

တတိယနေရာ

အက်သလက်တီကိုမက်ဒရစ်အသင်းသည် ဗလင်စီယာအသင်းကို တစ်ဂိုး–ဂိုးမရှိဖြင့်အနိုင်ရလိုက်၍ ရမှတ် ၃၇ မှတ် ရရှိကာ တတိယနေရာသို့ ရောက်လာသည်။

စတုတ္ထ

အက်စပန်ညိုအသင်းသည် ၁၄ပွဲ ရှုံးပွဲမရှိ စံချိန်တင်ထားခဲ့ရာ အယ်မာစီယာအသင်းကို တစ်ဂိုး–ဂိုးမရှိဖြင့် ရှုံးနိမ့်သွား၍ ရမှတ်၃၆မှတ်ဖြင့် စတုတ္ထနေရာသို့ ဆင်းသွားခဲ့ရသည်။

စုစည်းတင်ပြသူ - မြင့်မောင်စိုး

ရီးရဲမက်ဒရစ် တိုက်စစ်မှူး နစ္စတယ်ရိုင်း၏ ထိုးဖောက်ကစားဟန်။

စစ်ရေးချုပ်ရုံး ရေး–၂(ခ) ဝန်ထမ်းဟောင်းများနှင့် မိသားစုများစုပေါင်း၍ ရန်ကုန်မြို့ ဗဟန်းမြို့နယ် နှင်းဆီကုန်းဘိုးဘွားရိပ်သာသို့ ဆွမ်းပဒေသာပင် ငွေကျပ် တစ်သိန်းသုံးသောင်းကို ဇန်နဝါရီ၁၂ရက်က ပေးအပ်လှူဒါန်းရာ ဘိုးဘွားရိပ်သာ တွဲဖက်ဘဏ္ဍာရေးမှူး ဦးမောင်မောင်ကြီးက လက်ခံယူစဉ်။ (က–ပ)

အဆင့်မြင့်တန်းအမှတ်ပေးဘောလုံးပြိုင်ပွဲ ဆက်လက်ယှဉ်ပြိုင် စီးပွား/ ကူးသန်းအသင်း စွမ်းအင်ကိုနိုင်ပြီး ထိပ်ဆုံးမှဦးဆောင်

သတင်းမြင်ကွင်း – ကိုထွေး ■ ဓာတ်ပုံ – သိန်းဝင်းလေး(မြန်မာ့အလင်း)

ရန်ကုန် ဇန်နဝါရီ ၁၄

မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ်က ကြီးမှူးကျင်းပသည့် ၂၀၀၇–၂၀၀၈ခုနှစ် ဘောလုံးရာသီအဆင့်မြင့်တန်းအမှတ်ပေး(မြန်မာလိဂ်)ဘောလုံးပြိုင်ပွဲကို ယနေ့ညနေ ၃ နာရီခွဲက ရန်ကုန်မြို့ အောင်ဆန်းအားကစားပြိုင်ကွင်း၌ ဆက်လက်ယှဉ်ပြိုင်ကစားရာ စီးပွား/ကူးသန်းအသင်းက စွမ်းအင်အသင်းကို သုံးဂိုး–နှစ်ဂိုးဖြင့် အနိုင်ရရှိသွားသည်။

ခြေစွမ်းပြကစား

အဆင့်မြင့်တန်းကွင်းဖွင့်ဖလား ဘောလုံးပြိုင်ပွဲတွင် စီးပွား/ကူးသန်းအသင်းက စွမ်းအင်အသင်းကို အနိုင်ရရှိပြီး ချန်ပီယံဆုဖလားဆွတ်ခူးနိုင်သကဲ့သို့ ယနေ့ပွဲစဉ်၌လည်း စီးပွား/ ကူးသန်းအသင်းက ခြေစွမ်းပြကစားပြီး အနိုင်ရရှိသွားခြင်းဖြစ်သည်။ စွမ်းအင်အသင်းက ဦးဆောင်ဂိုးသွင်းယူနိုင်ခဲ့သော်လည်း စီးပွား/ကူးသန်းအသင်းက

အကြိတ်အနယ်ယှဉ်ပြိုင်

မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ်က ကြီးမှူးကျင်းပသည့် ၂၀၀၇–၂၀၀၈ ခုနှစ် ဘောလုံးရာသီ အဆင့်မြင့်တန်း အမှတ်ပေး(မြန်မာလိဂ်) ဘောလုံးပြိုင်ပွဲတွင် စီးပွား/ကူးသန်းအသင်းနှင့် စွမ်းအင်အသင်းတို့ အကြိတ်အနယ်ယှဉ်ပြိုင်ကစားစဉ်။ (မြန်မာ့အလင်း)

သုံးဂိုးဆက်တိုက်ပြန်သွင်းကာ အသာစီးမှကစားသွားခဲ့သည်။ ပွဲပြီးခါနီးတွင် စွမ်းအင်အသင်း ဒုတိယဂိုးသွင်းယူနိုင်သော်လည်း အချိန်နှောင်းသွားပြီဖြစ်၍ သုံးဂိုး–နှစ်ဂိုးဖြင့် ရှုံးနိမ့်သွားခြင်းဖြစ်သည်။

စွမ်းအင်အသင်းအတွက် ပထမဂိုးကို ပွဲချိန် ၁၅မိနစ်တွင် တိုက်စစ်မှူးအောင်ကျော်မျိုးက သွင်းယူပေးသည်။ စီးပွား/ကူးသန်းအသင်းအတွက် ချေပဂိုးကို ပွဲချိန် ၂၅ မိနစ်တွင် မျိုးဇော်ထွန်းက သွင်းယူပေးသည်။ ပထမပိုင်းတွင် နှစ်သင်းစလုံး အပြန်အလှန်ထိုးဖောက်ကစားရာ အကြိတ်အနယ် ပွဲကောင်းတစ်ပွဲဖြစ်ခဲ့ပြီး တစ်ဂိုးစီ သရေကျနေသည်။

လူစားလဲကစား

ဒုတိယပိုင်းတွင် စီးပွား/ကူးသန်းအသင်းက နောက်တန်းလူ ကျော်ကျော်ထွန်းအစား တိုက်စစ်မှူးမျိုးလှိုင်ဦးကို လူစားလဲကစားရာ တိုက်စစ်အားသိသိသာသာ ထက်မြက်လာသည်။ စီးပွား/ကူးသန်းအသင်းအတွက် ဒုတိယဂိုး(ဦးဆောင်ဂိုး)ကို တိုက်စစ်မှူးမျိုးလှိုင်ဦးက ၅၃ မိနစ်တွင် ထောင့်ကျဉ်းထဲသို့ လှလှပပသွင်းယူပေးသည်။

စီးပွား/ကူးသန်းအသင်းအတွက် တတိယဂိုးကို တိုက်စစ်မှူး စထက်နိုင်ဝင်းက ပွဲချိန် ၇၃ မိနစ်တွင် ခေါင်းတိုက် သွင်းယူပေးသည်။ ပွဲချိန် ၈၅မိနစ်၌ စွမ်းအင်အသင်းအတွက် ဒုတိယဂိုးကို တိုက်စစ်မှူး နိုင်ဝင်းက သွင်းယူခဲ့ခြင်းဖြစ်သည်။

ထိပ်ဆုံးမှဦးဆောင်

ယနေ့ပွဲစဉ်အပြီးတွင် စီးပွား/ကူးသန်းအသင်းနှင့် လက်ရှိချန်ပီယံ ဘဏ္ဍာ/အခွန်အသင်းတို့ သုံးပွဲစီနိုင် ကိုးမှတ်စီရရှိထားကြသော်လည်း ဂိုးကွာခြားချက်အရ စီးပွား/ကူးသန်းအသင်း အမှတ်ပေးဇယားထိပ်ဆုံးမှ ဦးဆောင်လျက်ရှိသည်။

ပွဲအပြီးတွင် အနိုင်ရရှိသွားသော စီးပွား/ကူးသန်း ဘောလုံးအသင်းမှ တာဝန်ရှိသူများအား တွေ့ဆုံမေးမြန်းဖြစ်ခဲ့သည်။ ရှေးဦးစွာ စီးပွား/ကူးသန်း ဘောလုံးဆပ်ကော်မတီဥက္ကဋ္ဌ ဦးနီပေါလ်(အင်ဂျင်နီယာချုပ်)က **“မိမိတို့ စီးပွား/ကူးသန်း ဘောလုံးဆပ်ကော်မတီအနေဖြင့် မြန်မာ့ဘောလုံးအားကစားအဆင့်အတန်း မြင့်မားတိုးတက်ရေး၊ မြန်မာ့လက်ရွေးစင် ဘောလုံးသမားကောင်းများ မွေးထုတ်ပေးနိုင်ရေးနှင့် အဆင့်မြင့်တန်း၌ အသင်းကြီးတစ်သင်းအဖြစ် ရပ်တည်နိုင်ရေးအတွက် အဓိကရည်ရွယ် လုပ်ဆောင်လျက်ရှိပါကြောင်း၊ လက်ရှိအနေအထားတွင် မိမိတို့ရည်မှန်းချက် ပြည့်မီသည်ဟု ပြောနိုင်ကြောင်း”** ပြောကြားခဲ့သည်။

အားသာချက်

စီးပွား/ကူးသန်း ဘောလုံးအသင်း အုပ်ချုပ်သူ ဦးမြင့်သိန်း(လက်ထောက်မန်နေဂျာ)ကလည်း **“ယနေ့ပွဲရလဒ်ကို အားရကျေနပ်မှုရှိပါကြောင်း၊ မိမိတို့အသင်း ငါးမှတ်လျှော့ပြစ်ဒဏ်ရှိထား၍ အသင်းတိုင်းကို အနိုင်ကစားရန် အရေးကြီးကြောင်း”** ပြောကြားခဲ့သည်။

စီးပွား/ကူးသန်း ဘောလုံးအသင်း နည်းပြချုပ် ဦးဉာဏ်ဝင်းကလည်း **“ကစားသမားများ အထူးကြိုးစားကစားခဲ့ကြ၍ အနိုင်ရခြင်းဖြစ်ပါကြောင်း၊ နည်းပြတစ်ဦးအနေဖြင့် ရလဒ်ကို ကျေနပ်ပါကြောင်း၊ အဓိက ဂိုးမပေးရေးကို အခြေခံပြီး ဂိုးရရှိရေးအတွက် ပြင်ဆင်ခဲ့ကြောင်း၊ ပွဲပြီးခါနီး၌ ချေပဂိုးတစ်ဂိုးပြန်ပေးလိုက်ရခြင်းမှာ ဘောလုံးပိုင်ဆိုင်မှုဖြင့် ကစားပုံမပိုင်နိုင်၍ဖြစ်ကြောင်း ”** ပြောကြားခဲ့သည်။

ယနေ့ပွဲ

ဇန်နဝါရီ၁၅ ရက် **(ယနေ့)** ညနေ ၃ နာရီခွဲတွင် အောင်ဆန်းအားကစားပြိုင်ကွင်း၌ အဆင့်မြင့်တန်း အမှတ်ပေးပြိုင်ပွဲအဖြစ် မြို့တော်စည်ပင်အသင်းနှင့် မြန်မာ့မီးရထားအသင်းတို့ ယှဉ်ပြိုင်ကစားကြမည်ဖြစ်သည်။ ။

(မြန်မာ့အလင်း)

ရန်ကုန်တိုင်း စမ်းချောင်းမြို့နယ် သမိဒ္ဓေါဒယ သုခိတာရာမ ဒေါ်ဉာဏစာရီ မြန်အောင်ကျောင်းတိုက်နွယ်ဖွား တပည့်ဟောင်းများ၏ တတိယအကြိမ် အာစရိယပူဇော်ပွဲနှင့် ဩဝါဒခံယူပွဲအခမ်းအနားကို ဒီဇင်ဘာ ၂၉ရက်က အဆိုပါကျောင်းတိုက်၌ ကျင်းပရာ ဩဝါဒါစရိယဆရာတော် ငါးပါး၊ နာယကဆရာကြီး ၁၀ပါးတို့အား တိုင်းနှင့်ပြည်နယ် အသီးသီးမှ ကျောင်းတိုက်ခွဲ တပည့်ဟောင်း ၁၈၇ဦးက အပူဇော်ခံ ဆရာတစ်ပါးလျှင် ဝတ္ထုငွေကျပ် တစ်သိန်းငါးသောင်းနှင့် ပစ္စည်းစုံခြင်းတစ်ခုစီ လှူဒါန်းပူဇော်စဉ်။ (က-ပ)

ဖခင် ရွှေပန်းထိမ် ဆရာကြီး ဦး တင် လှိုင်-မိခင်ဒေါ်ညွန့်ရီ တို့အား ရည်စူး၍ ရန် ကုန် တိုင်း မင်္ဂလာတောင် ညွန့် မြို့နယ် နေ ဦး ဝင်း နိုင်-ဒေါ် စန်း တင့်၊ (ဦးစိုးနိုင်)-ဒေါ် မြင့် မြင့် ကျော်၊ ဒေါ် ဝါ ဝါ လှိုင်၊ ဒေါ်အေးအေး သင်း၊ ဒေါ်နွယ်နီလှိုင် မောင်နှမတစ်စုက သင်္ဃန်းကျွန်းမြို့နယ် စံပြရပ်ကွက် (၅)လမ်း မေတ္တာအေးသာသနာ့ရိပ်သာအတွင်း၌ ဆောက်လုပ်သော သာသနာ့ဂုဏ်ရည် သုံးထပ်ကျောင်းဆောင် တည်ဆောက်ရန်အတွက် အလှူငွေကျပ် ၄၅သိန်းကို မေတ္တာအေးဆရာတော် ဓမ္မကထိက ဘဒ္ဒန္တ သုဇာတထံ ဆက်ကပ်လှူဒါန်းစဉ်။ (က-ပ)

ဓာတ်ပုံပြိုင်ပွဲ ဆုရသူများစာရင်းထုတ်ပြန်

ရန်ကုန် ဇန်နဝါရီ ၁၄

ဟိုတယ်နှင့် ခရီးသွားလာရေး လုပ်ငန်း ဝန်ကြီးဌာနနှင့် မြန်မာနိုင်ငံ ဟိုတယ်ဆိုင်ရာ လုပ်ငန်းရှင်များအသင်းတို့ ပူးပေါင်းကျင်းပသော ရှင်အပါး (၂၀၀၀) ရဟန်းခံရှင်ပြု အလှူတော် မင်္ဂလာပွဲကို ၂၀၀၇ခုနှစ် မတ် ၃၁ရက်က မကွေးတိုင်း ချောက်မြို့နယ်နှင့် မြန်မာ့ယဉ်ကျေးမှုနယ်မြေ ပုဂံဒေသတို့တွင် ကျင်းပခဲ့သည့် အထိမ်းအမှတ်အဖြစ် ရှင်(၂၀၀၀)ဓာတ်ပုံပြိုင်ပွဲကို မြန်မာနိုင်ငံ ဓာတ်ပုံအသင်းမှ ဝါရင့်ဓာတ်ပုံပညာရှင် အကဲဖြတ်လူကြီးများ ဇန်နဝါရီ၉ရက် နံနက်၁၀နာရီက အမှတ်ပေး ရွေးချယ်ပေးခဲ့သည်။

ဆွတ်ခူးရရှိ

အဆိုပါ ဓာတ်ပုံပြိုင်ပွဲအတွက် ပထမဆုကို ဦးမြင့်အောင်(အိုင်တီစတား)၊ ဒုတိယဆုကို လင်းလင်းအောင် (ပုဂံ)၊ တတိယဆုကို ကိုဇော်မိုး (ထက်ရှိုင်း)နှင့် နှစ်သိမ့်ဆုကို(၁) ဦးမြင့်အောင်၊ (၂)ပုဂံမင်းမင်းဦး၊ (၃) ကိုဇော်မိုး(ထက်ရှိုင်း)၊ (၄) ပုဂံမင်းမင်းဦး၊ (၅) သောင်းဝင်းဗိုလ်တို့က ဆွတ်ခူးရရှိကြသည်။

ဆုများကို မြန်မာနိုင်ငံ ဟိုတယ်လုပ်ငန်းရှင်များအသင်း နှစ်ပတ်လည် အစည်းအဝေး၌ ချီးမြှင့်မည်ဖြစ်ကြောင်း သိရသည်။ (က-ပ)



(၂၅)ကြိမ်မြောက် အဘိဓမ္မာဋီကာကျော် ဝိသုဒ္ဓိမဂ်စာမေးပွဲကို ဇန်နဝါရီ ၁၃ရက်က ရန်ကင်းမြို့နယ် ပဥ္စနိကာယ သာသနဗိမာန်ကျောင်း၌ကျင်းပရာ လူပုဂ္ဂိုလ်နှင့် သီလရှင် စုစုပေါင်း ၁၈၀တို့ စာမေးပွဲဝင်ရောက်ဖြေဆိုကြစဉ်။ (၁၇၀)

ယာဉ်စည်းကမ်း ထိန်းသိမ်းရေးလုပ်ငန်း အရှိန်အဟုန်မြှင့် မှုခင်းဖြစ်ပွားမှု ကျဆင်းရေး ဝိုင်းဝန်းပူးပေါင်းဆောင်ရွက်

နေပြည်တော် ဇန်နဝါရီ ၁၄

နေပြည်တော် ယာဉ်စည်းကမ်းထိန်းသိမ်းရေးကြီးကြပ်မှုကော်မတီ (၁/၂၀၀၈)ကြိမ်မြောက် အစည်းအဝေးနှင့် နေပြည်တော် လယ်ဝေးမြို့နယ် အတွင်းယာဉ်တိုက်မှုဖြစ်ပွားပြီးထွက်ပြေးတိမ်းရှောင်သွားသော တရားခံအား ဖော်ထုတ် ဖမ်းဆီးရမိရေး အတွက် စွမ်းရည်မြင့်မားစွာ တာဝန်ထမ်းဆောင်ခဲ့သော တပ်ဖွဲ့ဝင်များအား နေပြည်တော် ယာဉ်စည်းကမ်းထိန်းသိမ်းရေးကြီးကြပ်မှုကော်မတီက ဂုဏ်ပြုဆုငွေနှင့် ဂုဏ်ပြုမှတ်တမ်းလွှာ ပေးအပ်ပွဲအခမ်းအနားကို ဇန်နဝါရီ ၁၁ရက်က နေပြည်တော်တိုင်း စစ်ဌာနချုပ် အစည်းအဝေးခန်းမ၌ ကျင်းပသည်။

အမှာစကားပြောကြား

အခမ်းအနားတွင် ယာဉ်စည်းကမ်းထိန်းသိမ်းရေး ကြီးကြပ်မှု ကော်မတီနာယက နေပြည်တော်တိုင်း စစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်ဝေလွင်က ၂၀၀၈ ခုနှစ်အတွင်း ကော်မတီ၏ အဓိကတာဝန်ဖြစ်သော ယာဉ်စည်းကမ်းထိန်းသိမ်းရေးလုပ်ငန်းများကို အရှိန်အဟုန်မြှင့်ဆောင်ရွက်သွားကြရန်နှင့် မှုခင်းဖြစ်ပွားမှုနှင့် ဒဏ်ရာရ၊ သေဆုံးမှုအရေအတွက်များ လျော့နည်းကျဆင်းရေးအတွက် ကော်မတီ၊ ဆပ်ကော်မတီဝင်များက သက်ဆိုင်ရာ နယ်မြေကဏ္ဍအလိုက် ဝိုင်းဝန်းပူးပေါင်း ဆောင်ရွက်ရေးတို့ကို အကျယ်တဝင့် ရှင်းလင်းမှာကြားပြီး နေပြည်တော် လယ်ဝေးမြို့နယ် အတွင်းဖြစ်ပွားခဲ့သော ထွက်ပြေးတိမ်းရှောင်သွားသည့် ယာဉ်တိုက်မှုမှုခင်းကို ဆက်စပ်ဖော်ထုတ်ဖမ်းဆီးရာ၌ စွမ်းရည်မြင့်မားစွာ တာဝန်ထမ်းဆောင်ခဲ့ကြသည့် တပ်ဖွဲ့ဝင်များအား ဂုဏ်ပြုဆုငွေနှင့် ဂုဏ်ပြုမှတ်တမ်းလွှာများ ပေးအပ်ချီးမြှင့်သည်။ **(အပေါ်ပုံ)**

ရှင်းလင်းတင်ပြ

ထို့နောက် ယခင်အပတ် အစည်းအဝေးမှတ်တမ်းကို ဖတ်ကြားတင်ပြ၍ ယာဉ်စည်းကမ်း ထိန်းသိမ်းရေးကြီးကြပ်မှုကော်မတီ ဥက္ကဋ္ဌက ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်း စစ်ဆေးဆောင်ရွက်မှု အခြေအနေများ၊ ယာဉ်တိုက်မှု အခြေအနေများနှင့် ၂၀၀၈ ခုနှစ်အတွင်း တိုးမြှင့်ဆောင်ရွက်မည့် အစီအစဉ်များကို ရှင်းလင်း တင်ပြပြီး ကော်မတီ၊ ဆပ်ကော်မတီအလိုက် ယာဉ်စည်းကမ်းထိန်းသိမ်းရေး လုပ်ငန်းဆောင်ရွက်မှုများကို တင်ပြကြရာ တိုင်းမှူးက လိုအပ်သည်များကို ညှိနှိုင်းဆောင်ရွက်ပေးကာ နိဂုံးချုပ် အမှာစကားပြောကြားကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

စာကြည့်တိုက်များ အရှိန်အဟုန်မြင့်မားရေး စာဖတ်ဝိုင်း၊ စာဖတ်ပွဲတော်များ ကျင်းပ

လွတ်လပ်ရေးနေ့ ဂုဏ်ပြု ဟောပြောပွဲနှင့်စာဖတ်ဝိုင်းကျင်းပ

ရန်ကုန် ဇန်နဝါရီ ၁၄

ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန တောင်ဥက္ကလာပ မြို့နယ်ရုံးမှ ကြီးမှူး၍ အလက(၅)တွင် နှစ်(၆၀)ပြည့် လွတ်လပ်ရေးနေ့ကို ဂုဏ်ပြုသောအားဖြင့် နံရံကပ်စာစောင်၊ ဓာတ်ပုံပြပွဲ၊ ဟောပြောပွဲ၊ စာဖတ်ဝိုင်းနှင့် နိုင်ငံတော်ဖွဲ့စည်းပုံ အခြေခံဥပဒေရေးဆွဲရာတွင် အခြေခံရမည့်မူများနှင့် အသေးစိတ်အခြေခံရမည့်မူများ ရှင်းလင်းဆွေးနွေးပွဲကို ဇန်နဝါရီ၁ ရက်က ကျင်းပရာ ကျောင်းအုပ်ဆရာမကြီး ဒေါ်သင်္ဂီမွန်က အဖွင့်အမှာစကား ပြောကြားပြီး မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးမှူး ဒေါ်ရီရီရှိန်က လွတ်လပ်ရေးကိုတန်ဖိုးထားပါ ခေါင်းစဉ်ဖြင့် ဟောပြောသည်။

ဆက်လက်၍ ကလေးများ အသိပညာ ဗဟုသုတ ရရှိစေရေးအတွက် စာဖတ်ဝိုင်းကျင်းပကြောင်း သိရသည်။ (က-ပ)

စာဖတ်ပွဲတော် အောင်မြေသာစံ၌ ကျင်းပ

မန္တလေး ဇန်နဝါရီ ၁၄

မန္တလေးတိုင်း အောင်မြေသာစံ မြို့နယ် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနက ကြီးမှူး၍ ဒီဇင်ဘာလ စာဖတ်ပွဲတော်ကာလ လှုပ်ရှားမှုအဖြစ် စာဖတ်ပွဲတော်ကို ဒီဇင်ဘာ ၁၂ရက် နံနက်၉နာရီက အမှတ်(၄) အခြေခံပညာအလယ်တန်းကျောင်း၌ ကျင်းပသည်။

ရှေးဦးစွာ ကျောင်းအုပ်ဆရာကြီး ဦးကိုကိုမော်က အမှာစကားပြောကြားပြီး မြို့နယ်ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးမှူး ဒေါ်ဝင်းပပထွန်းက စာဖတ်ပွဲတော်ကျင်းပရခြင်း ရည်ရွယ်ချက်ကို ရှင်းလင်းပြောကြားသည်။ ထို့နောက် ကျောင်းသားကျောင်းသူများက သုတရသ စာအုပ်များ၊ မဂ္ဂဇင်း ဂျာနယ်များနှင့် သတင်းစာများ ဖတ်ရှုလေ့လာကြပြီး မိမိတို့ဖတ်ရှုလေ့လာမှုနှင့်ပတ်သက်၍ အသီးသီးပြန်လည် ဆွေးနွေးကြကြောင်း သိရသည်။ **(အောက်ပုံ)**

(မြို့နယ် ပြန်/ဆက်)

လှူငယ့်ဂုဏ်ဆောင်စာကြည့်တိုက် ကလေးများပုံပြောပြိုင်

စဉ့်ကိုင် ဇန်နဝါရီ ၁၄

စဉ့်ကိုင်မြို့နယ် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနက ကြီးမှူး၍ ကင်းတုံကျေးရွာ လှူငယ့်ဂုဏ်ဆောင် စာကြည့်တိုက်၏ ကလေးများ ပုံပြောပြိုင်ပွဲကိုအဆိုပါစာကြည့်တိုက်၌ ဒီဇင်ဘာ ၂၂ရက် နံနက် ၉ နာရီက ကျင်းပသည်။

ရှေးဦးစွာကျောင်းသားကျောင်းသူ ၁၁ဦးတို့က ဒို့ကျေးရွာဂျာနယ်မှ မင်းယုဝေ ရေးသားသည့် ၃၈ဖြာမင်္ဂလာပုံပြင်များမှ သူဆင်းရဲပုဏ္ဏား အကြောင်းယှဉ်ပြိုင်ကြရာ **(အပေါ်ပုံ)** ပထမဆု မသဉ္ဇာဦး၊ ဒုတိယဆု မနန်းစိုးဝေ၊ တတိယဆုမချိုမာနွယ်တို့ရရှိကြပြီး မြို့နယ်ဦးစီးမှူး ဒေါ်ဝေဝေဖြိုးနှင့် တာဝန်ရှိသူတို့က ဆုများပေးအပ်ချီးမြှင့်ကြသည်။

(မြို့နယ် ပြန်/ဆက်)

ဒေသတွင်း လူမှုစီးပွားရေးဘဝ ဖွံ့ဖြိုးတိုးတက်ရေး ပင်လောင်း၌ ဆွေးနွေး

ပင်လောင်း ဇန်နဝါရီ ၄

ရှမ်းပြည်နယ်(တောင်ပိုင်း) ပင်လောင်းမြို့နယ် အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ၏ ကြီးကြပ်မှုဖြင့် ဒေသတွင်း လူမှုစီးပွားရေးဘဝ ဖွံ့ဖြိုးတိုးတက်ရေး ဟောပြောဆွေးနွေးပွဲကို ဒီဇင်ဘာ ၂၂ရက်က ထီပေါင်းကျေးရွာအုပ်စု ထာငိုရွာ ဘုန်းတော်ကြီးကျောင်း၌ ကျင်းပသည်။

အခမ်းအနားတွင် လူဝင်မှုကြီးကြပ်ရေးနှင့် အမျိုးသားမှတ်ပုံတင်ရေးဦးစီးဌာန ဦးစီးမှူးဦးကျော်ငွေက အမှာစကားပြောကြားပြီး မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး ဒေါ်မင်းမင်းထွန်း၊ မြို့နယ်ဆရာဝန် ဒေါက်တာတိုးမောင်၊ မြို့နယ်ပညာရေးမှူး ဒေါ်တင်မြင့်၊ စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ ဦးကျော်စိုး၊ မြို့နယ်ဥပဒေအရာရှိ ဦးတင့်နိုင်၊ မြို့နယ်ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း အတွင်းရေးမှူး ဦးစိုင်းဆိုင်နွံ၊ မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးမှူး ဦးထွန်းလင်း၊ မြေစာရင်းဦးစီးဌာန၊ မြန်မာ့စိုက်ပျိုးရေးလုပ်ငန်းနှင့် သစ်တောဦးစီးဌာနတို့မှ တာဝန်ရှိသူများက မိမိတို့နှင့် သက်ဆိုင်သည့်လုပ်ငန်းများအကြောင်းနှင့် ဒေသခံပြည်သူများ လူမှုစီးပွားရေးဘဝ ဖွံ့ဖြိုးတိုးတက်ရေးတွင် ကူညီပေးနိုင်သည့်ကိစ္စရပ်များ ဆွေးနွေးကြသည်။

ထို့နောက် တက်ရောက်လာကြသော ကျေးရွာများမှ တောင်သူများက မေးမြန်းကြရာ သက်ဆိုင်ရာ တာဝန်ရှိသူများက ပြန်လည်ရှင်းလင်း ဆွေးနွေးသည်။

(မြို့နယ် ပြန်/ဆက်)

နှစ်(၆၀)ပြည့် လွတ်လပ်ရေးနေ့ကို ဂုဏ်ပြုသောအားဖြင့် အုတ်ဖိုမြို့နယ် စည်ပင်သာယာရေးအဖွဲ့ ကျေးလက်ရေရရှိရေးအတွက် ၂၀၀၇-၂၀၀၈ ဘဏ္ဍာရေးနှစ်အတွင်း ဆောင်ရွက်ခဲ့သော သစ်ဆိမ့်ကုန်းကျေးရွာ နှစ်လက်မ စက်ရေတွင်းဖွင့်ပွဲအခမ်းအနားကို ဇန်နဝါရီ၂ရက်က ကျင်းပရာ အုတ်ဖိုမြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးခင်မောင်အေးနှင့် မြို့နယ်စည်ပင်သာယာရေးအဖွဲ့အမှုဆောင်အရာရှိ ဦးစန်းလွင်တို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြစဉ်။ (၀၇၄)

ပိုးမွှားကင်းစင်ရေးနှင့် ရေကောင်းရေသန့်ရရှိရေး မော်လိုက်၌ ဆောင်ရွက်

မော်လိုက် ဇန်နဝါရီ ၁

မော်လိုက်မြို့နယ် စည်ပင်သာယာရေးအဖွဲ့နှင့် ကျန်းမာရေးဌာနတို့ ပူးပေါင်း၍ ပိုးမွှားကင်းစင်ရေးနှင့် ရေကောင်းရေသန့် ရရှိရေးအတွက် ဒီဇင်ဘာ ၈ ရက်က မြို့ပေါ်ရှိ ရေတွင်း၊ ရေကန်များ ကွင်းဆင်းစစ်ဆေးမှုကို မြို့နယ်စည်ပင်သာယာရေး အမှုဆောင်အရာရှိ ဦးရဲထွဋ်က ကြီးကြပ်ဆောင်ရွက်ပေးကြောင်း သိရသည်။ **(မြို့နယ်စည်ပင်)**

ရေစကြိုမြို့ ဗိုလ်ချုပ်လမ်း ကတ္တရာလမ်းသစ်ဖွင့်

ရေစကြို ဇန်နဝါရီ ၃

နှစ်(၆၀)ပြည့် လွတ်လပ်ရေးနေ့ကို ဂုဏ်ပြုသောအားဖြင့် ရေစကြိုမြို့နယ် စည်ပင်သာယာရေးအဖွဲ့ ၂၀၀၇-၂၀၀၈ ဘဏ္ဍာရေးနှစ်အတွင်း ဆောင်ရွက်ခဲ့သည့် ဗိုလ်ချုပ်လမ်း ပေ ၈၅၀ x ၁၂ပေ ကတ္တရာလမ်းသစ်ဖွင့်ပွဲကို ဒီဇင်ဘာ ၂၈ရက်က အဆိုပါမုခ်ဦးရှေ့၌ ကျင်းပသည်။

အခမ်းအနားတွင် ရေစကြိုမြို့နယ် စည်ပင်သာယာရေးအဖွဲ့မှ ဆောင်ရွက်ခဲ့သည့် ဗိုလ်ချုပ်လမ်း ကတ္တရာလမ်းသစ်ဖွင့်ပွဲ အခမ်းအနားတွင် နယ်မြေခံတပ်နယ်မှ ဗိုလ်မှူးမျိုးသန်းထွန်းနှင့် မြို့နယ်ဥက္ကဋ္ဌ ဦးမြငွေတို့က လမ်းသစ်ကို ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြသည်။ **(အပေါ်ပုံ)** **(မြို့နယ်စည်ပင်)**

သာစည်မြို့နယ် စည်ပင်သာယာရေးအဖွဲ့ သော်ကလမ်း အုတ်မြောင်းအဖြစ် ပြုပြင်မှုကို ဒီဇင်ဘာ ၁၄ ရက်က အမှုဆောင်အရာရှိ ဦးမောင်တိုးနှင့် အငယ်တန်းအင်ဂျင်နီယာ(၂) ဦးကျော်သူအောင်တို့ ကြီးကြပ်ဆောင်ရွက်စဉ်။ (မြို့နယ်ပြန်/ဆက်)

သီလရှင်များအား ပူဇော်ကန်တော့ အဘိုး၊အဘွားများ ပြုစုစောင့်ရှောက်

ထားဝယ် ဒီဇင်ဘာ ၂၇

ထားဝယ်ခရိုင် မိခင်နှင့် ကလေး စောင့်ရှောက်ရေး ကြီးကြပ်ရေးအဖွဲ့ ဥက္ကဋ္ဌ ဒေါ်ဝင့်ဝင့်နိုင်သည် ဒီဇင်ဘာ ၁၉ရက်က ခရိုင် မိခင်နှင့် ကလေး စောင့်ရှောက်ရေး ကြီးကြပ်ရေး အဖွဲ့ဝင်များ၊ ခရိုင်အမျိုးသမီးရေးရာအဖွဲ့မှ တာဝန်ရှိသူများ၊ မြို့နယ်အမျိုးသမီးရေးရာအဖွဲ့၊ မြို့နယ် မိခင်နှင့်ကလေး စောင့်ရှောက်ရေးအသင်း ဥက္ကဋ္ဌနှင့် တာဝန်ရှိသူများ လိုက်ပါလျက် ထားဝယ်မြို့ ရတနာမာန်အောင် သီလရှင်စာသင်တိုက်ရှိ သီလရှင် ၁၀၅ပါးတို့အား ဆွမ်းဆန်၊ ဆီ၊ခေါက်ဆွဲခြောက်ထုပ်များဖြင့် လှူဒါန်း ပူဇော်ကန်တော့ကြသည်။ ဆက်လက်၍ ခရိုင် မိခင်နှင့် ကလေးစောင့်ရှောက်ရေး ကြီးကြပ်ရေးအဖွဲ့ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များသည် ထားဝယ်မြို့ ဘိုးဘွားရိပ်သာသို့ သွားရောက်ပြီး အဘိုး၊အဘွား ၁၇ဦးအား ဆေးဝါးများနှင့် အာဟာရများ ကျွေးမွေး ပြုစုကြသည်။ (က-ပ)

ရွှေဘို အကျဉ်းဦးစီးအတွင်း အန္တရာယ်ကင်းတရားနာကြား၊ အားကစားပြိုင်

ရွှေဘို ဇန်နဝါရီ ၁၀

နှစ်(၆၀)ပြည့် လွတ်လပ်ရေးနေ့ အထိမ်းအမှတ်အဖြစ် ရွှေဘိုခရိုင်ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းနှင့် အကျဉ်းဦးစီးဌာနတို့ ပူးပေါင်းပြီး ရွှေဘို အကျဉ်းဦးစီးအတွင်း အန္တရာယ်ကင်း တရားတော်များ နာကြားခြင်း၊ ဟင်းလျာများ ကျွေးမွေးခြင်း၊အားကစားပြိုင်ပွဲနှင့် ပျော်ပွဲရွှင်ပွဲများ ပြုလုပ်ခြင်း အခမ်းအနားကို ဇန်နဝါရီ ၄ရက် နံနက် ၈နာရီက ရွှေဘိုအကျဉ်းဦးစီးဌာန ခမ်းမှာရုံ၌ ကျင်းပသည်။

ပေးအပ်လှူဒါန်း

အခမ်းအနားတွင် ရွှေဘိုအကျဉ်းဦးစီးရှိ အကျဉ်းသား၊ အချုပ်သားများအား ဟင်းလျာကျွေးမွေးရန် ငွေကျပ် ၇၆၄၇၀၀တန်ဖိုးရှိ စာသောက်ဖွယ်ရာများကို မန္တလေးမြို့မှ အလှူရှင်ဦးမြင့်ဝေမိသားစုက လှူဒါန်းရာ ရွှေဘိုအကျဉ်းဦးစီး တာဝန်ခံအရာရှိ ဦးညွန့်ဝေက လက်ခံယူသည်။

အခမ်းအနားပြီးနောက် အကျဉ်းသား၊ အကျဉ်းသူများကို အားကစားပြိုင်ပွဲများ၊ ပျော်ပွဲရွှင်ပွဲများ ပြုလုပ်ပေးရာ အသင်းဝင်များ၊ အကျဉ်း ဦးစီးဌာနမှ မိသားစုများနှင့် အလှူရှင်များ ကြည့်ရှုအားပေးပြီး ဆုများချီးမြှင့်ကြသည်။ **(က-ပ)**

မြို့နယ်သတင်းများ

ဖြူးမြို့၌ ဇီဝဓာတ်ငွေ့ လျှပ်စစ်ဓာတ်အားပေးစက်ရုံဖွင့်

ဖြူး ဇန်နဝါရီ ၄

ပဲခူးတိုင်း ဖြူးမြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ၏ ဦးဆောင်မှုနှင့် မြို့နယ် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း တွဲဖက်အတွင်းရေးမှူး ဦးကြည်စိုး၏ကြီးကြပ်မှုတို့ဖြင့် ကျေးလက်များ လျှပ်စစ်မီးလင်းရေး စီမံချက်အရ ဖြူးမြို့ နတ်မြင့်ပျံ စပါးခွံသုံးဇီဝဓာတ်ငွေ့စက်ထုတ်လုပ်ရေးမှ ထုတ်လုပ်သော ဇီဝဓာတ်ငွေ့ လျှပ်စစ်ဓာတ်အားပေးစက်ရုံဖွင့်ပွဲ အခမ်းအနားကို ဒီဇင်ဘာ ၃၀ရက် နံနက် ၁၀နာရီက ဖြူးမြို့နယ် ဇီးကုန်းကျေးရွာအုပ်စု မြို့ချောင်းကျေးရွာ၌ လည်းကောင်း**(အောက်ပုံ)**၊ ယင်းနေ့ မွန်းလွဲ ၁နာရီက ကျားသောင်ကျေးရွာအုပ်စု ဇောင်းလျားကုန်းကျေးရွာ၌လည်းကောင်း၊ မြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးတင်ဆွေမြင့်နှင့် မြို့နယ်ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း တွဲဖက်အတွင်းရေးမှူး ဦးကြည်စိုးတို့က အခမ်းအနားကို ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြသည်။ **(၂၈၄)**

ပခုက္ကူမြို့ အမှတ်(၁) မြို့မဈေးကြီး သန့်ရှင်းသာယာလှပရေးအတွက် ဈေးပတ်လည်ရှိ ရေနုတ်မြောင်းများကို ဒီဇင်ဘာ ၂ရက်က ဈေးဝန်ထမ်းများဖြင့် တူးဖော်ဆောင်ရွက်ရာသို့ ဒုတိယဦးစီးမှူး (ဈေး) ဦးအေးထွန်းစိုး ကြီးကြပ်ဆောင်ရွက်စဉ်။ (မြို့နယ်စည်ပင်)

ဟိုပင်-အင်းလေးလမ်း ကျောက်ချောခင်းရန် ကျောက်များစုဆောင်း

မိုးညှင်း ဇန်နဝါရီ ၁

မိုးညှင်းခရိုင် မိုးညှင်းမြို့နယ် စည်ပင်သာယာရေးအဖွဲ့ ကွပ်ကဲမှုအောက်ရှိ ဟိုပင်မြို့နယ် စည်ပင်သာယာရေးအဖွဲ့ ကျေးလက်ဒေသ လမ်းပန်းဆက်သွယ်မှု ကောင်းမွန်စေရေးအတွက် ဟိုပင်-အင်းလေး ကျေးရွာချင်းဆက်လမ်း ကျောက်ချောခင်းရန် ကျောက်များ စုဆောင်းထားရှိမှု အခြေအနေကို ဒီဇင်ဘာ၁၉ရက်က အမှုဆောင်အရာရှိ ဦးကျော်ဆန်းထွန်း ကွင်းဆင်းစစ်ဆေးရာ ဟိုပင်မြို့ တာဝန်ခံ ဦးသိန်းထူးနှင့် တာဝန်ခံအင်ဂျင်နီယာ ဦးအင်န်ခွန်အောင်တို့က ရှင်းလင်းပြသခဲ့ကြောင်း သိရသည်။ **(မြို့နယ်စည်ပင်)**

တာမွေမြို့နယ် မေတ္တာညွန့် နိဗ္ဗာန်လမ်းနေ ဦးညွန့်ဝင်း-ဒေါ်တင်တင်ဝေ(ငွေကမ္ဘာအထည်ချုပ်)နှင့်ဝန်ထမ်းများ စုပေါင်း၍ ရန်ကင်းပြည်သာယာ ရွှေပြည်ဟိန်း ကုသိုလ်ဖြစ် ဆေးခန်းအတွက် ငွေကျပ် တစ်သိန်းတစ် သောင်း နှင့် သား မောင်ဝင်းလွင်(ခေတ္တ-စင်ကာပူ)၏ မွေးနေ့အတွက် ငွေကျပ်ငါးသောင်းကို လှူဒါန်းရာ ရွှေပြည်ဟိန်းဆရာတော်က ဂုဏ်ပြုလွှာပေးအပ်ပြီး တွေ့ရစဉ်။ (က-ပ)

ကျေးရွာချင်းဆက်လမ်း မြင်းခြံ၌ ဖောက်လုပ်

မြင်းခြံ ဇန်နဝါရီ ၅

မြင်းခြံမြို့နယ် စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ ဒုတိယညွှန်ကြားရေးမှူး ဦးလေးလွင်သည် ဒီဇင်ဘာ ၅ ရက်က မြင်းခြံ-တောင်ရှေ့-ကျောက်တန်း ကျေးလက် မြေသားလမ်း ဖောက်လုပ်ခြင်းကို ကွင်းဆင်းစစ်ဆေးရာ လက်ထောက်အင်ဂျင်နီယာ ဦးသန့်ဇင်ထွန်းက အဖွဲ့ပိုင်ယာဉ်၊ စက်ယန္တရားကြီးများဖြင့် ကြီးကြပ်ဆောင်ရွက်မှု အခြေအနေများကို ရှင်းလင်းတင်ပြသည်။ အဆိုပါလမ်းမှာ မြင်းခြံမြို့မှ တောင်ရှေ့ကျေးရွာကိုဖြတ်၍ ကျောက်တန်းကျေးရွာအထိ သုံးမိုင်ရှိပြီး အကျယ် ပေ ၂၀ ကို မြေသားထု နှစ်ပေတင်၍ ဆောင်ရွက်ပေးခဲ့ပြီး ၉၀ ရာခိုင်နှုန်း ပြီးစီးနေပြီဖြစ်ကြောင်း သိရသည်။ **(မြို့နယ်စည်ပင်)**

ဇန်နဝါရီ ၈ရက်က သန်လျင်မြို့နယ် အောင်ချမ်းသာရပ်ကွက်ရှိ မြို့ဦးစက်ပစ်ကွင်းကျောင်းတိုက်ကြီးအတွင်း ဆောက်လုပ်လျက်ရှိသော ဇေယျသုခမင်္ဂလာနှစ်ထပ်ကျောင်းတော် အပေါ်ထပ်ကြမ်းခင်းအားလုံးအတွက် ရွှေကျီး ဦးသန်းထွန်းအား ရည်စူး၍ ရန်ကုန်မြို့ မဟာဗန္ဓုလလမ်းနေ ဒေါ်ညိုညိုမိသားစုက မြို့ဦးစက်ပစ်ကွင်းကျောင်းတိုက်ဆရာတော် မြို့နယ်သံဃနာယကအဖွဲ့ ဒုတိယဥက္ကဋ္ဌ ဘဒ္ဒန္တတေဇထံ ပထမအကြိမ် အလှူတော်ငွေကျပ် သိန်း ၁၄၀ကို ဆက်ကပ်လှူဒါန်းစဉ်။ (က-ပ)

ကြေးပိဋကတ်တော်ပြုလုပ်ရန် အလှူငွေများလှူဒါန်း

ရန်ကုန် ဇန်နဝါရီ ၁၄

ကြေးပိဋကတ်တော် အဘိဓမ္မာပိဋကဝင် ယမကပါဠိတော်ကျမ်း (တတိယအုပ်)အတွက် ကြေးပိဋကတ် တော်ပြုလုပ်လှူဒါန်းရေး ဦးဆောင်ဆရာတော် ဘဒ္ဒန္တဉာဏ(အစိုးရဓမ္မာစရိယ မဟာဂန္ထဝါစကပဏ္ဍိတ)ထံသို့ တောင်ဥက္ကလာပမြို့နယ် ၅ ရပ်ကွက် သရေခေတ္တရာ ၂၄ လမ်း အမှတ် ၆၅၆ နေ မိခင်ကြီး ဒေါ်မြသိန်း၊ သား ဦးတင်ဦး၊ သမီး ဒေါ်စန်းစန်းဝေတို့အားရည်စူး၍ ဦးစံသိန်းနှင့် သားသမီးတစ်စု၊ သာကေတ မြို့နယ် ၃ ရပ်ကွက် ရန်ပြေ ၁၈ လမ်းအမှတ် ၂၆ နေ ဦးသန်းဇော်ဦး-ဒေါ်သန္တာစိုး၊ မြောက်ဥက္ကလာပမြို့နယ်၄-ရပ်ကွက် ဣန္ဒာ ၁၀ လမ်း အမှတ် ၇၄၁ နေ ဒေါ်အေးသိန်း၊ ရန်ကင်းရန်ရှင်းလမ်း အမှတ်၃၄၃/၂၀နေ ဘွားဘွားဒေါ်ရင်ရင်မြင့်(ခ)ဒေါ်မြင့်မြင့်အား ရည်စူး၍ မြေးများဖြစ်ကြသော မောင်ထူးဇင်မိုး၊မောင်ထူးလွင်တိုး၊ မောင်သာထွန်းအောင်၊ တိုက်ကြီးမြို့နယ် ခုနှစ်ကျိုက်ကျေးရွာနေ ဦးမြဟန်-ဒေါ်သိန်းလှိုင်၊ စမ်းချောင်းမြို့နယ် ချမ်းသာလမ်း အမှတ် ၅နေ ဆရာကြီး သခင်ကိုယ်တော်မှိုင်းနှင့် မိဘနှစ်ပါးအားရည်စူး၍ ဒေါ်မြမြအေး ပန်းဘဲတန်းမြို့နယ် ၂၈လမ်း အထက် အမှတ် ၁၉၃ နေ မိဘများဖြစ်ကြသော ဦးဟိန်-ဒေါ်ရင်တို့အားရည်စူး၍ သမီး ဒေါ်ကျင်လှနှင့်ညီမများ၊ သဃ်န်းကျွန်းမြို့နယ် လေးထောင့်ကန်ရပ်ကွက်ပြည်တော်သာလမ်း အမှတ် ၇၅ နေ ဦးကျော်အေး-ဒေါ်ပြုံးချို၊ ကျောက်တံတားမြို့နယ်၃၉လမ်း ပထမထပ်၊ အမှတ် ၁၁၀ နေ ဘဝနတ်ထံ ပုံ့လွန်တော်မူသော နာယက ဆရာတော် ဦးသုနန္ဒာအား ရည်စူး၍ ဦးကျော်ညွန့်နှင့် မောင်နှမတစ်စု၊ ရန်ကင်း ပါရမီရိပ်သာ စပယ်ရုံလမ်း အမှတ် ၆၅၈ နေ ဦးခင်မောင်ဦး ပါရမီရိပ်သာ စပယ်ရုံလမ်း အမှတ် ၆၅၈ နေ ဦးကျော်စိုး၊ ရန်ကင်းရန်ရှင်းလမ်း အမှတ် ၃၄၃/၂၀ နေဦးဝင်းဖေမြင့်၊ ဦးတင်မောင်မြင့်-ဒေါ်ရင်ရင်မြင့် (ခ)ဒေါ်မြင့်မြင့်တို့အား ရည်စူး၍ ကျန်ရစ်သူ သားသမီးများဖြစ်ကြသော ဒေါ်တင်တင်မြင့်၊ ဒေါ်စောယုမြင့်၊ ဦးဝင်းဖေမြင့်၊ ဦးတင်ထွဋ်မြင့်၊ ဦးသန်းထွဋ်မြင့်တို့အားရည်စူး၍ ကျန်ရစ်သူ ညီအစ်ကိုမောင်နှမများဖြစ်ကြသောဒေါ်တင်တင်မြင့်၊ ဒေါ်စောယုမြင့်၊ ဦးဝင်းဖေမြင့်၊ ဦးတင်ထွဋ်မြင့်၊ လှိုင်မြို့နယ် ၁၃ ရပ်ကွက် ဗဟိုလမ်း အမှတ် ၁၇ နေ ဦးသန်းစိုး-ဒေါ်ခင်အေးကြိုင်၊ တောင်ဥက္က လာပမြို့နယ် ငွေကြာရံ ၃/ခ ရှုခင်းသာလမ်း အမှတ် ၁၁ နေ မိခင်ကြီးဒေါ်ခင်ကြည်အား ရည်စူး၍ ရဲမှူးကြီးခင်စိုး(ငြိမ်း)-ဒေါ် ကြည်ကြည်နွဲ့၊ ဗိုလ်မှူးစောအောင်-ဒေါ်နီဇင်စိုး၊သား မောင်ကောင်းသုဟိန်း၊ အလုံမြို့နယ်ကွင်းကျောင်းလမ်း အမှတ်၁၈ နေ ဦးစိုးမြင့်အောင်-ဒေါ်ယဉ်ယဉ်ဆွေ၊ မသီရိထက်၊ မောင်မင်းဟိန်းထက်၊မောင်ကောင်းလင်းထက် မောင်နှမတစ်စုက ကြေးပြားတစ်ချပ်စီ စုစုပေါင်း ၂၁ ချပ်အတွက် ငွေကျပ် ၄၂၀၀၀၀ ကို လှူဒါန်းကြသည်။

လှူဒါန်းနိုင်

အလှူရှင်များ လှူဒါန်းလိုပါကမင်္ဂလာကျောင်းတိုက် ကျောင်းတော်ရာ ရွှေကျင်တိုက် ကိုယ့်မင်းကိုယ့်ချင်းလမ်း ဗဟန်းမြို့နယ် ဖုန်း-၅၄၈၈၀၅၊ ၀၉-၅၁-၉၅၂၀၆ တို့သို့ ဆက်သွယ်လှူဒါန်းနိုင်ကြောင်း သိရသည်။ **(က-ပ)**

ပေါင်းတည်မြို့ ဈေး ၁ ရပ်ကွက် (၆) လမ်း ကတ္တရာလမ်းဖွင့်

ပေါင်းတည် ဇန်နဝါရီ ၉

ပေါင်းတည်မြို့နယ် စည်ပင်သာယာရေးအဖွဲ့ ဆောင်ရွက်လျက်ရှိသော ဈေး ၁ရပ်ကွက်(၆)လမ်း ကတ္တရာလမ်းဖွင့်ပွဲ အခမ်းအနားကို ဒီဇင်ဘာ ၂၈ရက်က အဆိုပါလမ်းသစ်မုခ်ဦး၌ ကျင်းပသည်။

ရှေးဦးစွာ မြို့နယ်စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိက လမ်းနှင့်ပတ်သက်၍ ရှင်းလင်းတင်ပြပြီး ကတ္တရာလမ်းသစ်ကို မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးကိုကိုလွင်နှင့် အမှုဆောင်အရာရှိ ဦးဝင်းမော်တို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြသည်။ **(အပေါ်ပုံ)** (၀၆၄)

ဇန်နဝါရီ ၃ ရက်က တာမွေမြို့နယ် အမက(၂၃)၏ ပညာရေးစုံညီပွဲတော်၊ ၂၀၀၆-၂၀၀၇ ခုနှစ် ပညာရည်ချွန်ဆုပေးပွဲနှင့် ကျောင်းဘက်စုံ ဖွံ့ဖြိုးတိုးတက်ရေးအတွက်အလှူငွေပေးအပ်ပွဲကို အဆိုပါကျောင်း၌ကျင်းပရာ တာမွေကလေး ရပ်ကွက် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ၊ အလှူရှင်များနှင့် ကျောင်းအကျိုးဆောင်အဖွဲ့တို့ လှူဒါန်းသော အလှူငွေကျပ် ၅၀၅၅၀၀ကို ရပ်ကွက်ဥက္ကဋ္ဌ ဦးမြင့်ထွန်းက ကျောင်းအုပ် ဆရာမကြီး ဒေါ်ခင်စိန်မြအား ပေးအပ်လှူဒါန်းစဉ်။ (၁၁၇)

မြို့နယ် သတင်းများ

အရာတော်၌ ဆင်ခြေထောက်ရောဂါကင်းဝေးရေး အသိပညာပေးရှင်းလင်း

အရာတော် ဇန်နဝါရီ ၁

မုံရွာခရိုင် အရာတော်မြို့နယ် ကျန်းမာရေးဦးစီးဌာနက ကြီးမှူးကျင်းပသော ဆင်ခြေထောက်ရောဂါကင်းဝေးရေး လူကုန်ဆေးကျွေးဆောင်ရွက်ပေး လုပ်ငန်းစီမံချက် အသိပညာပေး ရှင်းလင်းပွဲကို ဒီဇင်ဘာ၁၄ရက် နံနက်၁၀နာရီက မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံး အစည်းအဝေးခန်းမ၌ ကျင်းပသည်။

အခမ်းအနားတွင် မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးသိန်းဝင်းက အဖွင့်အမှာစကားပြောကြားပြီး မြို့နယ်ကျန်းမာရေးဦးစီးဌာနမှူး ဒေါက်တာဒေါ်မြင့်မြင့်ခိုင်က ဆင်ခြေထောက်ရောဂါကင်းဝေးရေး၊ လူကုန်ဆေးကျွေးဆောင်ရွက်ပေး လုပ်ငန်းစီမံချက်အသေးစိတ်ကို ရှင်းလင်းပြောကြားပြီး တက်ရောက်လာသူများက သိရှိလိုသည့်အချက်အလက်များကို မေးမြန်းကြရာ ဒေါက်တာဒေါ်မြင့်မြင့်ခိုင်က ပြန်လည်ဖြေကြားခဲ့ကြောင်း သိရသည်။ **(မြို့နယ် ပြန်/ဆက်)**

မလှိုင်မြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ၏ ဦးဆောင်မှုဖြင့် ဆောင်းနေကြာစုပေါင်း စိုက်ပျိုးပွဲကို ဒီဇင်ဘာ ၈ ရက်က မလှိုင်မြို့နယ် ရာသစ်ကျေးရွာ၌ ကျင်းပရာ မိတ္ထီလာခရိုင်ဥက္ကဋ္ဌဦးမြင့်သန်း၊ မြို့နယ်ဥက္ကဋ္ဌ ဦးမျိုးသန်းနှင့် စိုက်/ကြပ်အဖွဲ့ဝင်များက နေကြာမျိုးစေ့များကို တောင်သူများထံ ဖြန့်ဝေပေးစဉ်။ (၄၁၉)

၈၂ ကြိမ်မြောက် သွေးလှူဒါန်း

ရန်ကုန် ဇန်နဝါရီ ၁၄

ရန်ကုန်အရှေ့ပိုင်း ဆေးရုံကြီးမှ အလုပ်သမားမှူး ဦးမြင့်စိုး(အင်္ဂပူ) လူမှုထူးချွန် (ပထမဆင့်)**(အပေါ်ပုံ)** သည် ဒီဇင်ဘာ ၂၄ ရက်က ရန်ကုန်အရှေ့ပိုင်းဆေးရုံကြီး အမျိုးသား သွေးလှူဘဏ်ခွဲတွင် (၈၂)ကြိမ်မြောက် သွေးလှူဒါန်းခဲ့ကြောင်း သိရသည်။**(က-ပ)**

မော်လမြိုင်ခရိုင်အတွင်း ၂၀၀၇-၂၀၀၈ ခုနှစ်တွင် သဘာဝ ရေပြင်များ၌ ငါးသယံဇာတများ ဖွံ့ဖြိုးတိုးတက်စေရန် ရည်ရွယ်၍ သံလွင်မြစ်နှင့် အတ္တရံမြစ်များအတွင်းသို့ ငါးမျိုးစိုက်ထည့်ပွဲကို ဒီဇင်ဘာ ၂၆ ရက်က မော်လမြိုင်မြို့ ဟိုးလ်ဒင်းလီမိတက် အအေးခန်းစက်ရုံအနီးရှိ ရေဆင်းတံတား၌ကျင်းပရာ ခရိုင်ဥက္ကဋ္ဌ ဦးမောင်မောင်နှင့် ခရိုင်စိုက်တိုးမြှင့်အဖွဲ့ဝင်များ၊ ခရိုင်ငါးလုပ်ငန်း ဦးစီးဌာနမှူး၊ မြို့နယ်ငါးလုပ်ငန်းဦးစီးဌာနမှူးများ၊ မြို့နယ်ဥက္ကဋ္ဌ ဦးသိန်းဝင်းနှင့် မြို့နယ်စိုက်တိုးမြှင့်အဖွဲ့ဝင်များ စုပေါင်း၍ ငါးမျိုးစိုက်ထည့်ပေးကြစဉ်။ (၁၆၈)

စဥ့်ကိုင်မြို့ ရဲရွာသစ်ကျေးရွာ၌ ကျပန်းစကားပြောပြိုင်

စဥ့်ကိုင် ဇန်နဝါရီ ၅

စဥ့်ကိုင်မြို့နယ် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနကကြီးမှူး၍ စဥ့်ကိုင်မြို့ ရဲရွာသစ်ကျေးရွာ ခေတ်သစ်စာကြည့်တိုက်၌ ကျပန်း စကားပြောပြိုင်ပွဲကို ဒီဇင်ဘာ ၂၂ ရက် မွန်းတည့် ၁၂ နာရီက ကျင်းပသည်။

ရှေးဦးစွာ မြို့နယ်ဦးစီးမှူးဒေါ်ဝေဝေဖြိုးက ကျပန်းစကားပြောပြိုင်ပွဲ စည်းကမ်းများ ရှင်းလင်းပြောကြားပြီး ပြိုင်ပွဲကိုကျင်းပရာ ပြိုင်ပွဲဝင် မခင်ထွေးဦးက ဖေမြင့်၏ နှလုံးသားအာဟာရစာအုပ်မှ မြို့နှစ်မြို့အကြောင်း ခေါင်းစဉ်ဖြင့်လည်းကောင်း၊ မမြင့်မြင့်အေးက ပီမိုးနင်း၏ ဘဝတိုက်ပွဲဖြင့်လည်းကောင်း၊ မဇာခြည်လွင်က ဖေမြင့်၏ နှလုံးသားအာဟာရ အတွဲ(၂)ဖြင့်လည်းကောင်း၊ မခင်မျိုးလင်းက ဘယ်ရင်ခွင်မှာ မေးစက်မှာလဲ ခေါင်းစဉ်နှင့် မောင်တင်ဆွေဦးက မိုးမခပင်အောက်က မိုးသောက်သံနှင့် ကိုတံငါဝတ္ထုတိုများစသည့် ခေါင်းစဉ်များဖြင့် ပါဝင်ယှဉ်ပြိုင်ကြသည်။

ပေးအပ်ချီးမြှင့်

ထို့နောက် ပထမဆုရ မဇာခြည်လွင်၊ ဒုတိယဆုရ မောင်တင်ဆွေဦးနှင့် တတိယဆုရ မမြင့်မြင့်အေးတို့အား မြို့နယ်ဦးစီးမှူး ဒေါ်ဝေဝေဖြိုး၊ ကျေးရွာဥက္ကဋ္ဌဦးစံလွင်နှင့် အဖွဲ့ဝင်တို့က ဆုများပေးအပ်ချီးမြှင့်ကြသည်။ **(မြို့နယ် ပြန်/ဆက်)**

အဆုတ်ပုံတိုင်းရင်းဆေးတိုက် နှစ်သစ်မင်္ဂလာ ဆုတောင်းလွှာ

အဆုတ်ပုံတိုင်းရင်းဆေးတိုက်မှ ယခင်ထုတ်လုပ်ထားသော စက္ကူတုံဆိပ်အစား ယခုထုတ်လုပ်ပြီးဖြစ်သော အလူမီနီယံပါကင်ထုပ်များကို ဝယ်ယူအားပေးကြသော ရဟန်းရှင်လူ၊ မိဘပြည်သူများ၊ ရောင်းချပေးပါသော အရောင်းကိုယ်စားလှယ်တော်ကြီးများ၊ အဘက်ဘက်မှ ဝိုင်းဝန်းကူညီပံ့ပိုးပေးကြသော ကျေးဇူးရှင်ဆရာများနှင့် မိတ်ဆွေအပေါင်းအသင်းများအားလုံး ၂၀၀၈ခုနှစ် နှစ်သစ်မှာ ဘေးဘယာဝေးကွာ၍ ကိုယ်စိတ်နှစ်ဖြာ ကျန်းမာချမ်းသာကြပါစေကြောင်း၊ စီးပွားလာဘ်လာဘ တိုးပွားကြပြီး သာသနာအကျိုး၊ နိုင်ငံအကျိုးသယ်ပိုးနိုင်ကြပါစေကြောင်း အဆုတ်ပုံဆေးတိုက်မှ ဆုတောင်းမေတ္တာပို့သအပ်ပါသည်။

အဆုတ်ပုံ တိုင်းရင်းဆေးဝါးထုတ်လုပ်ရေး

ပြည်သူ့ စီးပွား ခရီးသွားဖြင့် ဝိုင်းဝန်း မြှင့်တင်ကြပါစို့

ကျေးဇူးဆပ်ပါမည်

ဦးအင်ဟုပ် အသက်(၈၁နှစ်)သည် ၂၆–၁၁–၂၀၀၇ ရက်က ပျောက်သွားပါ၍ တွေ့ရှိသူများ အမှတ်(၂) ရတနာလမ်း၊ ဒညင်းကုန်းရပ်၊ မော်လမြိုင်မြို့သို့အကြောင်းကြားပေးပါရန်။

(ကျေးဇူးဆပ်ပါမည်)
ဖုန်း–၀၅၇–၂၆၈၃၉၊ ၀၅၇–၂၂၁၈၇၊ ၀၉–၅၀–၂၀၅၆၄။

မီး သတိပြု

ရွှေတိဂုံစေတီတော် ဂေါပကအဖွဲ့ ကြော်ငြာစာ

ရွှေတိဂုံစေတီတော် အထက်ပစ္စယာရှိ စေတီရံများသည် လွန်ခဲ့သောငါးနှစ်က ရွှေသင်္ကန်းတော်များ ကပ်လှူပူဇော်ခဲ့သဖြင့် ယခုအခါတွင် ရွှေရောင်များ မှေးမှိန်ပျံ့လွင့်ခဲ့ပြီဖြစ်သောကြောင့် ရွှေသင်္ကန်းတော်အသစ်ကပ်လှူရန် စီမံဆောင်ရွက်နေပါသည်။

ယခင်လှူဒါန်းထားသော အလှူရှင်များသည် ယခုအကြိမ်တွင် ထပ်မံ၍ ကုသိုလ်တော် ပါဝင်လှူဒါန်းလိုပါက ဦးစားပေးဆောင်ရွက်သွားမည်ဖြစ်ပါသဖြင့် ၃၁–၁–၂၀၀၈ရက် နောက်ဆုံးထားပြီး ဂေါပကအဖွဲ့သို့ ဆက်သွယ်လှူဒါန်းပါရန် မေတ္တာရပ်ခံနှိုးဆော်ပါသည်။

(၁၁–၂–၂၀၀၈ရက် ကျော်လွန်ပါက ဂေါပကအဖွဲ့အနေဖြင့် သင့်လျော်သလို စီမံဆောင်ရွက်မည်ဖြစ်ကြောင်း သတင်းကောင်းပါးအပ်ပါသည်။)

ဂေါပကအဖွဲ့။

လှိုက်လှဲစွာ ဝမ်းမြောက်ဂုဏ်ယူခြင်း

ပြည်ထောင်စုမြန်မာနိုင်ငံတော် နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ၏ အမိန့်ကြော်ငြာစာ အမှတ် ၁/၂၀၀၈ ဖြင့် **ဂရိတ်ဝေါဆေးဝါးနှင့် ဆောက်လုပ်ရေးကုမ္ပဏီဥက္ကဋ္ဌ ဦးမောင်မောင်** အား **သုဓမ္မမဏိဇောတဓရ** ဘွဲ့တံဆိပ် ချီးမြှင့်ခြင်း ခံရသည့်အတွက် အထူးဂုဏ်ယူဝမ်းမြောက်မိပါကြောင်းနှင့် နိုင်ငံအကျိုး၊ သာသနာအကျိုးကို ဆတက်ထမ်းပိုးထမ်းဆောင်ရွက်နိုင်ပါစေကြောင်း ဆုမွန်ကောင်းတောင်းအပ်ပါသည်။

ဟုတ်ကျူးစန်းစန်းအသင်း။

ဇီဝမျိုးကွဲတွေကြွယ်စေဖို့ သဘာဝတောတွေ ထိန်းသိမ်းစို့

ဗဟန်းမြို့နယ် ရွှေတောင်ကြားလမ်း အမှတ် ၂၇နေ ဦးမြတ်သိန်း–ဒေါ်ညွန့်ညွန့်ရင်မိသားစုက ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ် အမှတ်(၂) အဝေးပြေး လမ်းမကြီးပေါ်ရှိ ဦးလှထွန်း မေတ္တာရိပ်မွန်(ကင်ဆာ)ဖောင်ဒေးရှင်း အတွင်းလူနာ(ကင်ဆာ) ဗဟိုသို့ အလှူငွေကျပ်တစ်သိန်းလှူဒါန်းရာ ဖောင်ဒေးရှင်း နာယက ဗိုလ်မှူးချုပ်အောဘယ်လ်(ငြိမ်း)က လက်ခံယူစဉ်။(က–ပ)

ပြည်ရွှေဆံတော်စေတီအနောက်ဘက်စောင်းတန်း ပြန်လည်ပြုပြင်မွမ်းမံရေး အလှူငွေပေးအပ်

ပြည် ဇန်နဝါရီ ၈

ပဲခူးတိုင်း(အနောက်ပိုင်း) ပြည်မြို့ သမိုင်းဝင် လေးဆူဓာတ်ပျော် ရွှေဆံတော်စေတီ အနောက်ဘက်စောင်းတန်း ပြန်လည်ပြုပြင်မွမ်းမံရန်အတွက် အလှူငွေပေးအပ်ပွဲ အခမ်းအနားကို ဇန်နဝါရီ ၃ ရက် နံနက် ၉ နာရီက ရွှေဆံတော်ရင်ပြင်တော်ရှိ ဂေါပက အဖွဲ့ရုံး၌ ကျင်းပရာ ပြည်မြို့နေ ဦးကြည်–ဒေါ်ခင်စမ်းဝင်း၊သား ဦးမိုးဇင်–ဒေါ်တင်မာကြူ၊ မြေးဒေါက်တာဗိုလ်မြင့်သိမ်းနိုင်၊ ညီမ မဇင်မိုးကျော် (ပစ်တိုင်းထောင်ဆေးလိပ်ခုံ)မိသားစုတို့က အလှူငွေကျပ် ၂၉ သိန်းကို ပေးအပ်လှူဒါန်းရာ အလှည့်ကျ ဂေါပကအဖွဲ့က လက်ခံယူပြီး ဂုဏ်ပြုမှတ်တမ်းလွှာများပြန်လည်ပေးအပ်သည်။**(အပေါ်ယာပုံ)**

လှူဒါန်းနိုင်

အဆိုပါရွှေဆံတော်စေတီတော်မြတ်ကြီး အနောက်ဘက်စောင်းတန်းကြီး၏ တိုင်လုံးများနှင့် စောင်းတန်းလှေကားများမှာ နှစ်ပေါင်း ၅၀ ကျော်ကြာမြင့်ပြီး ပျက်စီးယိုယွင်းလာသည် ဖြစ်သည့်အတွက် ဆရာတော်ကြီးများ၏ ဩဝါဒကိုခံယူပြီး ပြင်ဆင်ထိန်းသိမ်းခြင်းလုပ်ငန်းများကို စတင်အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိရာ ရပ်ဝေး ရပ်နီး အလှူရှင်များ အနေဖြင့် ဆက်သွယ်လှူဒါန်းလိုပါက ဖုန်း–၀၅၃–၂၅၀၃၅၊ ၀၅၃–၂၅၁၈၀ ဂေါပကအဖွဲ့ရုံး ပြည်မြို့သို့ ဆက်သွယ်လှူဒါန်းနိုင်ကြောင်း သိရသည်။ **(၀၅၇)**

မြန်မာ့အသံ နားဆင်စရာ

၁၃၆၉ ခုနှစ်
ပြာသိုလဆန်း ၉ ရက်
၁၆–၁–၂၀၀၈ (ဗုဒ္ဓဟူးနေ့)

နံနက်ပိုင်း

၀၇း၀၀ တရားတော် (မင်းကွန်းဆရာတော်ကြီး၏ မင်္ဂလသုတ်)

နေ့လယ်ပိုင်း

၁၁း၁၅ စိုက်ပျိုးစွမ်းအား ပြည်ထွန်းကား (ရွှေကျင်မြို့နယ် ရော်ဘာစိုက်ပျိုးထုတ်လုပ်မှုအကြောင်း)

၁၂း၀၀ ယဉ်ကျေးမှုအနုပညာ(အတားအဆီးမရှိပြေးနေသော မီးရထားကြီး–ဒေါ်စောမုံညင်း)

၁၂း၂၅ သူ့အတွေးနှင့် သူ့အရေး (အပြိုင်–ထက်ခေါင်)

၁၂း၃၅ သီချင်းကြီးပဒေသာ
၁။ ခွန်းတောက်အစချီမှုံပြာဝေ ယိုးဒယားသံဆန်း (စောင်း ကပစ ရဲဘော်ဝင်းမောင်)
၂။ ဆယ်ဆယ်ရောင်ဒိန်းသံ– (ခိုင်သန့်စင်)
၃။ နန်းသပြေပင်ညွှန့်အစချီတေးထပ် (အောင်လံသန်းဆွေ)

ညနေပိုင်း

၁၇း၀၀ ခံစားနားဆင်မြန်မာတေးသံစဉ်
(၁) ချစ်စံအိမ် (သက်သက်)
(၂) ကာလပေါ်အချစ်ဇာတ်လမ်းလေး (ဟသ်ာတထွန်းရင်)
(၃) သိပ်ချစ်ဆိုတဲ့စကား တကယ်လား (ပပမြိုင်)

၁၇း၃၀ အစာနှင့်အာဟာရ(ပန်းသီး)

၁၇း၄၅ သူ့လက်သံ(ပဲခူးတိုင်းမှ ဦးတင်မောင်၏ ပတ္တလားလက်သံ)

၁၈း၄၀ စာအုပ်စာပေလူ့မိတ်ဆွေ
၁။ ထူးချွန်ထက်မြက်သော ကျောင်း သားလူငယ်များ ပျိုးထောင်ရန် နည်းလမ်းကောင်းများ (ဦးဝမ်ထိန်)
၂။ စေတနာစကားရသစာစုများ–၂ (ကောင်းသန့်)

၁၉း၁၅ မေတ္တာလက်ဆောင်ရတေးစီးရီး– ချိုကြည်သာတေးသံသွင်းမှ မေတ္တာလက်ဆောင်ပေးပို့သည့် မာရဇ္ဇ၏ မျှော်လင့်ခြင်း လမင်းစီးရီး

၂၀း၃၀ ခံစားနားဆင်မြန်မာတေးသံစဉ်
(၁) အမေ့အိမ် (ခင်နှင်းသက်)
(၂) ချစ်အိပ်မက် (ဟသ်ာတထွန်းရင်)
(၃) မယ်မဒီလိုချစ်ပြချင်တယ် (စိန်စိန်မြိုင်)

မြို့နယ် သတင်းများ

နှစ်(၆၀)ပြည့် လွတ်လပ်ရေးနေ့ကို ဂုဏ်ပြုသောအားဖြင့် နတ်မောက်မြို့နယ် စည်ပင်သာယာရေးအဖွဲ့ ၂၀၀၇–၂၀၀၈ ဘဏ္ဍာရေးနှစ် မြို့ပြကျောက်ချောလမ်းသစ်ဖွင့်ပွဲကို ဒီဇင်ဘာ၂၉ရက်က ကျင်းပရာ မြို့နယ်ဥက္ကဋ္ဌ ဦးသန်းကိုနှင့် အမှုဆောင်အရာရှိ ဦးကံချွန်တို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြစဉ်။

(မြို့နယ်စည်ပင်)

ဝေါမြို့နယ် စည်ပင်သာယာရေးအဖွဲ့ ကျေးလက်ဒေသလမ်းပန်းဆက်သွယ်မှု ကောင်းမွန်ရေး ဆောင်ရွက်လျက်ရှိရာ ညောင်ခါးရှည်ကျေးရွာ အဝင်လမ်း ဂဝံခင်းခြင်းဆောင်ရွက်မှုကို အမှုဆောင်အရာရှိ ဦးစောရွှေနှင့် အငယ်တန်း အင်ဂျင်နီယာ(၂)ဦးပြည်ထွန်းတို့ ကြီးကြပ်ဆောင်ရွက်စဉ်။ (မြို့နယ် စည်ပင်)

ပြည်သူ့သဘောထား

★ တည်ငြိမ်မှုကို လိုလားသည်

★ အေးချမ်းမှုကို လိုလားသည်

★ ဆူပူအကြမ်းဖက်မှုကို မလိုလား

ဗိုလ်မိနိုင်ငံ၏ လွတ်လပ်ရေးနှင့် အချုပ်အခြာအာဏာကို အမျိုးသားရေးတာဝန်တစ်ရပ်အဖြစ် ခံယူစောင့်ထိန်း စည်းလုံးညီညွတ်မှုဖြင့် ဆက်လက်ပါဝင်ထမ်းဆောင်

ရန်ကုန် ဇန်နဝါရီ ၁၄

ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးအသင်း နှစ်ပတ်လည်သင်းလုံးကျွတ်အစည်းအဝေး(၂၀၀၇) ဂုဏ်ပြုဇာတ်လမ်းဖြစ်သော **"ကြယ်စင်သက်သေ"** ဗီဒီယိုဇာတ်လမ်းတွင် ပါဝင်ကူညီခဲ့ကြသည့် ရုပ်ရှင်၊ ဗီဒီယိုနှင့် ဂီတအနုပညာရှင်၊ အတတ်ပညာရှင်များအား ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးအသင်းက ဂုဏ်ပြုညစာစားပွဲဖြင့် တည်ခင်းဧည့်ခံသည့် အခမ်းအနားကို ယမန်နေ့ ညနေ ၆ နာရီတွင် ရန်ကုန်မြို့ ကန်တော်ကြီး ကရဝိက်နန်းတော်ရှိ ဥတ္တရဆောင်၌ ကျင်းပရာ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း ဗဟိုအတွင်းရေးမှူး ပြန်ကြားရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ဆန်း တက်ရောက်၍ ဂုဏ်ပြုအမှာစကားပြောကြားသည်။

တက်ရောက်

အဆိုပါ ဂုဏ်ပြုညစာစားပွဲသို့ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးအသင်း ဗဟိုအတွင်းရေးမှူး ဆက်သွယ်ရေး၊ စာတိုက်နှင့် ကြေးနန်းဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်သိန်းဇော်၊ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း ဗဟိုအလုပ်အမှုဆောင်

စာမျက်နှာ ၈ ကော်လံ ၁ ●

ပေးအပ်ချီးမြှင့်

ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း ဗဟိုအတွင်းရေးမှူး ပြန်ကြားရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ဆန်း "ကြယ်စင်သက်သေ" **ဂုဏ်ပြုဇာတ်လမ်းတွင် ပါဝင်ကူညီခဲ့သည့် သရုပ်ဆောင် အကယ်ဒမီလွင်မိုးအား ဂုဏ်ပြုမှတ်တမ်းလွှာနှင့် ဂုဏ်ပြုဆုငွေများ ပေးအပ်ချီးမြှင့်စဉ်။**

(သတင်းစဉ်)

နိုင်ငံရေး ဦးတည်ချက်(၄)ရပ်

- နိုင်ငံတော် တည်ငြိမ်ရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေး
- အမျိုးသား ပြန်လည် စည်းလုံးညီညွတ်ရေး
- ခိုင်မာသည့် ဖွဲ့စည်းပုံ အခြေခံ ဥပဒေသစ် ဖြစ်ပေါ်လာရေး
- ဖြစ်ပေါ်လာသည့် ဖွဲ့စည်းပုံ အခြေခံ ဥပဒေသစ်နှင့်အညီ ခေတ်မီ ဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ်တစ်ရပ် တည်ဆောက်ရေး

စီးပွားရေး ဦးတည်ချက်(၄)ရပ်

- စိုက်ပျိုးရေးကိုအခြေခံ၍ အခြားစီးပွားရေး ကဏ္ဍများကိုလည်း ဘက်စုံ ဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
- ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာ ဖြစ်ပေါ်လာရေး
- ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့် အရင်းအနှီးများဖိတ်ခေါ်၍ စီးပွားရေးဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
- နိုင်ငံတော် စီးပွားရေး တစ်ရပ်လုံးကို ဖန်တီးနိုင်မှုစွမ်းအားသည် နိုင်ငံတော်နှင့် တိုင်းရင်းသားပြည်သူတို့၏လက်ဝယ်တွင်ရှိရေး

လူမှုရေး ဦးတည်ချက်(၄)ရပ်

- တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တမြင့်မားရေး
- အမျိုးဂုဏ် ဇာတိဂုဏ် မြင့်မားရေးနှင့် ယဉ်ကျေးမှုအမွေအနှစ်များ၊ အမျိုးသားရေးလက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး
- မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေး
- တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး

ဆောင်းချမ်းစိမ့်စိမ့်

၁၄–၁–၂၀၀၈

လွိုင်လင်	မိုးကုတ်
၀ ဒီဂရီစင်တီဂရိတ်	၄ ဒီဂရီစင်တီဂရိတ်
နမ့်စန်	**အမ်း**
၄ ဒီဂရီစင်တီဂရိတ်	၄ ဒီဂရီစင်တီဂရိတ်

★ မိုးလုံးပြည့် မုသာဝါဒီတွေ တိုင်းပြည်ပျက်အောင် လုပ်နေသည်

★ BBC ညာနေသည်

VOA လိမ်နေသည်

RFA ရန်တိုက်ပေးနေသည်

★ အဲဒီ ဝေသာလီပုဏ္ဏား(ကုန်းချောသွေးထိုးသူ)များ မယုံလေနဲ့ သတိထား

15-1 (20) 1 1/15/08, 2:23 AM